# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


> **ငြိမ်းအေးသောစိတ်ရှိ**
>
> အာသဝေါကုန်ပြီးသော ရဟန္တာသည် တစ်စုံတစ်ယောက်အား စိတ်ဆိုးခြင်း၊ အမျက်ထွက်ခြင်းမရှိ၊ ငြိမ်သက်သောဣန္ဒြေ၊ ငြိမ်းအေးသော စိတ်ရှိကုန်၏။ မည်သို့သော အခြေအနေတွင် မည်သည့်အဖြစ်မျိုးနှင့် ကြုံတွေ့ရသည်ဖြစ်စေ၊ မိမိ၏ အတိတ်သံသရာက ပါလာသော ဝဋ်ကြွေး ကြောင့်ဟု ခံယူလိုက်လျှင် စိတ်ချမ်းသာရာရ၏။
>
> **အရဟန္တဝဂ်(ဓမ္မပဒ-၉၆)**


၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက် | ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာ ၁ ရက်၊ ကြာသပတေးနေ့ | အတွဲ (၅၈)၊ အမှတ် (၀၃၂)




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ထံ မြန်မာနိုင်ငံဆိုင်ရာ နိုင်ဂျီးရီးယားဖက်ဒရယ် သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ အာမက် နိုဘူ ဘာမလီ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ သတင်းစဉ်

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ထံ နိုင်ဂျီးရီးယားဖက်ဒရယ် သမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

**နေပြည်တော် အောက်တိုဘာ ၃၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ထံ မြန်မာနိုင်ငံဆိုင်ရာ နိုင်ဂျီးရီးယားဖက်ဒရယ် သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ အာမက် နိုဘူ ဘာမလီသည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ် ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်တို့ တက်ရောက်ကြသည်။

**သတင်းစဉ်**




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေး ညှိနှိုင်းအစည်းအဝေး တက်ရောက်

**ရန်ကုန် အောက်တိုဘာ ၃၁**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ နံနက်ပိုင်းတွင် ဆေးတက္ကသိုလ်(၁) (ရန်ကုန်) အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ရှေးဦးစွာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဆေးတက္ကသိုလ်(၁) (ရန်ကုန်) ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က အမှာစကားပြောကြားရာ၌ ရန်ကုန်ပြည်သူ့ဆေးရုံကြီးအား မြန်မာနိုင်ငံတွင် စံပြဆေးရုံကြီးတစ်ခုဖြစ်စေရေးအတွက် တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေးနှင့် အဆင့်မြှင့်တင်ရေးလုပ်ငန်းစီမံကိန်းများကို ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလတွင် လွှတ်တော်မှ အတည်ပြုဆုံးဖြတ်ပေးခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပါကြောင်း။


*စာမျက်နှာ ၄ ကော်လံ ၁* ✳


## လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော် အောက်တိုဘာ ၃၁**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှလေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ အရှေ့ဘက်မှလေပြင်းများ တိုက်ခတ်စဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၈ ပေခန့် ရှိနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မိုး/၉လ**

## ရန်ကုန်-မီလန် တိုက်ရိုက်လေကြောင်းခရီးစဉ် စတင်ပြေးဆွဲခြင်းအထိမ်းအမှတ် အီတလီနိုင်ငံသား ကမ္ဘာလှည့်ခရီးသည်များအား ကြိုဆို


စာ » ၁၄


## ဒုက္ခသည်စီးဝင်မှုကို တားဆီးသွားမယ့် အမေရိကန်


စာ » ၁၅



KBZ BANK
STRENGTH OF MYANMAR

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# စိတ်ရှည် အမြော်အမြင်ကြီးရမည့် ကမ္ဘာ့ငြိမ်းချမ်းရေး

မြန်မာနိုင်ငံတွင် ပြီး ၂၀၁၆ ၌ ရာစုနှစ်ဝက်ကျော် ကာလအတွင်း ပထမဆုံး ပြည်သူလူထု ရွေးချယ်တင်မြှောက်သော အရပ်သားစစ်စစ် ကိုယ်စားလှယ်အများစုဖြင့် ဖွဲ့စည်းသည့် ပြည်သူ့အစိုးရသစ်တစ်ရပ် ပေါ်ပေါက်၏။

ပြည်သူ့အစိုးရသစ်သည် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ခက်ခက်ခဲခဲ ဇွဲနပဲဖြင့် ရောက်လာခဲ့သော အစိုးရတစ်ရပ်ဖြစ်ပါသည်။ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး မှောင်ကြီးကျနေခဲ့သော ခေတ်ဆိုး ခေတ်ကျပ်ကာလ ရှည်ကြီးကို ပြည်သူလူထုနှင့်အတူ လက်တွဲကာ တိုက်ပွဲဝင်ခဲ့သော အစိုးရဖြစ်ပါသည်။

ယနေ့ပြည်သူ့အစိုးရတွင် ပါဝင်နေသည့် ခေါင်းဆောင်များနှင့် ပြည်သူအများစုတို့သည် နိုင်ငံတော်ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်၊ ဒီမိုကရေစီ ပွင့်လန်းရေးအတွက်၊ လူ့အခွင့်အရေးအတွက် မိမိတို့၏ အသက်များကို စွန့်လွှတ်ဖို့ ဝန်မလေးခဲ့။ ကိုယ်ကျိုးစီးပွားစည်းစိမ်ဥစ္စာများကို စွန့်လွှတ်ဖို့ ဝန်မလေးခဲ့။ ကိုယ်ရေးကိုယ်တာနှင့် မိမိတို့၏ မိသားစုများကို နောက်တန်းမှာထားဖို့ ဝန်မလေးခဲ့ကြသူများ ဖြစ်ပါ၏။

ထို့ကြောင့်လည်း ရွေးကောက်ပွဲမှာ ပြည်သူတို့၏ အင်တိုက်အားတိုက်ထောက်ခံမှုဖြင့် အပြတ်အသတ်နိုင်ခဲ့ပြီး အစိုးရဖွဲ့စည်းနိုင်ခဲ့ခြင်းဖြစ်ပါသည်။

ယနေ့ကာလကဲ့သို့ ပြည်သူ့အစိုးရအဖွဲ့တစ်ခုကို မမျှော်မှန်းနိုင်သေးသည့် ဘဝမှာကတည်းက နိုင်ငံရေးခေါင်းဆောင်တို့သည် နိုင်ငံ၏ ရေရှည်အကျိုးစီးပွားကို ရည်ရွယ်၍ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ အာဃာတနှင့် လက်စားမချေရေး၊ တရားဥပဒေစိုးမိုးရေး၊ တိုင်းပြည် မှန်မှန်ကန်ကန် ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော် အမှန်တကယ် ငြိမ်းချမ်းရေး စသည့် မူဝါဒနှင့် လုပ်ငန်းစဉ်များကို ခိုင်ခိုင်မာမာရေးဆွဲပြီး ရပ်တည်ခဲ့၏။ အဆိုပါ ရပ်တည်ချက်အတိုင်းလည်း အထူးတလည်နှင့် အစဉ်တစိုက် စိတ်ရှည်လက်ရှည် ဆောင်ရွက်အကောင်အထည်ဖော်လာခဲ့သည့် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို တန်ဖိုးထားသော အစိုးရဖြစ်၏။

သို့သော်လည်း ယခုအခါ၊ နိုင်ငံတကာအဝန်းအဝိုင်းမှ အချို့သောသူများက ပြည်သူ့အစိုးရ၏ ကြိုးပမ်းအားထုတ်မှုများကို မသိကျိုးကျွန်ပြုကာ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးဆန့်ကျင်သူများအဖြစ် ပြင်းပြင်းထန်ထန် ပြစ်တင်နေခြင်းတို့ကို မြင်တွေ့ကြားသိနေရ၏။ ဤသည်မှာ နိုင်ငံတကာအဝန်းအဝိုင်းအနေဖြင့် မြန်မာနိုင်ငံတွင်း ဒီမိုကရေစီပွင့်လင်းတိုးတက်ရေး၊ လူ့အခွင့်အရေး ပိုမိုမြင့်မားရေးတို့ကို အမှန်တကယ် လိုလားသည်လား၊ မြန်မာနိုင်ငံတွင်း ပြဿနာများကို ဝိုင်းဝန်းဖြေရှင်းလိုသည့် မိတ်ဆွေကောင်းတို့တွင် ရှိအပ်သည့် သဘောဆန္ဒ အမှန်တကယ်ရှိပါရဲ့လား စသည်တို့ကို သံသယရှိဖွယ် ဖြစ်နေ၏။

ထိုမျှမက ကုလသမဂ္ဂအထွေထွေညီလာခံ၌ နိုင်ငံတကာ အချက်အလက်ရှာဖွေရေးအဖွဲ့ဥက္ကဋ္ဌက မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးတွင် စိတ်ရှည်မှုသည် လမ်းကြောင်းသွေဖည်ရန် နည်းလမ်းရှာနေသူများအတွက်သာ အကူအညီပေးနိုင်လိမ့်မည်ဟု ပြောကြားခြင်းသည် လွန်စွာအမြော်အမြင်နည်းပါးပြီး ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေးနှင့် မအပ်စပ်လှသော အဆိုဖြစ်ပါသည်။

မြန်မာနိုင်ငံက နိုင်ငံတကာဆက်ဆံရေး၌ ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုလားသည့်ဆန္ဒအစဉ်ရှိခဲ့ပြီး ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်ဖြစ်သူ **Ms. Christine Schraner Burgener** ကို ကြိုဆိုခဲ့ပြီး သူတာဝန်ယူသည့် ကာလအတွင်း ပြည်တွင်းက ကူညီလုပ်ဆောင်ပေးရန် ရှိသည်များကိုလည်း ကူညီစီစဉ်ပေးခဲ့၏။

အထူးကိုယ်စားလှယ်က ၎င်း၏ခရီးစဉ်အပြီး ၂၀ အောက်တိုဘာ ၂၀၁၈ ထုတ်ပြန်ချက်တွင် တာဝန်ခံမှုနှင့် အားလုံးပါဝင်သည့် ဆွေးနွေးမှုတို့ကို မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အဓိကမဏ္ဍိုင် ၂ ရပ်အဖြစ် ဖော်ပြခဲ့ပြီး စိတ်ရှည်မှုနှင့် ယုံကြည်မှုတည်ဆောက်ရေးတို့ လိုအပ်ကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပြည်တွင်း၌ ဆက်လက်အဖြေရှာနိုင်ရေးအတွက် အကူအညီပေးအပ်သွားမည်ဟုလည်း ပြောကြားသွားခဲ့ပါသည်။

မြန်မာနိုင်ငံအစိုးရဘက်က အထူးကိုယ်စားလှယ်၏ ပြောကြားချက်ကို ကြိုဆိုခဲ့ပြီး တိုင်းပြည်တွင် နှစ်ရှည်ကြာ နက်ရှိုင်းစွာ အမြစ်တွယ်နေသည့် ဘက်ပေါင်းစုံက ပြဿနာပေါင်းစုံကို ရုတ်တရက် ချက်ချင်းကာလတိုအတွင်း ဖြေရှင်းနိုင်မည်မဟုတ်ဘဲ စိတ်ရှည်စွာ ဖြေရှင်းရမည်ဟူသည့် အထူးကိုယ်စားလှယ်၏ ပြောကြားချက်ကို အပြည့်အဝသဘောတူခဲ့သည်ဟု ကုလသမဂ္ဂဆိုင်ရာ မြန်မာနိုင်ငံ အမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးဟောက်ဒိုဆွမ်းက ပြောကြားလိုက်သည်ကို သိရှိခဲ့ရပါသည်။

မြန်မာနိုင်ငံ၏ လက်ငင်းအနေအထားများအရ ပြည်ပက ပြင်းထန်သည့် ဖိအားပေးမှုများသည် လက်ရှိနိုင်ငံရေး ပြဿနာများကို ပိုမိုဆိုးရွားစေမည်ဖြစ်ပြီး ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကိုပါ ထိခိုက်စေမည်ဟု ထင်မြင်မိပါသည်။

ကမ္ဘာ့ငြိမ်းချမ်းရေး လူသားတို့၏ အခွင့်အရေးနှင့် ဒီမိုကရေစီ အခွင့်အရေးတို့ကို တန်ဖိုးထားကာ တည်ဆောက်ရမည့် ကုလသမဂ္ဂကဲ့သို့သော အဖွဲ့အစည်း၏ ခေါင်းဆောင်တို့သည် အမြော်အမြင်ကြီးကြီး စိတ်ဓာတ်တည်ကြည်ခိုင်မာသည့် အယူအတွေးတို့ဖြင့် တာဝန်ယူဆောင်ရွက်ကြရန်လိုပါမည်။

မြန်မာနိုင်ငံ တိုင်းရင်းသားပြည်သူလူထုအများစုက ရွေးချယ်တင်မြှောက်ထားသည့်အစိုးရအနေဖြင့်မူ ချမှတ်ထားသည့် မူဝါဒများအတိုင်း ပြည်တွင်းပဋိပက္ခများကို တည်တည်ငြိမ်ငြိမ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားခြင်းသည်သာ အမှန်ကန်ဆုံး လမ်းစဉ်ဖြစ်မည်ဟု ယုံကြည်ပါကြောင်း။ ။

## မိုင်းရယ်မြို့နယ်လုံးကျွတ် စုပေါင်းဆွမ်းဆန်စိမ်းလောင်း

မိုင်းရယ် အောက်တိုဘာ ၃၁

ပထမအကြိမ် မိုင်းရယ်မြို့နယ်လုံးကျွတ် စုပေါင်းဆွမ်းဆန်စိမ်းလောင်းလှူပွဲကို အောက်တိုဘာ နောက်ဆုံးပတ်က ကျင်းပရာ ကျောင်းတိုက် ၁၇ တိုက်မှ သံဃာတော်နှင့် သီလရှင်စုစုပေါင်း အပါး ၅၂၀ ကြွချီအလှူခံခဲ့ပြီး ဒေသခံပြည်သူ စုစုပေါင်း ၂၅၀၀ ကျော်ခန့် က ဆွမ်းဆန် နှင့်အခြားလှူဖွယ် ပစ္စည်းများ စုစုပေါင်း တန်ဖိုးငွေကျပ်သိန်း ၂၆၀ ကျော် လှူဒါန်းခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)




## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း အမေရိကန်နိုင်ငံ သံအမတ်ကြီး မစ္စတာ စကော့မာစီရယ်လ်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၃၁**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီး မစ္စတာ စကော့မာစီရယ်လ်နှင့်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**



ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၃ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်မှ အဆင်သင့်ပြင်ဆင်ထားရှိသည့် အခြေအနေများ၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ ပိုမိုတိုးတက် ကောင်းမွန်စေရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်နှင့် နိုင်ငံရေးပါတီများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပြီး အမေရိကန်သံအမတ်ကြီးက အမေရိကန်နိုင်ငံအနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ရွေးကောက်ပွဲများ ပွင့်လင်းမြင်သာမှုဖြင့် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းကို အသိအမှတ်ပြုပါကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက်လည်း ဆက်လက်ကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲသို့ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးစိုးရယ်၊ ဦးထွန်းခင်၊ ဦးလှတင့်၊ ဦးသန်းဋ္ဌေးနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



## ရွေးကောက်ပွဲဆိုင်ရာစုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခွင့်ဆိုင်ရာတို့နှင့် စပ်လျဉ်း၍ ထပ်မံအသိပေးထုတ်ပြန်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၁၅၃/ ၂၀၁၈)**
**၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်**
**( ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက် )**
**ရွေးကောက်ပွဲဆိုင်ရာစုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခွင့်ဆိုင်ရာတို့နှင့် စပ်လျဉ်း၍ ထပ်မံအသိပေးထုတ်ပြန်ကြေညာခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအတွက် မဲဆွယ်စည်းရုံးခွင့်ကာလကို ရက်ပေါင်း ၆၀ ( **၃. ၉. ၂၀၁၈ ရက်နေ့ နံနက် ၀၆း၀၀ နာရီ မှ ၁. ၁၁. ၂၀၁၈ ရက်နေ့ ည ၁၂း၀၀ နာရီ အထိ)** ဆောင်ရွက်ကြပါရန် ၂၄. ၈. ၂၀၁၈ ရက်စွဲပါ ကြေညာချက်အမှတ် ( ၁၂၀/ ၂၀၁၈) ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ ရွေးကောက်ပွဲ တည်ငြိမ်အေးချမ်းအောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် မဲဆန္ဒရှင်ပြည်သူလူထုအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးဦးအား လွတ်လပ်စွာ ဆန္ဒပြုနိုင်ရန်အလို့ငှာ **၁. ၁၁. ၂၀၁၈ ရက်နေ့ ည ၁၂း၀၀ နာရီအချိန်မှ ၃. ၁၁. ၂၀၁၈ ရက်နေ့ ရွေးကောက်ပွဲ ကျင်းပပြီးသည်အထိ** ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းတို့ကို ရပ်နားထားရမည်ဖြစ်ပါသည်။

၃။ မဲဆွယ်စည်းရုံးသည့် ကြော်ငြာ/ ပိုစတာများကို မဲဆွယ်စည်းရုံးခွင့်ပြုထားသည့် နောက်ဆုံးရက် ၁. ၁၁. ၂၀၁၈ ရက်နေ့ ည ၁၂း၀၀ နာရီ အချိန် နောက်ဆုံးထား၍ ဖြုတ်သိမ်းပေးရမည်ဖြစ်ပါသည်။ သတ်မှတ်အချိန်ထိ မဲဆွယ်စည်းရုံးသည့် ကြော်ငြာ/ ပိုစတာများ ဖြုတ်သိမ်းထားခြင်း မရှိပါက မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် သက်ဆိုင်ရာ မြို့တော်စည်ပင်သာယာရေးကော်မတီသို့မဟုတ် မြို့နယ်စည်ပင်သာယာရေး ကော်မတီများနှင့် ညှိနှိုင်း၍ ကြော်ငြာ/ ပိုစတာများအား ဖြုတ်သိမ်းသွားစေမည်ဖြစ်သည်။ ယင်းသို့ ကြော်ငြာ/ ပိုစတာ ဖြုတ်သိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ရသည့် ကုန်ကျစရိတ်ကျသင့်ငွေအား သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းမှ ပြန်လည်ပေးချေရန် တာဝန်ရှိမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်



## နေပြည်တော်စည်ပင်ဘဏ်လီမိတက် သတ္တမမြောက် တပ်ကုန်းဘဏ်ခွဲဖွင့်

**နေပြည်တော် အောက်တိုဘာ ၃၁**

နေပြည်တော် စည်ပင်သာယာရေးကော်မတီ နေပြည်တော်စည်ပင်ဘဏ်လီမိတက် တပ်ကုန်းဘဏ်ခွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က နေပြည်တော် တပ်ကုန်းမြို့ ဗိုလ်မင်းရောင်ရပ်ကွက်၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ကော်မတီဝင်များ၊ အမြဲတမ်းအတွင်းဝန်၊ ဌာနကြီးမှူးများ၊ ဌာနမှူးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် နေပြည်တော်စည်ပင်ဘဏ်လီမိတက်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

နေပြည်တော်စည်ပင်သာယာရေး ကော်မတီဝင် (၁) ဦးအေးမြင့်၊ ကော်မတီဝင်(၄) ဦးမင်းသိမ်းနှင့်အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ယခုဖွင့်လှစ်သည့်ဘဏ်ခွဲသည် နေပြည်တော်စည်ပင်ဘဏ်လီမိတက်၏ သတ္တမမြောက်ဘဏ်ခွဲဖြစ်ကာ မြို့ပြနှင့်ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်၊ လုပ်ငန်းများတိုးချဲ့ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နိုင်ရန်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဈေးများ၊ ဌာနအောက်ရှိဈေးများမှ ဈေးဆိုင်ခန်းရှင်များအား ချေးငွေများထုတ်ချေးခြင်း၊ လုပ်ငန်းရှင်များအား ချေးငွေထုတ်ချေးခြင်း၊ နေပြည်တော်ကောင်စီနယ်နိမိတ်အတွင်း ဝန်ကြီးဌာန၊ ဦးစီးဌာနများတွင် တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းများအား ဝန်ထမ်းချေးငွေထုတ်ချေးခြင်းနှင့် နိုင်ငံတော်၏ စီမံကိန်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန်နှင့် လုပ်ငန်းလည်ပတ်မှု အဆင်ပြေချောမွေ့စေရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာန၊ ဦးစီးဌာနအလိုက် တင်ဒါအောင်မြင်သော ကုမ္ပဏီများသို့ စီမံကိန်းချေးငွေကို ထုတ်ချေးခြင်းတို့ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ ဗင်နီဇွဲလားဘိုလီဗာရီယန်နိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

**နေပြည်တော် အောက်တိုဘာ ၃၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ မြန်မာနိုင်ငံဆိုင်ရာ ဗင်နီဇွဲလား ဘိုလီဗာရီယန်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဟိုလ်ဟေ ရှမ်ဒမ် ဥဇ်ကတယ်ဂီသည် ယနေ့ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏ သံအမတ် ခန့်အပ်လွှာကို ပေးအပ်သည်။

**တက်ရောက်**

အဆိုပါ သံအမတ် ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်တို့ တက်ရောက်ကြသည်။

**သတင်းစဉ်**



**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ မြန်မာနိုင်ငံဆိုင်ရာ ဗင်နီဇွဲလား ဘိုလီဗာရီယန်နိုင်ငံ သံအမတ်ကြီး မစ္စတာ ဟိုလ်ဟေ ရှမ်ဒမ် ဥဇ်ကတယ်ဂီ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။** သတင်းစဉ်

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း
## မြန်မာနိုင်ငံဆိုင်ရာ နယူးဇီလန်နိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၃၁**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မြန်မာနိုင်ငံဆိုင်ရာ နယူးဇီလန်နိုင်ငံ သံအမတ်ကြီး H. E. Mr. Steve Marshall အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

ထိုသို့တွေ့ဆုံစဉ် မြန်မာ-နယူးဇီလန် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရေး၊ လွှတ်တော်ဆိုင်ရာလုပ်ငန်းစဉ်များနှင့် ဥပဒေပြုရေးကိစ္စရပ်များ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ဝန်ထမ်းများအတွက် စွမ်းရည်မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**





# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်
## မြန်မာနိုင်ငံဆိုင်ရာ နယူးဇီလန်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၃၁**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် မြန်မာနိုင်ငံဆိုင်ရာ နယူးဇီလန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Steve Marshall အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၊ ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုဆိုင်ရာကိစ္စရပ်များတွင် လွှတ်တော်မှ ပါဝင်ဆောင်ရွက်နေမှုများ၊ လွှတ်တော်၏ ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



# ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးထွန်းထွန်းဟိန်
## ဗြိတိန်နိုင်ငံတရားရုံးချုပ်၊ တရားသူကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၃၁**

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ ဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်သည် ဗြိတိန်နိုင်ငံတရားရုံးချုပ်၊ တရားသူကြီး Rt. Hon Lord Carnwath ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ရုံးခန်း၌ လက်ခံတွေ့ဆုံသည်။ (ဝဲပုံ)

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် ဗြိတိန်-မြန်မာနှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာလွှတ်တော်များ၏ ဥပဒေပြုရေးလုပ်ငန်းစဉ်များ၊ မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။ ဓာတ်ပုံ-ဘိုဘို

✳ *ရှေ့ဖုံးမှ*

မိမိအနေဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံရေးနှင့် အဆင့်မြှင့်တင်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့စဉ်ကတည်းက ပါဝင်ခွင့်ရရှိခဲ့ခြင်းအပေါ် ဝမ်းမြောက်မိပါကြောင်း၊ ရှေးယခင်ကာလတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသည် တစ်တိုင်းပြည်လုံးမှ အားကိုးအားထားပြုရသော ဆေးရုံကြီးအဖြစ် ရှိခဲ့သော်လည်း နောက်ပိုင်းကာလများတွင် ပံ့ပိုးမှုများအားနည်းခဲ့ခြင်း အပါအဝင် အကြောင်းအမျိုးမျိုးကြောင့် အဆင့်အတန်း နိမ့်ကျခဲ့ရပါကြောင်း၊ မိမိတို့အစိုးရသစ် တာဝန်ယူဆောင်ရွက်ခဲ့သည့် ကာလမှစ၍ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ခဲ့ပါကြောင်း၊ အခြေခံကျန်းမာရေး စောင့်ရှောက်မှုများ၊ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများကောင်းမွန်ပါက ပြည်သူများအနေဖြင့် ဆေးရုံများတွင် လာရောက်ကုသမှုခံယူရန် လိုအပ်ချက်နည်းပါးသွားမည်ဖြစ်ကြောင်း၊ ထိုသို့ ဆေးရုံများတွင် တက်ရောက်ကုသမှု ခံယူသူနည်းပါးလာခြင်းဖြင့် ဆေးရုံတက်လူနာ တစ်ဦးတစ်ယောက်ချင်းစီကိုလည်း ပြုစုကုသစောင့်ရှောက်မှုများ ပိုမိုတိကျအဆင့်မြင့်ကာ ပိုမိုပြည့်စုံစွာဖြင့် ကုသမှုပေးအပ်နိုင်မည်ဖြစ်ပါကြောင်း။

**ဝိုင်းဝန်းပံ့ပိုးပေးခဲ့**

လူတစ်ဦးတစ်ယောက်သည် ဆေးရုံမတက်ရောက်ရပါက အကောင်းဆုံးဖြစ်ပါကြောင်း၊ ပြည်သူများ နာမကျန်းဖြစ်ပွားမှု နည်းပါးနိုင်သမျှ နည်းပါးစေရန်နှင့် ဆေးရုံတက်ရောက်ရသည့် ကျန်းမာရေးအခြေအနေအထိ မဖြစ်ပွားစေရန်အတွက် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများကို အခြေခံမှစ၍ ဂရုစိုက်ပြီး မီးမောင်းထိုး လုပ်ဆောင်နေခြင်းဖြစ်ပါကြောင်း၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံရေး လုပ်ငန်းများကို ဆောင်ရွက်နေသော တာဝန်ရှိသူများ၊ ဆရာကြီးများနှင့် ဝိုင်းဝန်းပံ့ပိုးပေးခဲ့သည့် ပညာရှင်များ၏ စွမ်းဆောင်ချက်များကြောင့် လတ်တလောနှစ်ကာလများတွင် ပြည်သူများ အားကိုးအားထားအပြုရဆုံး ဆေးရုံကြီးအဖြစ် ပြန်လည်ရောက်ရှိလာပြီဟု ဆိုနိုင်ပါကြောင်း။

**ရေရှည်အမြင်ဖြင့်စဉ်းစားဆောင်ရွက်**

သို့ရာတွင် လိုချင်သည့်အဆင့်အတန်းထိ မရောက်ရှိသေးကြောင်းနှင့် အဘက်ဘက်မှ ပြန်လည်လုပ်ဆောင်ရန် လုပ်ငန်းများစွာရှိသေးပါကြောင်း၊ ဆေးရုံနှင့် ဆေးရုံပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး အပါအဝင် အများပြည်သူနှင့် သက်ဆိုင်သောနေရာများ သန့်ရှင်းသာယာလှပရေးအတွက် စာသင်ကျောင်းများမှ စတင်၍ လေ့ကျင့်သင်ကြားပေးရမည်ဖြစ်ပါကြောင်း၊ ဆေးရုံဖွံ့ဖြိုးတိုးတက်ရေး စီမံခန့်ခွဲမှု ဆောင်ရွက်ရာတွင် အဆောက်အဦတစ်ခုချင်း သီးသန့်သာ ဆောင်ရွက်ရန်မဟုတ်ဘဲ အားလုံးကို ခြုံငုံသုံးသပ်ပြီး ရေရှည်တွင် မည်ကဲ့သို့ တိုးတက်မှု ပုံစံမျိုးရရှိလိုသည်ကို စဉ်းစားပြီး ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ဆေးရုံဖွံ့ဖြိုးတိုးတက်ရေး၌သာမက နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ရေရှည်အမြင်ဖြင့် အဘက်ဘက်မှ စဉ်းစားဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

**အကြံပြုချက်များဆွေးနွေး**

မိမိအနေဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံရေး လုပ်ငန်းများက ဝိုင်းဝန်းဆောင်ရွက်လျက်ရှိကြသူများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ အစည်းအဝေးတက်ရောက် လာကြသူများအနေဖြင့် ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံရန်အတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ယခုထက် ပိုမို အရည်အသွေးနှင့် အဆင့်အတန်းမြင့်မား တိုးတက်စေရန်အတွက် ဆွေးနွေးချက်များနှင့် အကြံပြုချက်များကို ဆွေးနွေးကြစေလိုပါကြောင်း ပြောကြားသည်။

**နှစ်ဆခန့်မြင့်မားလာ**

ဆက်လက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ ဌာနများတွင် ပြင်ပလူနာ လာရောက်ပြသကုသမှုသည် ၂၀၁၃ ခုနှစ်တွင် ၂၄၅၇၉၀ ရှိခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် ၄၄၀၂၃၁ ဦးဖြင့် လူနာဦးရေ နှစ်ဆခန့် မြင့်မားလာပါကြောင်း၊ ၂၀၁၇ ခုနှစ်တွင် အတွင်းလူနာ ၈၉၈၇၂ ဦး၊ ခွဲစိတ်ကုသလူနာ ၂၃၇၄၅ ဦး တက်ရောက်ကုသမှုခံယူခဲ့ပါကြောင်း၊ ထို့အပြင် ဆေးရုံကြီး၏ အဆောက်အဦများ၊ ဌာနများမှာလည်း ယခင်တည်ဆောက်ခဲ့စဉ်က စနစ်ကျခြင်းမရှိမှုကြောင့် ဆက်စပ်အဆောက်အဦ/ဌာနများ တစ်နေရာနှင့် တစ်နေရာ အလှမ်းဝေးနေပြီး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲများရှိပါကြောင်း။

> ❒ **ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ ဌာနများတွင် ပြင်ပလူနာ လာရောက် ပြသကုသမှုသည် ၂၀၁၃ ခုနှစ်တွင် ၂၄၅၇၉၀ ရှိခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် ၄၄၀၂၃၁ ဦးဖြင့် လူနာဦးရေ နှစ်ဆခန့် မြင့်မားလာ**
>
> ❒ **၂၀၁၇ ခုနှစ်တွင် အတွင်းလူနာ ၈၉၈၇၂ ဦး၊ ခွဲစိတ်ကုသလူနာ ၂၃၇၄၅ ဦး တက်ရောက်ကုသမှုခံယူခဲ့**

**ရေရှည်စီမံကိန်းရေးဆွဲ**

ထိုသို့များပြားသော လူနာများကို အရည်အသွေးပြည့်ဝစွာ ပြုစုကုသမှုပေးနိုင်ရန်နှင့် အဆောက်အဦများ၊ ဌာနများ စနစ်တကျ တည်ဆောက်ထားရှိနိုင်ရန်အတွက် ဆေးရုံကြီးကို တိုးချဲ့မွမ်းမံပြင်ဆင်ခြင်းနှင့် အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းလုပ်ငန်းများ လုပ်ဆောင်ရခြင်းဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာ၌ ချက်ချင်းဆောင်ရွက်နိုင်သည့် လုပ်ငန်းများကို ချက်ချင်းဆောင်ရွက်ခဲ့ပြီး အဆင့်လိုက် အပိုင်းလိုက် ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းများကိုလည်း ရေရှည်စီမံကိန်း ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း။

**ပေါင်းစပ်သင်ကြား**

ဆေးရုံပင်မအဆောက်အဦ ပြုပြင်မွမ်းမံတည်ဆောက်ခြင်း၊ နိုင်ငံတကာမှ ပါရဂူများ/ပါမောက္ခများက မြန်မာနိုင်ငံတွင် လာရောက်သင်ကြားလေ့ကျင့်ပေးခြင်း၊ ဒီဂျစ်တယ်စနစ်သုံး ဆေးမှတ်တမ်းစနစ် ပြုလုပ်ဆောင်ရွက်ခြင်းနှင့် ဆေးဘွဲ့ကြိုသင်တန်းများတွင် ဘာသာရပ်ပေါင်းစုံ ပေါင်းစပ်သင်ကြားခြင်း စသည့်လုပ်ငန်းများကိုလည်း Rangoon General Hospital Reinvigoration Charitable Trust (RGHR) အဖွဲ့၏ ကူညီပံ့ပိုးမှုဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ Rangoon General Hospital Reinvigoration Charitable Trust (RGHR) အဖွဲ့မှ Consultant Mr. Robin Cross က ရန်ကုန်ပြည်သူ့ဆေးရုံကြီး ရေရှည်စီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီနှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ရေရှည်စီမံကိန်းဆိုင်ရာ အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီများ ဖွဲ့စည်း၍ ဆောင်ရွက်ပါက လုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းကို လည်းကောင်း၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အထောက်အကူပြုအဖွဲ့ နာယက ဒေါက်တာတင်မျိုးဝင်းက ဆေးရုံကြီးအတွင်း စည်းကမ်းမဲ့ဝင်ရောက်ရောင်းချနေသော ဈေးသည်များ၊ စည်းကမ်းမဲ့ဝင်ရောက် ရပ်နားသော အငှားယာဉ်များနှင့် ပတ်သက်၍ အဆင်ပြေစွာ ဖြေရှင်းရာတွင် ကူညီဆောင်ရွက်ပေးခဲ့သော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကို အသိအမှတ်ပြု ကျေးဇူးတင်ရှိကြောင်းကို လည်းကောင်း ရှင်းလင်းတင်ပြသည်။



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ရှင်းလင်းတင်ပြစဉ်။** သတင်းစဉ်

**ပြုပြင်မွမ်းမံထိန်းသိမ်း**

ထို့နောက် ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေးကော်မတီအဖွဲ့ဝင် ဒေါက်တာကျော်မြင့်က ဆေးရုံကြီးရှိ ယခင်မူလအဆောက်အဦများနှင့် အသစ်ထပ်မံ တည်ဆောက်မည့် အဆောက်အဦများ သဟဇာတရှိစေရေးကို အလေးထားထည့်သွင်းဆောင်ရွက်ပါက ပိုမိုကောင်းမွန်မည်ဖြစ်ကြောင်းကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အပါအဝင် ဆေးရုံများနှင့် ကျန်းမာရေးဌာနများ ပြုပြင်မွမ်းမံထိန်းသိမ်းရာတွင် ဝန်ကြီးဌာနမှ အင်ဂျင်နီယာပညာရှင်များကို ပိုမိုတာဝန်ပေးအပ်ဆောင်ရွက်သင့်ကြောင်းကိုလည်းကောင်း အကြံပြုဆွေးနွေးသည်။

**ဝိုင်းဝန်းဆွေးနွေးအကြံပြု**

ယင်းနောက် အစည်းအဝေးတက်ရောက်လာကြသည့် ဆေးရုံအုပ်ကြီးနှင့် ပါမောက္ခ/ဌာနမှူးများက ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေးနှင့် အဆင့်မြှင့်တင်ရေးအတွက် ဝိုင်းဝန်းဆွေးနွေး အကြံပြုခဲ့ကြသည်။

**တက်ရောက်**

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် အစိုးရအဖွဲ့ဝင်များ၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးရုံအထောက်အကူပြုအဖွဲ့ဝင်များ၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေး ကော်မတီအဖွဲ့ဝင်များ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများ၊ ဆေးတက္ကသိုလ် (၁)ရန်ကုန် ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ Rangoon General Hospital Reinvigoration Charitable Trust (RGHR) နှင့် Article 25 အဖွဲ့တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**



ဒုတိယသမ္မတ ဦးမြင့်ဆွေ (၁၂)ကြိမ်မြောက် အာဆီယံဝန်ကြီးအဆင့် နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ အစည်းအဝေးသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

❖ *ကျော်ဖုံးမှ*

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဦးကျော်တင့်ဆွေ၊ ဒေါက်တာ ဖေမြင့်၊ ဦးသောင်းထွန်း၊ ဦးသန့်စင်မောင်၊ ဦးအုန်းဝင်း၊ ဦးသိန်းဆွေ၊ ဒေါက်တာဝင်းမြတ်အေးနှင့် နိုင်သက်လွင်၊ အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများ၊ AMMTC ၏ ဆွေးနွေးဖက်များဖြစ်ကြသော တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံတို့မှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးဗိုလ်ချုပ် အောင်သူ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ် ဒုတိယ ရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးတာဝန်ရှိသူများ၊ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**ရင်းရင်းနှီးနှီးကြိုဆို**

ရှေးဦးစွာ ဒုတိယသမ္မတ ဦးမြင့်ဆွေက မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန - ၂၊ Holding Room ၌ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများ၊ AMMTC ၏ ဆွေးနွေးဖက်များဖြစ်ကြသည့် တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံတို့မှ ဝန်ကြီးများအား ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံတော်သီချင်းနှင့် အာဆီယံသီချင်းများ ဂုဏ်ပြုတီးမှုတ်၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေက မိန့်ခွန်းပြောကြားရာတွင် (၁၂)ကြိမ်မြောက် အာဆီယံဝန်ကြီးအဆင့် နိုင်ငံဖြတ်ကျော် မှုခင်းတိုက်ဖျက်ရေးဆိုင်ရာအစည်းအဝေးကို မြန်မာနိုင်ငံအနေဖြင့် အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ အာဆီယံအသိုက်အဝန်း၏ စည်းလုံးညီညွတ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ အကောင်အထည်ဖော်ရာတွင် အနှောင့်အယှက်၊ အဟန့်အတားဖြစ်စေသည့် နိုင်ငံဖြတ်ကျော် မှုခင်းများတိုက်ဖျက်ရေးကို ပူးပေါင်းဆောင်ရွက်နိုင်ရန် ဆွေးနွေးအဖြေရှာသည့် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဝန်ကြီးများနှင့် ကိုယ်စားလှယ်များအားလုံးကို လှိုက်လှဲစွာ ကြိုဆိုပါကြောင်း။

**အလေးအနက်ထောက်ခံ**

အာဆီယံဒေသတွင်းနိုင်ငံများရှိ ပြည်သူများ၏အကျိုးစီးပွားကိုရည်စူး၍ နိုင်ငံဖြတ်ကျော် မှုခင်းများတိုက်ဖျက်ရေးအတွက် ကြိုတင်ကာကွယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေး အဖြေရှာခြင်း၊ ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား အတည်ပြုခြင်းများ ဆောင်ရွက်သည့် 12th AMMTC ကို အာဆီယံအဖွဲ့ဝင် မြန်မာနိုင်ငံ အနေဖြင့် အလေးအနက်ထောက်ခံပါကြောင်း။

အာဆီယံအသင်းကြီးသည် ထုတ်ပြန်ထားသည့် ပဋိညာဉ်စာတမ်းနှင့်အညီ ဒေသတွင်းရှိ နိုင်ငံများအားလုံးမှ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုနှင့် လိုအပ်ချက်များကို အသိအမှတ်ပြုပြီး နိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း၊ စီးပွားရေးအသိုက်အဝန်းနှင့် လူမှုယဉ်ကျေးမှု အသိုက်အဝန်းစသည့် မဏ္ဍိုင်ကြီး(၃)ရပ်ကို အခြေပြုကာ စည်းမျဉ်းဥပဒေသကို လေးစားလိုက်နာသည့် အာဆီယံ အသိုက်အဝန်းကြီး တစ်ရပ် ထူထောင်ရေးအတွက် ရှင်းလင်းပြတ်သားသည့် အစီအစဉ်များကို ချမှတ်ထားပြီးဖြစ်ပါကြောင်း။

အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံ သော်လည်းကောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးနှင့်သော်လည်းကောင်း တရားမျှတ၍သဟဇာတဖြစ်သည့် ပတ်ဝန်းကျင်တစ်ခုဖြစ်ပေါ်စေရေး၊ ပြည်သူများတည်ငြိမ်အေးချမ်းစွာ နေထိုင်နိုင်စေရေး အာမခံချက်ပေးနိုင်ရန် ပဋိညာဉ်စာတမ်းပါ သတ်မှတ်ချက်များနှင့်အညီ ပူးပေါင်းဆောင်ရွက်ခဲ့သည်မှာ ယနေ့ဆိုလျှင် (၅၁)နှစ်ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါကြောင်း၊ ပြီးခဲ့သည့်နှစ်များတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ တန်ဖိုးများနှင့် အာဆီယံမျှော်မှန်းချက်များကို တိုးမြှင့်ဖော်ဆောင်နိုင်သည့်လုပ်ငန်းစဉ်များ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်ကို အားလုံးသိရှိကြမည် ဖြစ်ပါကြောင်း။

**ဂုဏ်ယူဝမ်းမြောက်ဖွယ်**

အာဆီယံအသင်းကြီး၏ ပူးပေါင်းဆောင်ရွက်မှု၊ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုတို့အတွက် အာဆီယံသည် နှစ် ၅၀ ကာလအတွင်း ဖြည်းဖြည်းမှန်မှန် ဖွံ့ဖြိုးတိုးတက်လာပြီး ငြိမ်းချမ်းသောပတ်ဝန်းကျင်ကို ထိန်းသိမ်းထားနိုင်ခဲ့သည့် အောင်မြင်သော ဒေသတွင်းအစုအဖွဲ့အဖြစ် ကမ္ဘာက အသိအမှတ်ပြုလာခဲ့ပါကြောင်း၊ အရှေ့တောင်အာရှ၏ တက်ကြွလှုပ်ရှားမှုရှိသော အစုအဖွဲ့တစ်ခုအဖြစ် ဖြစ်ပေါ်လာခြင်းကို ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာ တွေ့ရှိရပါကြောင်း။

ထို့ပြင် အာဆီယံအသင်းကြီးက ဦးဆောင်သည့် ဒေသဆိုင်ရာအစီအမံများကို ဆွေးနွေးဖက်နိုင်ငံများ၊ အဖွဲ့အစည်းများပါဝင်ပြီး ဒေသဆိုင်ရာ ဖိုရမ်များ၊ အရှေ့အာရှထိပ်သီး အစည်းအဝေးများ၊ ဝန်ကြီးအဆင့်အစည်းအဝေးများ၊ အဆင့်မြင့်အရာရှိကြီးအဆင့် အစည်းအဝေးများ အစရှိသည့် အဆင့်ဆင့်သော ညှိနှိုင်းဆွေးနွေးမှုများဖြင့် ဒေသတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးကဏ္ဍများတွင် ထိရောက်မှုရှိခဲ့သည့်အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ဆက်ဆံရေးကို တိုးမြှင့်နိုင်ခဲ့ပြီး ဆွေးနွေးဖက်နိုင်ငံများနှင့်လည်း မဟာဗျူဟာမြောက် ဆက်ဆံရေးကို ထူထောင်နိုင်ခဲ့ပါကြောင်း။

၂၀၂၅ အာဆီယံအသိုက်အဝန်း မျှော်မှန်းချက်ကို အကောင်အထည်ဖော်ဆောင်ရာတွင် ပြည်သူများ၏ လူမှုဘဝတိုးတက်မှု၊ တရားမျှတမှု၊ အခြေခံအခွင့်အရေးနှင့် လုံခြုံစိတ်ချရမှု၊ ကောင်းမွန်သည့် ပတ်ဝန်းကျင်ရေရှည်တည်တံ့မှု၊ အာဆီယံနှင့် ပတ်သက်၍ ပိုမိုသိမြင် နားလည်နိုင်မှုနှင့် ဖွံ့ဖြိုးမှုအဆင့်ကွာဟမှုများကို အလေးထားဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဒေသတွင်း တိုးတက်ဖြစ်ပေါ်လာသည့် နိုင်ငံဖြတ်ကျော်မှုခင်းပြဿနာများကို အာဆီယံ၏ စွမ်းပကားနှင့် ထိရောက်စွာ တားဆီးနှိမ်နင်းနိုင်ရေး အဓိကလိုအပ်နေသည်ဟု ရှုမြင်သုံးသပ်မိပါကြောင်း။

နိုင်ငံဖြတ်ကျော်အုပ်စုဖွဲ့မှုခင်းများသည် အာဆီယံဒေသသာမက ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုတစ်ရပ်ဖြစ်ပြီး လူသားအားလုံးကို ထိခိုက်နစ်နာမှုများစွာ ဖြစ်ပေါ်စေလျက်ရှိပါကြောင်း၊ အထူးသဖြင့် နှစ်နိုင်ငံ နယ်နိမိတ်များ တစ်လျှောက်တွင် အုပ်စုဖွဲ့မှုခင်းများသည် တိုးတက်လာသော နည်းပညာများကို အသုံးပြု၍ တရားမဝင်ငွေကြေးခဝါချခြင်း၊ လူမှောင်ခိုခြင်း၊ ဆိုက်ဘာပြစ်မှုကျူးလွန်ခြင်း၊ မူးယစ်ဆေးဝါးကုန်ကူးခြင်း၊ လက်နက်မှောင်ခိုခြင်း၊ တောရိုင်းတိရစ္ဆာန် ရှားပါးမျိုးစိတ်များ ကုန်ကူးခြင်းနှင့် နျူကလီးယား အသုံးပြုမှု ပစ္စည်းများ သယ်ဆောင်ရောင်းဝယ်ခြင်းတို့တွင် အစီအစဉ်တကျချိတ်ဆက်၍ နိုင်ငံတစ်ခုထက်ပိုသည့် ကွန်ရက်များဖြင့် ကျူးလွန်လျက် ရှိနေသည်ကို တွေ့ရှိကြရမည်ဖြစ်ပါကြောင်း၊ ရာဇဝတ်ကောင်များ၏ အုပ်စုဖွဲ့ပြစ်မှုကျူးလွန်မှုများကြောင့် နိုင်ငံဖြတ်ကျော်မှုခင်းကွန်ရက်များ ပိုမိုတိုးတက်ဖြစ်ပေါ်လာပြီး အစိုးရများသည် နစ်နာသူများကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်မှုပေးနိုင်ရန် အရေးတကြီး လိုအပ်လျက်ရှိပါကြောင်း၊ မှုခင်းပြဿနာများ မကာကွယ်နိုင်လျှင် အစိုးရများသည် ပြစ်မှုကျူးလွန်ခြင်းခံရသည့် သားကောင်များ သဖွယ် အားနည်းချည့်နဲ့နေမည်သာ ဖြစ်ပါကြောင်း၊ နိုင်ငံဖြတ်ကျော် မှုခင်းများသည် နိုင်ငံတကာ၏ လုံခြုံရေးကို ပိုမို ခြိမ်းခြောက်လာလျက်ရှိသဖြင့် ပြည်သူ့ဘဝလုံခြုံရေး၊ ကျန်းမာရေး၊ စီးပွားရေးတည်ငြိမ်မှုနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်များကိုပါ ဆိုးရွားစွာ ပျက်စီးစေလျက်ရှိပါကြောင်း။

နိုင်ငံဖြတ်ကျော် မှုခင်းများသည် လတ်တလောနစ်နာမှု၊ ဆုံးရှုံးမှုမရှိခြင်းကြောင့် တိုင်တန်းမှုနည်းပါးခြင်း၊ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများ အနေဖြင့်လည်း ချက်ချင်းသိရှိရန် မလွယ်ကူဘဲ အရေးယူဆောင်ရွက်ရာတွင်လည်း စွမ်းရည်နှင့် နည်းပညာလိုအပ်ချက်များ ရှိနေကြပါကြောင်း၊ ပြစ်မှုပြဿနာများ ပေါ်ပေါက်ပြီးမှသာ စုံစမ်းစစ်ဆေးခြင်း၊ တရားစွဲဆိုခြင်းများ ပြုလုပ်ရသည့်အတွက် မလိုလားအပ်သည့် ရှုပ်ထွေးမှုများနှင့် တရားစီရင်ရေးစနစ် ကန့်သတ်ချက်များကြောင့် နိုင်ငံများအချင်းချင်း အငြင်းပွားမှုများကို ဖြစ်ပေါ်စေပါကြောင်း၊ ၂၀၀၀ ပြည့်နှစ်လွန်ကာလမှစ၍ အာဆီယံဒေသတွင်း၌ နိုင်ငံဖြတ်ကျော် မှုခင်းအမျိုးအစားများမှ မူးယစ်ဆေးဝါး တရားမဝင်ထုတ်လုပ်ရောင်းဝယ်မှု၊ လူကုန်ကူးမှု၊ ငွေကြေးခဝါချမှုနှင့် သဘာဝပတ်ဝန်းကျင် မှုခင်းများ တစ်စတစ်စ တိုးတက်ဖြစ်ပေါ်ခဲ့ပါကြောင်း၊ ၂၀၁၀ ပြည့်နှစ် နောက်ပိုင်းတွင် အကြမ်းဖက်မှုပြဿနာနှင့် ဆိုက်ဘာမှုခင်းပြဿနာများ ကူးစက်ဝင်ရောက်လာတာကို တွေ့ရှိကြရမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် ၂၀၀၄ ခုနှစ်၊ မတ်လ ၃၀ ရက်တွင် ကုလသမဂ္ဂ နိုင်ငံဖြတ်ကျော် မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်း (UNCTOC) နှင့် ဆက်စပ် နောက်ဆက်တွဲစာချုပ် (Protocol) များ လက်မှတ်ရေးထိုး၍ အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပါကြောင်း၊ အာဆီယံဒေသတွင်း မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် ဦးဆောင်နိုင်ငံများအဖြစ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မူးယစ်ဆေးဝါးမှု၊ လူကုန်ကူးမှု၊ ငွေကြေးခဝါချမှု၊ ဆိုက်ဘာမှုခင်းနှင့် အကြမ်းဖက်မှု စသည့်နယ်ပယ် (၅)ရပ်ကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ ဦးစားပေး တိုက်ဖျက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မှုခင်းများအလိုက် သီးခြားဥပဒေ၊ နည်းဥပဒေများ ထုတ်ပြန်ထားပြီး ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် ဗဟိုကော်မတီ (၄)ခု ဖွဲ့စည်းထားပြီး ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ ကွပ်ကဲမှုအောက်တွင် နိုင်ငံဖြတ်ကျော်မှုခင်းဌာနကို ၂၀၀၅ ခုနှစ်၌ ဖွဲ့စည်းခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ဌာနကြီးအဖြစ် တိုးချဲ့ဖွဲ့စည်းခဲ့ပါကြောင်း၊ မူးယစ်ဆေးဝါးမှု၊ လူကုန်ကူးမှု၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှု တိုက်ဖျက်ရေးတို့အတွက် တားဆီးနှိမ်နင်းရေး အထူးတပ်ဖွဲ့များ ဖွဲ့စည်းထားပြီး ငါးနှစ် စီမံကိန်းများနှင့် နှစ်အလိုက် စီမံချက်များ ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

**အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပ**

ထို့ပြင် အာဆီယံဒေသတွင်း နိုင်ငံဖြတ်ကျော် မှုခင်းတိုက်ဖျက်ရေးတွင်လည်း ၂၀၀၉ ခုနှစ်၌ (၉)ကြိမ်မြောက် အာဆီယံ အဆင့်မြင့်အရာရှိကြီး အစည်းအဝေး၊ ၂၀၁၂ ခုနှစ်တွင် အာဆီယံအမျိုးသားရဲအဖွဲ့ ညီလာခံ၊ ၂၀၁၃ ခုနှစ်၌ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အဆင့်မြင့်အရာရှိကြီးအဆင့် အစည်းအဝေးနှင့် ၂၀၁၄ ခုနှစ်တွင် အာဆီယံထိပ်သီး အစည်းအဝေးများကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပ ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ အာဆီယံနိုင်ငံများက အလှည့်ကျကျင်းပသည့် လုပ်ငန်းအဖွဲ့အစည်းအဝေးများ၊ အဆင့်မြင့်အရာရှိကြီးအစည်းအဝေးများနှင့် ဝန်ကြီးအဆင့် အစည်းအဝေးများကို စဉ်ဆက်မပြတ် တက်ရောက်ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အိမ်နီးချင်း တရုတ်၊ ထိုင်း၊ လာအို၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံများနှင့်လည်း နိုင်ငံဖြတ်ကျော် မှုခင်းများ တိုက်ဖျက်ရေးနှင့်စပ်လျဉ်းသည့် နယ်စပ်ဒေသပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်၊ မူးယစ်ဆေးဝါး၊ လူကုန်ကူးမှု၊ ငွေကြေးခဝါချမှု စသည့်နယ်ပယ်များတွင် MoU များ လက်မှတ်ရေးထိုး၍ ဝန်ကြီးအဆင့်၊ အဆင့်မြင့်အရာရှိကြီးအဆင့်နှင့် လုပ်ငန်းအဖွဲ့အဆင့်များတွင် ပုံမှန်အစည်းအဝေးများကျင်းပ၍ ညှိနှိုင်းဆွေးနွေးခြင်းနှင့် သတင်းအချက်အလက်ဖလှယ်ခြင်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

အာဆီယံမိသားစုဝင် မြန်မာနိုင်ငံအနေဖြင့် အာဆီယံအသိုက်အဝန်း တည်ဆောက်မှု အောင်မြင်ရေးအတွက် ကျေပွန်ရမည့် တာဝန်နှင့်ဝတ္တရားများကို အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ လုံခြုံရေး၊ သာယာဝပြောရေးနှင့် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံချင်း၏ သာယာဝပြောရေး ကြိုးပမ်းဆောင်ရွက်မှုများတွင် မြန်မာနိုင်ငံအနေဖြင့် မျှဝေထမ်းဆောင်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုအပြင် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင်လည်း အာဆီယံ၏ မူဘောင်များနှင့်အညီ အဖွဲ့ဝင်နိုင်ငံများအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန် အမြဲအသင့်ရှိနေပါကြောင်း။

ပြည်သူများ၏ ယုံကြည်မှုကိုရရှိရန် ဖြစ်ပေါ်လာသော မှုခင်းများနှင့် အကြမ်းဖက်မှုများကို ခေတ်ကာလအခြေအနေများနှင့် လျော်ညီသည့် ကြိုတင်ကာကွယ်တားဆီးမှုများ ပြုလုပ်နိုင်ရေးသည် အရေးကြီးပါကြောင်း၊

*စာမျက်နှာ ၆ သို့*

**“ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုအပြင် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင်လည်း အာဆီယံ၏ မူဘောင်များနှင့်အညီ အဖွဲ့ဝင်နိုင်ငံများအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန် အမြဲအသင့်ရှိနေ ”**

# (၁၀)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများ၏ ပညာရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများဖွင့်ပွဲအခမ်းအနားသို့ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် အောက်တိုဘာ ၃၁**

(၁၀)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများ၏ပညာရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ Kempinski ဟိုတယ်၌ ကျင်းပရာ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားကို အာဆီယံဂုဏ်ပြုသီချင်း (ASEAN Anthem) ဖြင့် သီဆိုဖွင့်လှစ်ကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၁၀)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ၏ ပညာရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို မြန်မာနိုင်ငံအနေဖြင့် အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ယခု အစည်းအဝေးများသို့ တက်ရောက်လာကြသည့် ပုဂ္ဂိုလ်များအားလုံးကို လှိုက်လှဲစွာ ကြိုဆိုပါကြောင်း။

**ဆက်စပ်အစည်းအဝေးများကျင်းပမည်**

အစည်းအဝေးများကို ကျင်းပရာတွင် ပညာရေးဝန်ကြီးများ အစည်းအဝေးနှင့် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး ပုံစံနှစ်မျိုးဖြင့် ကျင်းပမည် ဖြစ်ပါကြောင်း၊ (၁၃) ကြိမ်မြောက် အာဆီယံ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို နေပြည်တော်ရှိ Park Royal Hotel တွင် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာ ၂၉ ရက်မှ ၃၀ ရက်အထိ ကျင်းပခဲ့ပြီး (၁၀)ကြိမ်မြောက် အာဆီယံပညာရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ယနေ့နှင့် မနက်ဖြန် နိုဝင်ဘာ ၁ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်ပါကြောင်း။

ထိုသို့ကျင်းပရာတွင် သက်ဆိုင်ရာ အာဆီယံအဖွဲ့အစည်းများက မိမိတို့ ဆောင်ရွက်လျက်ရှိသည့် ပညာရေး လုပ်ငန်းအစီအစဉ်များကို တင်ပြဆွေးနွေးခြင်း၊ အာဆီယံဝန်ကြီးများနှင့် အာဆီယံ အထွေထွေအတွင်းရေးမှူးချုပ်တို့၏ တင်ပြဆွေးနွေးမှုများအပေါ်မှာ အမြင်ချင်းဖလှယ်ခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များအတွက် ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြမည်ဟု သိရှိရပါကြောင်း၊ ယခုပြုလုပ်သည့် အစည်းအဝေးများတွင် အခြေခံပညာ၊ အဆင့်မြင့်ပညာ၊ နည်းပညာ၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးတို့အပါအဝင် ပညာရေးနှင့် အပြန်အလှန် ဆက်စပ်လျက်ရှိသည့် ကိစ္စရပ်များပါဝင်သော ၂၀၁၆-၂၀၂၀ အာဆီယံပညာရေးလုပ်ငန်း အစီအစဉ်များကို ဝိုင်းဝန်း ဆွေးနွေးသွားကြမည်ဖြစ်သည့်အတွက် များစွာအကျိုးကျေးဇူး ရရှိမည်ဟု မျှော်လင့်ပါကြောင်း။

**အသိပေးပြောကြားမည်**

၂၀၂၀ ခုနှစ်တွင် ကျင်းပမည့် (၁၁) ကြိမ်မြောက် အာဆီယံပညာရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပရန် လျာထားသည့် နေရာနှင့် နေ့ရက်များကို ဖိလစ်ပိုင်နိုင်ငံမှ ဒုတိယသဘာပတိက အသိပေး ပြောကြားသွားမည်ဟု သိရှိရပါကြောင်း၊ ၂၀၁၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် မြန်မာနိုင်ငံ အမျိုးသားပညာရေး ဥပဒေသည် မူလတန်းပညာသင်ယူရမည့် အသက်အရွယ်ရှိသည့် ကလေးတိုင်း မူလတန်းပညာ သင်ယူပြီးမြောက်စေရန်နှင့် သင်ယူမှု အခွင့်အလမ်းရရှိရန် ခက်ခဲသည့် ကလေးငယ်များအတွက် ပညာသင်ယူမှု အစီအစဉ်များ ရရှိစေရန်၊ နိုင်ငံသားအားလုံး အနည်းဆုံး မူလတန်းအဆင့် ပညာရေးပြီးမြောက်စေရန်နှင့် ဆက်လက်ပညာသင်ယူရန် အခွင့်အလမ်းများရရှိစေရေးတို့ကို ဦးတည်ဖော်ပြထားသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

ထို့ပြင် အမျိုးသားပညာရေးဥပဒေသည် တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ သမိုင်းနှင့်ယဉ်ကျေးမှုများ ဖွံ့ဖြိုးတိုးတက်စေရန်၊ သင့်တော်သည့် ဆရာ၊ ကျောင်းသားအချိုး ရရှိစေရန်၊ ဆရာများ စွမ်းဆောင်ရည်နှင့် ဘာသာရပ်ကျွမ်းကျင်မှု ရရှိစေရန်၊ လူတိုင်း ပညာသင်ယူမှု အခွင့်အလမ်း ရရှိစေရေးအတွက် ဖွံ့ဖြိုးမှု နည်းပါးသည့်နေရာဒေသများရှိ ကျောင်းများ၏ လိုအပ်ချက်များကို ဦးစားပေးဖြည့်ဆည်းပေးရန်တို့ကို အလေးပေးဆောင်ရွက်ထားသည်ကို အသိပေး ပြောကြားလိုပါကြောင်း။

ပညာရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁) ၏ ရည်မှန်းချက်ပန်းတိုင် အောင်မြင်ရေးအတွက် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ပညာရေးပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါ ရည်မှန်းချက်ပန်းတိုင်မှာ ကျောင်းအားလုံးနှင့် ပညာရေးအဖွဲ့အစည်းများတွင် သင်ကြားမှု သင်ယူမှု အရည်အသွေး၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေး၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုတို့ သိသာထင်ရှားစွာ ပြောင်းလဲတိုးတက်လာစေရန်နှင့် မြန်မာနိုင်ငံမှာ အရည်အသွေးပြည့်မီသော ပညာရေးစနစ် ပေါ်ထွန်းလာစေရန် ဖြစ်ပါကြောင်း။

**တိုက်တွန်းအားပေးလျက်ရှိ**

အရည်အသွေးပြည့်မီသော ပညာရေးစနစ် ပေါ်ထွန်းလာစေရန်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးဝန်ကြီးဌာန၏ ဘတ်ဂျက်ကို နှစ်စဉ်နှစ်တိုင်း တိုးမြှင့်ခွင့်ပြုပေးလျက် ရှိပါကြောင်း၊ ဆရာအသစ်များခန့်ထားခြင်း၊ ကျောင်းအဆောက်အအုံအသစ်များ တည်ဆောက်ပေးခြင်း၊ သင်ရိုးညွှန်းတမ်းအသစ်များ ရေးဆွဲခြင်း၊ ပညာသင်ဆုနှင့် ပညာသင်ထောက်ပံ့ကြေးများ ပိုမိုချီးမြှင့်ခြင်း၊ သုတေသန ရန်ပုံငွေများ ပိုမိုပံ့ပိုးပေးခြင်းတို့ကို တိုးမြှင့်လုပ်ဆောင်လျက်ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ဒေသတွင်းနှင့် မိတ်ဖက်နိုင်ငံများရှိ ပညာရေးဝန်ကြီးများနှင့် ပူးပေါင်းဆောင်ရွက်ရန် ပညာရေးဝန်ကြီးဌာနကို တိုက်တွန်းအားပေးလျက်ရှိပါကြောင်း။

ယခုအစည်းအဝေးများတွင် ၂၀၁၆-၂၀၂၀ အာဆီယံပညာရေးလုပ်ငန်းအစီအစဉ်ကို တက်ကြွစွာ ဝိုင်းဝန်းဆွေးနွေးပြီး ဒေသတွင်းရှိ နိုင်ငံများအားလုံးအပေါ် လွှမ်းခြုံနိုင်မည့် အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းနိုင်လိမ့်မည်ဟု အခိုင်အမာ ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်များက မင်္ဂလာပါ အာဆီယံ၊ ထာဝရမြန်မာသီချင်းများဖြင့် တင်ဆက်ဖျော်ဖြေကြပြီး ဒုတိယသမ္မတက တက်ရောက်လာသော ဧည့်သည်တော်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

အစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဒေါက်တာဖေမြင့်၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးဝင်းမော်ထွန်း၊ ဒေါက်တာမြလေးစိန်နှင့် နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်း၊ အာဆီယံ အတွင်းရေးမှူးချုပ်၊ အရှေ့တောင်အာရှနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများမှ ပညာရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အရှေ့အာရှနိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများ၊ နိုင်ငံအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ အာဆီယံတက္ကသိုလ်များကွန်ရက်မှ အမှုဆောင်ညွှန်ကြားရေးမှူး၊ ဆီမီယိုညွှန်ကြားရေးမှူး၊ အာဆီယံမိတ်ဖက်နိုင်ငံများမှ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ထို့နောက် အစည်းအဝေးများကို အခမ်းအနား အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပသည်။

(၁၀)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ၏ ပညာရေးဝန်ကြီးများ အစည်းအဝေးကို ယနေ့ကျင်းပခဲ့ပြီး ယင်း၏ ဆက်စပ်အစည်းအဝေးများဖြစ်သည့် အရှေ့တောင်အာရှနိုင်ငံများနှင့် မိတ်ဖက်သုံးနိုင်ငံအစည်းအဝေးနှင့် အရှေ့အာရှ မိတ်ဖက်နိုင်ငံများ အစည်းအဝေးတို့ကို နိုဝင်ဘာလ ၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**






ဒုတိယသမ္မတ ဦးမြင့်ဆွေ (၁၀)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများ၏ ပညာရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

---

*စာမျက်နှာ ၅ မှ*

တိုးတက်လာသည့် မြို့ပြထူထောင်တည်ဆောက်မှုများ၊ ပွင့်လင်းလာသည့် ကုန်သွယ်မှုနှင့် အဆင့်မြင့်ဆက်သွယ်ရေးစနစ်များ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာကပ်ဆိုးများကြောင့် လူတစ်ဦးချင်းစီအဆင့်၊ ဒေသအဆင့်မှ ကမ္ဘာလုံးဆိုင်ရာအဆင့်အထိ မှုခင်းအန္တရာယ်ဖြစ်နိုင်ခြေအမျိုးမျိုး ရှိနေပါကြောင်း၊ မှုခင်းအန္တရာယ်ဖြစ်နိုင်သည့် အကြောင်းအရင်းများကို အချိန်နှင့် တစ်ပြေးညီ သိရှိပြီး ကိုင်တွယ်ဖြေရှင်းနိုင်ရေးအတွက် ကုလသမဂ္ဂ၏ မှုခင်းကြိုတင်ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ ပြဿနာအရင်းအမြစ်များကို ဖော်ထုတ်၍ အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုများဖြင့် ဖြေရှင်းသွားရန် လိုအပ်ပါကြောင်း။

အာဆီယံဒေသတွင်းရှိ ပြည်သူများ လွတ်လပ်၍ တရားမျှတသည့် ဖွံ့ဖြိုးတိုးတက်သော လူ့ဘောင် အဖွဲ့အစည်း ပေါ်ပေါက်စေရေးတွင် အနှောင့်အယှက် အဟန့်အတားဖြစ်စေသည့် နိုင်ငံဖြတ်ကျော်မှုခင်းများနှင့် သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာ ပြဿနာများကို ထိရောက်စွာ တားဆီးဖြေရှင်းနိုင်ရေးတို့ကို အဓိကဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ထိုပြဿနာများကို ဖြေရှင်းဆောင်ရွက်ရာတွင် အာဆီယံအသင်းကြီး၏ ဒေသတွင်းပေါင်းစည်းမှု၊ ဆင်းရဲနွမ်းပါးမှု၊ မညီမျှမှုနှင့် ဘာသာရေးကို အခြေခံသည့် အကြမ်းဖက်မှု၊ သဘာဝ သယံဇာတ ပျက်သုဉ်းမှုများကို ရင်ဆိုင်နေရပြီဖြစ်သည့်အတွက် အာဆီယံရှိ စွမ်းရည်များနှင့် အင်အားများကို ထပ်မံမြှင့်တင်ပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ခိုင်ခိုင်မာမာရပ်တည် ဖြေရှင်းကြရန် လိုအပ်ပါကြောင်း။

အာဆီယံအသင်းကြီး၏ ၅၁ နှစ်တာကာလအတွင်း ရရှိခဲ့သည့် အတွေ့အကြုံကောင်းများနှင့် အောင်မြင်မှုများကိုအခြေခံ၍ အာဆီယံ၏ အောင်မြင်မှုသော့ချက်ဖြစ်သည့် အားလုံး သဘောတူညီမှုဖြင့် အထပ်ထပ်အခါခါ တိုင်ပင်ညှိနှိုင်းဆွေးနွေး ပူးပေါင်းဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

အာဆီယံ၏ အခြေခံမူဝါဒဖြစ်သည့် အဖွဲ့ဝင်နိုင်ငံများအားလုံး၏ လွတ်လပ်မှု၊ အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ တန်းတူရည်တူရှိမှု၊ နယ်မြေတည်တံ့ခိုင်မြဲမှုနှင့် အမျိုးသားရေးလက္ခဏာများကို လေးစားလိုက်နာခြင်း၊ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းခြင်းတို့ဖြင့် အာဆီယံမျှော်မှန်းချက် ၂၀၂၅ ကို မလွဲကေန် အောင်မြင်ရောက်ရှိနိုင်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း။

အဆွေတော်ဝန်ကြီးများ၏ ယခုအစည်းအဝေး ဆွေးနွေးချက်များသည် အာဆီယံဒေသအတွက်သာမက ကမ္ဘာတစ်ဝန်း ဆက်စပ်အကျိုးဖြစ်ထွန်းစေမည့် ရလဒ်ကောင်းများ ရရှိလိမ့်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက 11th AMMTC ကို ဖိလစ်ပိုင်နိုင်ငံတွင် ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၁၈ ရက်မှ ၂၁ ရက်အထိ ကျင်းပခဲ့ပြီး နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ အာဆီယံလုပ်ငန်းစီမံချက် (၂၀၁၆-၂၀၂၅)၊ အကြမ်းဖက်အစွန်းရောက်ဝါဒနှင့် အစွန်းရောက်မှုများပေါက်ဖွားလာမှု ကြိုတင်ကာကွယ်ရေးနှင့် တားဆီးနှိမ်နင်းရေး အာဆီယံလုပ်ငန်းစီမံချက် တစ်ရပ်ရေးဆွဲရေး ဆုံးဖြတ်ချက်များအပြင် ဒေသတွင်းစီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုတွင် နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေးနယ်ပယ်မှ ချိတ်ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် (၄)ရပ်ကို ဆက်လက်ဆောင်ရွက်သွားနိုင်ရန် အတည်ပြုနိုင်ခဲ့ပါကြောင်း။

ယနေ့ကျင်းပသည့် 12th AMMTC တွင် အဆွေတော်ဝန်ကြီးများနှင့် ကိုယ်စားလှယ်များ၏ ရင့်ကျက်သည့် အတွေ့အကြုံများ၊ ဉာဏ်ပညာထက်မြက်မှု၊ အမြော်အမြင်ကြီးမားမှုများဖြင့် အာဆီယံဒေသအတွင်း၌ ဖြစ်ပေါ်လျက်ရှိသည့် အကြမ်းဖက်မှု၊ မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်မှု၊ လူကုန်ကူးမှု၊ ဆိုက်ဘာမှုခင်း၊ ငွေကြေးခဝါချမှု၊ တောရိုင်းတိရစ္ဆာန်ပစ္စည်းများ ကုန်ကူးမှုတို့နှင့် စပ်လျဉ်း၍ (၁၈) ကြိမ်မြောက် အာဆီယံအဆင့်မြင့်အရာရှိကြီးအဆင့် နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ အစည်းအဝေး (18th SOMTC)တွင် ဆွေးနွေးခဲ့သည့် ရလဒ်များ၊ ဆွေးနွေးဖက်နိုင်ငံများနှင့် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး တင်ပြချက်များနှင့် အစီအမံများကို အကောင်းဆုံး အဖြေရှာဆွေးနွေး၍ အကြံပြုချက်များပေးနိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း၊ ဒေသတွင်း၌သာမက နိုင်ငံတကာနှင့် ချိတ်ဆက်အကောင်အထည်ဖော်နိုင်မည့် ရလဒ်ကောင်းများရရှိနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန ယဉ်ကျေးမှုအဖွဲ့များ၏ ဖျော်ဖြေမှုများကို ကြည့်ရှုပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအစီအစဉ် ဒုတိယပိုင်းတွင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက သဘာပတိအဖြစ် ဦးဆောင်၍ (၁၂)ကြိမ်မြောက် အာဆီယံဝန်ကြီးအဆင့် နိုင်ငံဖြတ်ကျော်မှုခင်းဆိုင်ရာ မျက်နှာစုံညီအစည်းအဝေးကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ပြင်ဦးလွင်မြို့နယ်အတွင်း ဌာနဆိုင်ရာများမှ ပြန်လည်စွန့်လွှတ်သည့် မြေယာများအား တောင်သူများထံ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၃) များ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနား၌ အမှာစကားပြောကြားစဉ်။

❍ *ကျောဖုံးမှ*

အခမ်းအနားတွင် ဒုတိယသမ္မတ က ယနေ့အခမ်းအနားသည် ပြင်ဦးလွင် မြို့နယ်အတွင်း ပြည်ထဲရေးဝန်ကြီး ဌာန ဗဟိုမီးသတ်သင်တန်းကျောင်းက စွန့်လွှတ်သည့်မြေ ဧရိယာဧက ၂၉၀ အနက်မှ စိုက်ပျိုးနိုင်သောမြေဧရိယာ ၂၇၁ ဒသမ ၇၈ ဧကကို တောင်သူ ၆၁ ဦးထံသို့ လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန၊ မန္တလေး သမဝါယမအသင်းစုချုပ်မှ ပြန်လည်စွန့်လွှတ်သည့် မြေဧရိယာ ဧက ၄၅၀၀ အနက် ၄၃၀၈ ဒသမ ၇၂ ဧကကို တောင်သူ ၇၄၄ ဦးလက်ဝယ်သို့ လည်းကောင်း၊ စုစုပေါင်းတောင်သူ ၈၀၅ ဦး လက်ဝယ်သို့ လယ်ယာမြေဧရိယာ ၄၅၈၀ ဒသမ ၅၀ ဧကကို ယာယီလုပ်ပိုင် ခွင့်ပြုလက်မှတ် (ပုံစံ-၃) များ လွှဲပြောင်း ပေးအပ်သည့် အခမ်းအနား ဖြစ်ပါကြောင်း။

**ကေအများဆုံး ပြန်လည်လွှဲပြောင်း**

ယင်းအခမ်းအနားမျိုး မန္တလေးတိုင်း ဒေသကြီးအတွင်းတွင် ကျင်းပခဲ့သည်မှာ (၈) ကြိမ်မြောက်ရှိပြီ ဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ကြည့်လျှင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုထဲတွင် မန္တလေးတိုင်းဒေသကြီးသည် အကြိမ်အများဆုံးနှင့် ကေအများဆုံး တောင်သူများလက်ဝယ်သို့ ပြန်လည်လွှဲပြောင်းနိုင်သည့်အတွက် ဂုဏ်ယူစရာကောင်းသည့် လုပ်ဆောင်ချက်၊ ကြိုးပမ်းချက်အောင်မြင်မှုတစ်ခုဖြစ်ပါကြောင်း။

နိုင်ငံ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်သူလူထု လူမှုစီးပွားဘဝ မြင့်မားလာစေရန် ဟန်ချက်ညီစွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်မှာ နိုင်ငံ၏မြေ သယံဇာတ အရင်းအမြစ်များကို စနစ်တကျ စီမံခန့်ခွဲရန် လိုအပ်ပါကြောင်း၊ ယခင်က ရှိခဲ့သည့် ဟန်ချက်ညီအောင် စီမံခန့်ခွဲရန် အားနည်းချက်များကို သင်ခန်းစာယူပြီး မြေသယံဇာတကို မျှတမှုရှိစွာ ခွဲဝေသုံးစွဲနိုင်ရေးအတွက် အမျိုးသားမြေအသုံးချမှုကောင်စီက ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

ယခင်က အကြောင်းအမျိုးမျိုးကြောင့် သိမ်းဆည်းခံခဲ့ရသည့် လယ်ယာမြေများကို လက်ရှိတွင် အများပြည်သူအကျိုး၊ နိုင်ငံတော်အကျိုးအတွက် အသုံးပြုနိုင်မှုမရှိသည့် မြေယာများ၊ လိုအပ်သည်ထက် ပိုမိုသိမ်းယူထားသည့် မြေယာများကို မူလတောင်သူများထံ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းပြီး မူဝါဒလုပ်ငန်းစဉ် (၅၂)ချက်ချမှတ်ကာ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများက ပြန်လည်စွန့်လွှတ်စေရေး တွန်းအားပေး ဆောင်ရွက်လျက်ရှိပါကြောင်း။

တစ်ဖက်တွင်လည်း တောင်သူများလိုအပ်သည့် စိုက်ပျိုးမြေပမာဏ တိုးတက်လာစေရေးအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို ဖော်ထုတ်ပြီး ဥပဒေနှင့်အညီ တိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ကို သတ်မှတ်ပုံစံများဖြင့် လျှောက်ထားစေကာ သီးနှံစိုက်ပျိုးထုတ်လုပ်မှု တည်ငြိမ်လာချိန်တွင် လယ်ယာမြေဥပဒေအရ လယ်ယာမြေအဖြစ် ပြောင်းလဲသတ်မှတ် လုပ်ပိုင်ခွင့်ပေးခြင်းများကို ဆောင်ရွက်ပေးလျက် ရှိပါကြောင်း။

ထိုသို့ လုပ်ပိုင်ခွင့်ရရှိလာသည့် မြေယာများကို တောင်သူများအနေဖြင့် အသုံးချရာတွင် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးမှု မရှိစေသည့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်စေသည့် တာဝန်သိ၊ တာဝန်ယူ၊ တာဝန်ခံသော အသုံးချမှုများ ဖြစ်စေရန် သတိပြုစေလိုပါကြောင်း။

**နိုင်ငံဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်**

ရေ၊ မြေ၊ ရာသီဥတု မှန်ကန်မျှတမှုရှိမှလည်း စိုက်ပျိုးရေးနှင့် လူနေမှုဘဝမြှင့်တင်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်သည့်အတွက် ဒေသတွင်း သစ်တောများ ပြုန်းတီးလာမှု၊ မြစ်ချောင်းအင်းအိုင်များ တိမ်ကောလာမှုများကြောင့် ဖြစ်ပေါ်လာသည့် သဘာဝပတ်ဝန်းကျင် ပြောင်းလဲလာမှုများကို အထူးသတိပြုပြီး ဂေဟစနစ် ကောင်းမွန်ရေးအတွက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်းလုပ်ငန်းများကို အလေးထားဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားလိုပါကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် ဘက်ပေါင်းစုံက နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိသော်လည်း သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးနစ်နာမှုများ နှစ်စဉ်ဖြစ်ပေါ်လျက်ရှိပါကြောင်း၊ ယင်းဆုံးရှုံးမှုများကို တတ်နိုင်သမျှ လျော့ပါးသက်သာအောင် ဆောင်ရွက်နိုင်ပါမှ မိမိတို့ကြိုးပမ်းအားထုတ်မှုများ အရာထင်မည်ဖြစ်ပါကြောင်း။

ယခုကဲ့သို့ မန္တလေးတိုင်းဒေသကြီးအတွင်းတွင် (၈)ကြိမ်မြောက် ပြန်လည်စွန့်လွှတ် အပ်နှံမြေများကို သက်ဆိုင်ရာတောင်သူများထံသို့ပြန်လည်ပေးအပ်နိုင်ရေးအတွက် ဆောင်ရွက်ပေးခဲ့ကြသော ပြည်ထဲရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာ အသီးသီးမှ တာဝန်ရှိသူများကို နိုင်ငံတော်နှင့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီကိုယ်စား ကျေးဇူးတင် အသိအမှတ်ပြုပါကြောင်းနှင့် တောင်သူများအနေဖြင့် ရရှိလာသည့်မြေများကို စိုက်ပျိုးလုပ်ကိုင်ရာတွင် မိမိတို့ တစ်ကိုယ်ရေ တစ်မိသားစုဝမ်းစာဖူလုံရေးကနေ နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်သည့် ကုန်ထုတ်လယ်ယာမြေများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်းက မန္တလေးတိုင်းဒေသကြီးအတွင်း အသုံးမပြုသည့် သိမ်းဆည်းမြေများအား ဥပဒေနှင့်အညီ မူလပိုင်ရှင်တောင်သူများထံ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေး ဆောင်ရွက်ပေးနေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**လွှဲပြောင်းပေးအပ်**

ထို့နောက် ပြင်ဦးလွင်မြို့နယ်အတွင်း စွန့်လွှတ်မြေများနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ဗဟိုမီးသတ်သင်တန်းကျောင်း(ဇီးပင်ကြီး) ကျောင်းအုပ်ကြီး ဦးကြည်ဝင်းနှင့် ပြင်ဦးလွင်မြို့မဈေးကြီး ငွေစုငွေချေး သမဝါယမအသင်းဥက္ကဋ္ဌ ဦးထွန်းမြင့်တို့က ပြင်ဦးလွင်ခရိုင် ခေတ္တအုပ်ချုပ်ရေးမှူး ဦးပါစည်ထံ လွှဲပြောင်းပေးအပ်သည်။

**ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ် ပေးအပ်**

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌေး၊ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်း၊ မန္တလေးတိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်နှင့်ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်၊ မန္တလေးတိုင်းဒေသကြီးသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်တို့က မြေပုံကျေးရွာ၊ စိုးမိုးအိုင်ကျေးရွာ၊ သံတောင်ကျေးရွာ၊ ဇီးပင်ကြီးကျေးရွာ၊ လက်ပန်ကုန်းကျေးရွာ၊ ပေါက်တောကျေးရွာနှင့် လွန်ကောင်းကျေးရွာတို့မှ မူလတောင်သူကိုယ်စားလှယ်များထံ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၃) များကို ပေးအပ်သည်။

ထို့နောက် မြေယာလုပ်ကိုင်ခွင့် ပြန်လည်ရရှိကြသည့် မူလတောင်သူများကိုယ်စား တောင်သူဦးမျိုးခိုင်က ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတသည် ဒေသခံတောင်သူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယခုအခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်အတွင်း ပြည်ထဲရေးဝန်ကြီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့က ပြန်လည်စွန့်လွှတ်သည့် မြေဧရိယာ ဧက ၄၇၉၀ အနက်မှ ၄၅၈၀ ဒသမ ၅ ဧကကို မူလတောင်သူများထံသို့ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၃)ပေးအပ်ခဲ့ကြောင်း သိရသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ပြင်ဦးလွင်မြို့ရှိ စိုက်ပျိုးရေးဦးစီးဌာန၊ ကော်ဖီ-ရာသီသီးနှံဌာနခွဲ၊ ကော်ဖီသုတေသနနှင့် နည်းပညာပြန့်ပွားရေးဗဟိုဌာနသို့ ရောက်ရှိကြရာ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းမြင့်နှင့် ညွှန်ကြားရေးမှူး ဦးမြင့်ဆွေတို့က မြန်မာနိုင်ငံ၏ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု၊ မျိုးကောင်း မျိုးသန့်ထုတ်လုပ်ဖြန့်ဖြူးမှု၊ တောင်သူပညာပေးလုပ်ငန်းများ ဆောင်ရွက်မှု၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုနည်းပညာသင်တန်းပေးနေမှု၊ ဓာတ်ခွဲခန်းများအကောင်အထည်ဖော်မည့် အစီအစဉ်၊ တောင်သူများအကျိုးအမြတ်ပိုမိုရရှိစေရန် သီးနှံ ၁၆ မျိုးအား GAP လက်မှတ်ထုတ်ပေးနေမှု၊ ကော်ဖီအရည်အသွေးမြင့်မားရေးနှင့် ဈေးနှုန်းမြင့်မားရေးအတွက် ပုဂ္ဂလိကအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုနှင့် ကော်ဖီဖိုရမ်များကျင်းပခဲ့မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက ကော်ဖီအထွက်နှုန်းနည်းသည့် ဒေသများအား ယခုထက်ပိုမိုအထွက်နှုန်းတိုးတက်လာစေရန် နည်းလမ်းများရှာဖွေ၍ ဆောင်ရွက်ပေးသွားရန် လိုအပ်ပါကြောင်း၊ အထွက်နှုန်း တိုးတက်ပြီး တွက်ခြေကိုက်မှသာ တောင်သူများ စိုက်ချင်ပျိုးချင်စိတ် ရှိလာမည်ဖြစ်ပါကြောင်း၊ Myanmar GAP လက်မှတ်ကိုလည်း ရသင့်ရထိုက်သူများရရှိအောင် စနစ်တကျဆောင်ရွက်ပေးရန်၊



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ပြင်ဦးလွင်မြို့ရှိ ကော်ဖီရာသီ သီးနှံဌာနခွဲ၊ ကော်ဖီသုတေသနနှင့် နည်းပညာပြန့်ပွားရေးဗဟိုဌာန၌ ခင်းကျင်းပြသထားသော ထုတ်ကုန်ပစ္စည်းများအား ကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၉ သို့*

# ဆန္ဒမဲရေတွက်ခြင်းလုပ်ငန်းနဲ့ ဆန္ဒမဲရလဒ်ကြေညာတဲ့လုပ်ငန်းကလည်း ရွေးကောက်ပွဲရဲ့ အဓိကအရေးပါတဲ့ လုပ်ငန်းတစ်ရပ် ဖြစ်ပါတယ်

ဦးမြင့်နိုင် (ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်)

## ဆန္ဒမဲလက်မှတ် ရေတွက်ခြင်း၊ ရလဒ်ကြေညာခြင်းနှင့် ဥပဒေ

**ဆန္ဒမဲလက်မှတ်ရေတွက်ခြင်း၊ ရလဒ်ကြေညာခြင်းနှင့် ဥပဒေခေါင်းစဉ်ဖြင့် စကားဝိုင်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြတ်ထွန်းဦး၊ ဦးစီးအရာရှိ ဒေါ်မြသန္တာထွန်းနှင့် ဒေါ်ဆုနှင်းဇော်တို့ ပါဝင်ဆွေးနွေးခဲ့သည်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့သည်။**

**အဆိုပါစကားဝိုင်းတွင် ဆွေးနွေးခဲ့သည်များကို ဖော်ပြအပ်ပါသည်-**

**ဦးမြင့်နိုင်** ။ ။ ဒီကနေ့ ဆွေးနွေးမယ့် ဆန္ဒမဲလက်မှတ် ရေတွက်ခြင်းနဲ့ ရလဒ်ကြေညာခြင်းဆိုတာ ရွေးကောက်ပွဲတစ်ခုရဲ့အပြီးသတ်ဆောင်ရွက်ချက်လို့လည်း ပြောနိုင်တယ်။ ရလဒ်ကြေညာပြီးရင်တော့ ရွေးကောက်ပွဲက အောင်မြင်စွာ ပြီးစီးသွားတယ်။ ဆန္ဒမဲရေတွက်ခြင်းလုပ်ငန်းနဲ့ ဆန္ဒမဲရလဒ်ကြေညာတဲ့ လုပ်ငန်းကလည်းပဲ ရွေးကောက်ပွဲရဲ့ အဓိကအရေးပါတဲ့ လုပ်ငန်းတစ်ရပ် ဖြစ်ပါတယ်။

### အရေးကြီးဆုံးတာဝန်တစ်ရပ်

ဒီလုပ်ငန်းကို မဲရုံမှူးနဲ့ မဲရုံအဖွဲ့ဝင်တွေက ဆောင်ရွက်ရပါတယ်။ ဒီမဲရုံမှူးနဲ့ မဲရုံအဖွဲ့ဝင်တွေရဲ့ လုပ်ငန်းတာဝန်တွေနဲ့ ပတ်သက်ပြီးတော့ မဲရုံမှူးက ဘာတာဝန်တွေ ထမ်းဆောင်ရသလဲ။ ဒုမဲရုံမှူးက ဘာတာဝန်တွေ ထမ်းဆောင်ရသလဲ။ နောက် မဲလက်မှတ်စစ်ဆေးသူ၊ မဲလက်မှတ်ထုတ်ပေးသူ၊ လုံခြုံရေး၊ ဆန္ဒမဲပေးပြီးရင် မင်တို့တဲ့သူ အသီးသီးရဲ့ လုပ်ငန်းတာဝန်တွေက ဘာတွေလဲဆိုတဲ့ အကြောင်းကို ဒါတွေနဲ့ ပတ်သက်တဲ့ အကြောင်းကို စကားဝိုင်းဆွေးနွေးမှုတစ်ခု ပြုလုပ်ပြီးပါပြီ။ အခု မဲလက်မှတ်ရေတွက်ခြင်းနဲ့ ဆန္ဒမဲလက်မှတ် ရလဒ်ကြေညာခြင်းကလည်းပဲ မဲရုံမှူးနဲ့ မဲရုံအဖွဲ့ဝင်တွေရဲ့ တာဝန်တွေထဲက အဓိကကျတဲ့ အရေးကြီးဆုံး တာဝန်တစ်ရပ်ဖြစ်ပါတယ်။

ဆန္ဒမဲလက်မှတ်တွေ ပေးပြီးရင် ရေတွက်ရတော့မယ်။ ရေတွက်ပြီးတော့ တစ်ခါစာရင်းတွေ ပြုစုရမယ်။ စာရင်းတွေပြုစုပြီးတော့တစ်ခါ ရလဒ်တွေကို ကြေညာတော့မယ်။ ဘယ်သူကတော့ ရွေးကောက်ခံရတဲ့ လွှတ်တော်ကိုယ်စားလှယ်ပါဆိုတာကို ကြေညာရမယ်။ ရွေးကောက်ပွဲတစ်ခုလုံးရဲ့ တကယ့်အရေးကြီးတဲ့ လုပ်ငန်းဖြစ်ပါတယ်။ မဲရုံပိတ်တာနဲ့ တစ်ပြိုင်နက် ဆန္ဒမဲရေတွက်ရပါတယ်။ ဆန္ဒမဲရေတွက်ပုံ ရေတွက်နည်းကို ဦးမြတ်ထွန်းဦးကပဲ စပြီး ဆွေးနွေးပေးပါဦး။

**ဦးမြတ်ထွန်းဦး** ။ ။ ဆန္ဒမဲပေးပိုင်ခွင့်ရှိတဲ့သူတွေ အားလုံး မဲရုံကို ဆန္ဒမဲလာရောက်ပေးပြီးလို့ပဲဖြစ်ဖြစ်၊ ညနေ ၄ နာရီ ထိုးပြီးလို့ပဲဖြစ်ဖြစ် မဲရုံကိုပိတ်ပြီးတော့ မဲရုံမှူးကနေပြီး အသုံးမပြုဘဲ ကျန်နေတဲ့ ဆန္ဒမဲလက်မှတ်တွေကို မဲရုံမှာပဲ မဲရုံအဖွဲ့ဝင်တွေ၊ အများပြည်သူတွေ၊ မဲရုံကိုယ်စားလှယ်တွေ၊ သူတို့ရဲ့ရှေ့မှောက်မှာ ရေတွက်ပြီးတော့မှ အသုံးမပြုဘဲ ကျန်နေတဲ့ ဆန္ဒမဲလက်မှတ်စာရင်းဆိုတဲ့ ပုံစံ (၁၆-၁) နဲ့ သုံးစောင်ပြုစုရမှာ ဖြစ်ပါတယ်။

**ဦးမြင့်နိုင်** ။ ။ ဒါကတော့ ရှင်းသွားပါပြီ။ ယူထားတဲ့ ဆန္ဒမဲလက်မှတ်တွေနဲ့ အသုံးမပြုဘဲ ကျန်နေတဲ့ လက်မှတ်တွေ ဘယ်လိုရှိတယ်ဆိုတာ ပထမဆုံး ပြုစုရပါတယ်။

**ဦးမြတ်ထွန်းဦး** ။ ။ ဟုတ်ကဲ့ပါ။ အဲဒီလို ပုံစံတွေ မှန်ကန်ကြောင်းကို ဒီမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်နဲ့ မဲရုံကိုယ်စားလှယ်တွေကနေပြီးတော့မှ လက်မှတ်ရေးထိုးပြီးတော့ တစ်စောင်ကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၊ ကျန်တဲ့တစ်စောင်ကို ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲကို ပေးပို့ရမှာဖြစ်ပြီးတော့ တစ်စောင်ကိုတော့ မဲရုံမှူးက သူ့ရဲ့လက်ဝယ်မှာ ထိန်းသိမ်းထားရှိထားရမှာ ဖြစ်ပါတယ်။

ပြီးတဲ့နောက်မှာ မဲဆန္ဒရှင်တွေကို ထုတ်ပေးခြင်းမပြုရသေးတဲ့ မဲရုံမှူး လက်မှတ်ရေးထိုးထားတဲ့ မဲလက်မှတ်အပိုတွေ ကျန်ရှိနေမယ်ဆိုရင် အဲဒီမဲလက်မှတ်တွေကို အထက်ကနေ အောက်ဆုံးထိကို ကြက်ခြေခတ်ပြီးတော့မှ ပယ်ဖျက်ရမှာ ဖြစ်ပါတယ်။ ဆန္ဒမဲရေတွက်တဲ့နေရာမှာ ရောက်နေတဲ့ သက်သေအနည်းဆုံး ၁၀ ဦးရဲ့ အမည်ကို မဲရုံမှူးကနေပြီးတော့မှ ပုံစံ ၁၆ ရဲ့ ကျောဘက်မှာပေါ့ မှတ်တမ်းတင်ထားရမှာ ဖြစ်ပါတယ်။



**"မဲရုံမဖွင့်မီက လက်ခံရရှိထားတဲ့ ကြိုတင်ဆန္ဒမဲလက်မှတ်တွေရဲ့ရလဒ်နဲ့ မဲရုံမှာ လာရောက်ဆန္ဒမဲပေးတဲ့ ဆန္ဒမဲလက်မှတ်တွေရဲ့ ရလဒ်တွေကိုပေါင်းပြီးတော့ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေ ရရှိတဲ့ ဆန္ဒမဲစာရင်းပုံစံ(၁၆)နဲ့ ဆန္ဒမဲစာရင်းပုံစံ (၁၆ - က) တွေမှာ ရေးသွင်းပြုစုရမှာ ဖြစ်ပါတယ်"**

အဲဒါပြီးတဲ့နောက်မှာ မဲရုံမှူးက ဒုတိယမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်တွေ၊ မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်နဲ့ မဲဆန္ဒရှင်တွေကို ဒီမဲပုံးတွေဟာ ချိပ်ပိတ်ထားတဲ့ အခြေအနေအတိုင်းရှိကြောင်း ပြသပြီးတော့မှ မဲပုံးတွေကို ဖွင့်ရမှာဖြစ်ပါတယ်။ မဲလက်မှတ်တွေကို မရေတွက်မီ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးရေရှိတဲ့အတိုင်း မဲလက်မှတ်တွေ ထည့်ဖို့အတွက်ဆိုပြီးတော့ ခွက် ဒါမှမဟုတ် တောင်း ဒါတွေကိုလည်း စီစဉ်ထားရမှာ ဖြစ်ပါတယ်။

ဆန္ဒမဲလက်မှတ်တွေ ပျောက်ဆုံးခြင်း ရှိ/မရှိ စိစစ်နိုင်ဖို့အတွက် အဲဒီမဲပုံးထဲက မဲလက်မှတ်တွေကိုထုတ်ပြီး ရေတွက်ရမှာဖြစ်ပါတယ်။ အဲဒါပြီးတဲ့နောက်မှာ ထုတ်ပေးထားတဲ့ ဆန္ဒမဲလက်မှတ် အရေအတွက်နဲ့ မဲပုံးထဲက ထုတ်ယူရရှိတဲ့ ဆန္ဒမဲလက်မှတ် အရေအတွက် ကိုက်ညီမှု ရှိ/မရှိကို စိစစ်ရမှာ ဖြစ်ပါတယ်။

အကယ်၍ ကိုက်ညီမှုမရှိခဲ့ဘူးဆိုရင် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲကို တင်ပြရမှာ ဖြစ်ပါတယ်။ ဆန္ဒမဲလက်မှတ်ရေတွက်တာကိုတော့ ဆက်လက်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ထုတ်ပေးထားတဲ့ ဆန္ဒမဲလက်မှတ်အရေအတွက်နဲ့ ဒီမဲပုံးထဲက ထုတ်ယူရရှိတဲ့ ဆန္ဒမဲလက်မှတ် အရေအတွက် ကိုက်ညီမှု ရှိ/မရှိ စိစစ်ပြီးတဲ့အခါ မဲရုံမှူးက စောစောက လွှတ်တော်ကိုယ်စားလှယ်လောင်းတွေ ရရှိတဲ့ ဆန္ဒမဲလက်မှတ်ရရှိတဲ့စာရင်း ပုံစံ(၁၆) နဲ့ တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်းတွေရရှိတဲ့ ဆန္ဒမဲလက်မှတ်စာရင်း ပုံစံ (၁၆-က)တွေမှာပါတဲ့ မှတ်ချက်အကွက်မှာပဲ ခုနက စိစစ်ထားတဲ့ကိစ္စကို ရေးသွင်းရမှာ ဖြစ်ပါတယ်။

**ဦးမြင့်နိုင်** ။ ။ ထုတ်ပေးထားတဲ့ မဲလက်မှတ်နဲ့ မဲပုံးထဲကရတဲ့ ဆန္ဒမဲလက်မှတ် ကိုက်သလား မကိုက်သလား။ ကိုက်ရင်လည်း ကိုက်ညီမှုရှိတယ်။ မကိုက်ရင်လည်း ဘာကြောင့် ကွာခြားရတယ်ဆိုတာကို မှတ်ချက်ရေးပါတယ်။

**ဦးမြတ်ထွန်းဦး** ။ ။ မဲလက်မှတ် ရေတွက်တာကိုတော့ မဲရုံမှူးကိုယ်တိုင်ကပဲဖြစ်ဖြစ်၊ မဲရုံမှူးကနေပြီး တာဝန်ပေးအပ်ထားတဲ့ မဲရုံအဖွဲ့ဝင် တစ်ဦးဦးကပဲဖြစ်ဖြစ်၊ အဲဒီမဲရုံမှာပဲ မဲရုံအဖွဲ့ဝင်တွေ၊ အသိသက်သေတွေ၊ အများပြည်သူတွေ၊ မဲရုံကိုယ်စားလှယ်တွေရဲ့ ရှေ့မှောက်မှာ ရေတွက်ရမှာ ဖြစ်ပါတယ်။ အဲဒီလို ရေတွက်တဲ့နေရာမှာ ပုံစံ(၁၃)နဲ့ မဲရုံမဖွင့်မီက လက်ခံရရှိထားတဲ့ ကြိုတင်ဆန္ဒမဲပုံးထဲက ကြိုတင်ဆန္ဒမဲ လက်မှတ်တွေကို အရင်ဦးဆုံး ရေတွက်ရမှာ ဖြစ်ပါတယ်။

အဲဒီလို ဆန္ဒမဲရေတွက်တာကို ရွေးကောက်ပွဲစောင့်ကြည့်လေ့လာတဲ့သူတွေကို လေ့လာစောင့်ကြည့်ခွင့်ပြုရမှာ ဖြစ်ပါတယ်။ ဆန္ဒမဲလက်မှတ် ရေတွက်တဲ့နေရာမှာ ဆန္ဒမဲလက်မှတ်တစ်စောင်ချင်းစီကို မဲရုံအဖွဲ့ဝင်တွေ၊ အသိသက်သေတွေ၊ မဲရုံကိုယ်စားလှယ်တွေကို ပြသပြီးတော့မှ ရေတွက်ရမှာဖြစ်ပါတယ်။ အဲဒီလို ရေတွက်တဲ့နေရာမှာ ဆန္ဒမဲလက်မှတ်တစ်စောင်ချင်းစီကို စိစစ်ပြီးတော့မှ ဆန္ဒမဲလက်မှတ်က ပယ်မဲ မဟုတ်ခဲ့ဘူးဆိုရင် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းအတွက် ထားထားတဲ့ခွက် ဒါမှမဟုတ် တောင်းထဲကို အဲဒီမဲလက်မှတ်ကို ထည့်ရမှာဖြစ်ပါတယ်။

### ရေးသွင်းပြုစု

သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းစီရရှိတဲ့ ဒီဆန္ဒမဲလက်မှတ်တွေကို ဆက်ပြီးတော့ ရေတွက်ရမှာဖြစ်ပါတယ်။ အဲဒီ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးစီရရှိတဲ့ ဆန္ဒမဲလက်မှတ်တစ်စောင်ချင်းစီကို တစ်ရွက်ချင်းအလိုက် အဲဒီမှာ အမှတ်စဉ် ရေးထိုးထားရမှာ ဖြစ်ပါတယ်။ မဲရုံမဖွင့်မီက လက်ခံရရှိထားတဲ့ ကြိုတင်ဆန္ဒမဲလက်မှတ်တွေရဲ့ရလဒ်နဲ့ မဲရုံမှာ လာရောက်ဆန္ဒမဲပေးတဲ့ ဆန္ဒမဲလက်မှတ်တွေရဲ့ရလဒ်တွေကို ပေါင်းပြီးတော့ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေ ရရှိတဲ့ ဆန္ဒမဲစာရင်းပုံစံ (၁၆)နဲ့ ဆန္ဒမဲ စာရင်းပုံစံ (၁၆ - က) တွေမှာ ရေးသွင်းပြုစုရမှာ ဖြစ်ပါတယ်။

**ဦးမြင့်နိုင်** ။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဆိုရင် ပုံစံ(၁၆)ထဲမှာဖြည့်၊ တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်ရှိခဲ့ရင် ပုံစံ (၁၆-က)မှာ ဖြည့်ရမယ်။ မဲပုံးထဲက ထည့်လိုက်တဲ့ မဲတွေကို ရေတွက်တဲ့နေရာမှာ ဘယ်လိုမဲမျိုးဟာ ပယ်မဲဖြစ်သွားသလဲ။

**ဒေါ်ဆုနှင်းဇော်** ။ ။ မဲရုံမှူးတွေအနေနဲ့ ဒီဆန္ဒမဲလက်မှတ်တွေကို ရေတွက်တဲ့အခါမှာ မဲရုံအဖွဲ့ဝင်တွေ၊ အများပြည်သူတွေ၊ အသိသက်သေတွေနဲ့ ဒီမဲရုံကိုယ်စားလှယ်တွေရဲ့ ရှေ့မှောက်မှာ ဆန္ဒမဲလက်မှတ်တစ်ရွက်ချင်းစီကို ပြသပြီးတော့ ရေတွက်ရပါတယ်။ အဲဒီလို ဆန္ဒမဲလက်မှတ်တွေကို ရေတွက်တဲ့အခါမှာ ပယ်မဲက အကြမ်းအားဖြင့် (၉) ချက် သတ်မှတ်ထားပါတယ်။

အဲဒီလို ပယ်မဲတွေအနေနဲ့ သတ်မှတ်ရမယ့် ဆန္ဒမဲလက်မှတ်တွေကတော့ တစ် အချက်အနေနဲ့ ကော်မရှင်ကနေပြီး အတည်ပြုထားတဲ့ အမှတ်အသားမပါတဲ့ ဆန္ဒမဲလက်မှတ်တွေ၊ မဲရုံမှူးလက်မှတ်မပါတဲ့ ဆန္ဒမဲလက်မှတ်တွေ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးထက်ပိုပြီး ဆန္ဒပြုထားတဲ့ ဆန္ဒမဲလက်မှတ်တွေ၊ ဆန္ဒပြုထားခြင်းမရှိတဲ့ ဆန္ဒမဲလက်မှတ်တွေ၊ ဆန္ဒပြုထားတဲ့ ဆန္ဒမဲလက်မှတ်ဟာ မသေချာမထင်ရှားတဲ့ ဆန္ဒမဲလက်မှတ်တွေ၊ ဆုတ်ဖြဲထားတဲ့ ဆန္ဒမဲလက်မှတ်တွေ၊ ကော်မရှင်ကနေပြီးတော့ ပယ်မဲအဖြစ် သတ်မှတ်ဖို့ ထုတ်ပြန်ထားတဲ့ ဆန္ဒမဲလက်မှတ်တွေပဲ ဖြစ်ပါတယ်။

**ဦးမြင့်နိုင်** ။ ။ ကော်မရှင်က ပယ်မဲအဖြစ် သတ်မှတ်တယ်ဆိုတော့ ဘယ်လိုမဲမျိုးကို ပယ်မဲဖြစ်တယ်လို့ ကော်မရှင်က သတ်မှတ်ထားသလဲ။

**ဒေါ်ဆုနှင်းဇော်** ။ ။ သတ်မှတ်ထားတဲ့ တံဆိပ်တုံးနေရာမှာ ရိုက်နှိပ်ထားပေမယ့် ဒီတံဆိပ်တုံးမှာ ပါဝင်တဲ့အကွက်တွေဟာ ယှဉ်ပြိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်း နှစ်ဦးစလုံးရဲ့အကွက်မှာ အချိုးညီစွာ ရိုက်နှိပ်ထားတဲ့ ဘယ်သူ့ကို ဆန္ဒမဲပေးသလဲဆိုတာကို ဆုံးဖြတ်ဖို့ ခက်ခဲတဲ့ ဆန္ဒမဲလက်မှတ်တွေ၊ သတ်မှတ်ထားတဲ့ တံဆိပ်တုံး ရိုက်နှိပ်ရန် နေရာနဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းရဲ့ အမည်နေရာနဲ့ ပါတီတံဆိပ်နေရာ တစ်ခုခုတို့တွင် ရိုက်နှိပ်ထားခြင်းမရှိဘဲ လေးထောင့်ကွက်အပြင်ရောက်နေတဲ့ ဆန္ဒမဲလက်မှတ်တွေ၊ မဲရုံမှူးလက်မှတ်မပါတဲ့ ဆန္ဒမဲလက်မှတ်တွေ၊ အမှတ်အသားတွေ ပြုလုပ်ထားတဲ့ ဆန္ဒမဲလက်မှတ်တွေ၊ အစွန်းအထင်းပါတဲ့ ဆန္ဒမဲလက်မှတ်တွေ၊ ဆုတ်ဖြဲထားတဲ့ ဆန္ဒမဲလက်မှတ်တွေ၊ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပိုပြီးတော့ ဆန္ဒပြုထားတဲ့ ဆန္ဒမဲလက်မှတ်တွေ၊ လွှတ်တော်ကိုယ်စားလှယ်လောင်း နှစ်ဦးစလုံးကို ဆန္ဒပြုထားတဲ့ ဆန္ဒမဲလက်မှတ်တွေ ဖြစ်ပါတယ်။

ပြီးတော့ ဆန္ဒမဲလက်မှတ်တစ်ခုမှာ တံဆိပ်နှစ်ခု ရိုက်နှိပ်ထားတဲ့ အနေအထားမျိုးမှာဆိုရင်တော့ ပထမတံဆိပ်တုံးဟာ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးကို ဆန္ဒပြုထားပြီးတော့ ဒုတိယတံဆိပ်တုံးဟာဆိုရင် ဒီထဲမှာ ပါဝင်တဲ့ တံဆိပ်တုံးအရာ ကိုးခုအနက် အနည်းဆုံးငါးခုဟာ အခြား လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးဘက်ကို ရောက်ရှိနေမယ်ဆိုရင် ပယ်မဲအဖြစ် သတ်မှတ်ပါတယ်။

**ဦးမြင့်နိုင်** ။ ။ ကော်မရှင်ကနေပြီးတော့မှ ဘယ်လိုမဲမျိုးကို ပယ်မဲအဖြစ် သတ်မှတ်သင့်တယ်ဆိုတာကို ညွှန်ကြားချက်ပေးထားတာ ဖြစ်ပါတယ်။ ဒါကတော့ မဲပုံးထဲက ထည့်တဲ့ မဲတွေပါ။ မဲပုံးထဲမှာထည့်တဲ့မဲကို ပယ်မဲအဖြစ် သတ်မှတ်တာနဲ့ ကြိုတင်မဲတွေကို သတ်မှတ်ပုံ သတ်မှတ်နည်းက မတူတဲ့အချက်တွေရှိတယ်။ အဲဒါကိုတော့ ဒေါ်မြသန္တာထွန်း ဆွေးနွေးပြောပြပါဦး။

**ဒေါ်မြသန္တာထွန်း** ။ ။ ကြိုတင်မဲလို့ ဆိုတာနဲ့ ရပ်ကွက် ဒါမှမဟုတ်ရင် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲမှာ ပေးတဲ့ ကြိုတင်မဲနဲ့ မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်တွေ မြို့နယ်မှာပေးတဲ့ ကြိုတင်မဲဆိုပြီး နှစ်မျိုးရှိပါတယ်။ အဲဒီလိုမျိုး မဲဆန္ဒရှင်အနေနဲ့ ကြိုတင်မဲ ဆန္ဒမဲတွေကို ဆန္ဒပြုကြတဲ့အခါမှာ သတ်မှတ်ထားတဲ့ လေးထောင့်ကွက်အတွင်းမှာ ဘောလ်ပင်နဲ့ အမှန်ခြစ်ပြီး ဆန္ဒပြုရမှာဖြစ်ပါတယ်။

### ပယ်မဲအဖြစ်သတ်မှတ်

ဆန္ဒပြုထားတဲ့ ကြိုတင်ဆန္ဒမဲ လက်မှတ်တွေကို ရေတွက်တဲ့အခါမှာ ပယ်မဲအဖြစ် သတ်မှတ်လို့ရတဲ့ အချက်(၁၀)ချက်ရှိပါတယ်။ အဲဒါတွေကတော့ ကော်မရှင်ကနေ အတည်ပြုထားတဲ့ အမှတ်အသားမပါတဲ့ ကြိုတင်ဆန္ဒမဲလက်မှတ်တွေ၊ သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲရဲ့ တံဆိပ်တုံးမပါတဲ့ ကြိုတင်ဆန္ဒမဲလက်မှတ်တွေ၊ မဲလက်မှတ်ကို တာဝန်ခံထုတ်ပေးတဲ့သူရဲ့ အမည်နဲ့ လက်မှတ်မပါတဲ့ ကြိုတင်ဆန္ဒမဲလက်မှတ်တွေ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးထက်ပိုပြီး ဆန္ဒပြုထားတဲ့ ကြိုတင်ဆန္ဒမဲလက်မှတ်တွေ၊ ဆန္ဒပြုထားခြင်းမရှိတဲ့ ကြိုတင်ဆန္ဒမဲလက်မှတ်တွေ၊ ဆန္ဒပြုထားတာက မသေချာမထင်ရှားတဲ့ ကြိုတင်ဆန္ဒမဲလက်မှတ်တွေ၊ ကြိုတင်ဆန္ဒမဲလက်မှတ်က အတုဖြစ်တယ်ဆိုပြီး ကော်မရှင်၊ ကော်မရှင်အဖွဲ့ခွဲ ဒါမှမဟုတ် မဲရုံမှူးကနေပြီး ဆုံးဖြတ်ထားတဲ့ ကြိုတင်ဆန္ဒမဲလက်မှတ်တွေ၊ ဆန္ဒပြုထားတဲ့သူက ဘယ်သူဘယ်ဝါဆိုတာကို သိရှိနိုင်အောင် အမှတ်အသားပြုထားတဲ့ ကြိုတင်ဆန္ဒမဲလက်မှတ်တွေ၊ ဆုတ်ဖြဲထားတဲ့ ကြိုတင်ဆန္ဒမဲလက်မှတ်တွေနဲ့ ကော်မရှင်ကနေပြီးတော့ ပယ်မဲအဖြစ် သတ်မှတ်ဖို့ ထုတ်ပြန်ထားတဲ့ ကြိုတင်ဆန္ဒမဲ လက်မှတ်တွေပဲ ဖြစ်ပါတယ်။

**ဦးမြင့်နိုင်** ။ ။ မဲရုံမှာပေးတဲ့ မဲကျတော့ ကိုယ်ထောက်ခံချင်တဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းကို တံဆိပ်တုံးထုတာပါ။ ပြီးတော့ ဆန္ဒပြုတယ်။ ကြိုတင်မဲတွေကိုတော့ တံဆိပ်တုံးမထုဘူး အမှန်ခြစ်နဲ့ပဲ ပြုလုပ်တယ်။ အဲဒါကို နည်းနည်း သတိထားရမှာပါ။ ဒါ့ကြောင့်မို့ အမှန်ခြစ်ဘယ်လိုခြစ်သလဲ အမှန်ခြစ်တဲ့အပေါ်မှာ မသေချာမရေရာလို့ရှိရင် ပယ်မဲဖြစ်သွားပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

*စာမျက်နှာ ၇ မှ*

တောင်သူများအား စိုက်ပျိုးရေး ပညာပေးရန်၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်သူများ အစုအဖွဲ့ မဖွဲ့စည်းရသေးသည့် နေရာများတွင် စုဖွဲ့ပေးရန်၊ လမ်းပန်းဆက်သွယ်ရေး ဝေးလံခက်ခဲသည့် ဒေသများသို့ ကော်ဖီပျိုးပင်များ ပို့ဆောင်မည်ဆိုပါက သယ်ယူမှုကုန်ကျစရိတ် အလွန်များပြားသည့်အတွက် ယင်းဒေသများသို့ မျိုးစေ့များယူ၍ ပျိုးထောင်နိုင်ရန် နည်းလမ်းများ ရှာဖွေဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

**ပြည်ပဝင်ငွေရရှိနေ**

ကော်ဖီဈေးကွက်သည် ကမ္ဘာတွင် ကြီးမားပါကြောင်း၊ ပြည်ပပို့ကုန်တိုးမြှင့်နိုင်ရေးအတွက် အဓိကဆောင်ရွက်ရမည့်အထဲတွင် ကော်ဖီလည်း ပါဝင်ပါကြောင်း၊ ဗီယက်နမ်နိုင်ငံသည် နှစ်စဉ် ကော်ဖီတင်ပို့ရောင်းချမှုမှ တစ်ဆင့် အမေရိကန်ဒေါ်လာ ၃ ဘီလီယံခန့် ပြည်ပဝင်ငွေရရှိနေသည်ဟု သိရှိရပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် နှစ်စဉ် ကော်ဖီ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ဖိုးခန့် တင်သွင်းနေရပါကြောင်း၊ မိမိတို့ နိုင်ငံ၏ ရေမြေသဘာဝတွင် ကော်ဖီကိုအောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးနိုင်သည့်အပြင် ထွက်ရှိလာသည့် ကော်ဖီများသည် ကမ္ဘာ့အထူးတန်းဝင် ဖြစ်သည့်အတွက် တိုးချဲ့စိုက်ပျိုးသွားရန် လိုအပ်ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်နိုင်ပါက ပြည်ပပို့ကုန် တိုးမြှင့်နိုင်ခြင်းဖြင့် နိုင်ငံခြားဝင်ငွေ ပိုမိုရရှိနိုင်သကဲ့သို့ သွင်းကုန်အစားထိုးနိုင်ခြင်းဖြင့် ကုန်သွယ်မှုလိုငွေကို လျှော့ချနိုင်မည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပြည်တွင်းက မိရိုးဖလာ နည်းစနစ်အပြင် နိုင်ငံတကာနည်းပညာနှင့်ပါ ပူးပေါင်းဆောင်ရွက်မည်ဆိုပါက ပိုမိုအောင်မြင်လာမည်ဟု ယုံကြည်ပါကြောင်းနှင့် သက်ဆိုင်ရာဌာန၊ ဒေသခံတောင်သူများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်ရန်လည်း လိုအပ်ပါကြောင်း မှာကြားသည်။




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ပြင်ဦးလွင်မြို့ရှိ မျိုးပိုးဥနှင့် ပိုးစာသုတေသနခြံ၌ မျိုးပိုးဥထုတ်လုပ်မှု၊ မွေးမြူမှုနှင့် ပိုးအိမ်ထုတ်လုပ်မှုအခြေအနေများကို ကြည့်ရှုစဉ်။

ယင်းနောက် ဒုတိယသမ္မတသည် ဒေသအလိုက် ကော်ဖီထုတ်ကုန်ပစ္စည်းများ၊ ကော်ဖီသုတေသနပျိုးခြံ၊ Coffee Cup Test အခန်း၊ ကော်ဖီသီးကြိတ်ခွဲစက်ရုံ၊ သဘာဝမြေဩဇာပြုလုပ်ထားပုံ၊ ခာတ်ခွဲခန်းများနှင့် ဒိုးကွင်ကော်ဖီစိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့သည် ပြင်ဦးလွင်မြို့ရှိ မျိုးပိုးဥနှင့် ပိုးစာသုတေသနခြံသို့ ရောက်ရှိကြရာ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းမြင့်နှင့် ညွှန်ကြားရေးမှူး ဦးအောင်မိုးတို့က မြန်မာနိုင်ငံတွင် ပိုးစာသီးနှံစိုက်ပျိုးထုတ်လုပ်မှု၊ မျိုးပိုးဥထုတ်လုပ်မှု၊ မွေးမြူမှု၊ ပိုးအိမ်ထုတ်လုပ်မှုနှင့် ဌာနပိုင်ပိုးစာခြံများ၊ စက်ရုံများ တည်ဆောက်ထားမှုနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက ပိုးချည်မျှင်ဈေးကွက်ကို မျက်ခြည်မပြတ်လေ့လာပြီး ပိုးမွေးမြူရန် အခြေအနေပေးသည့် ဒေသများတွင် ပုဂ္ဂလိကကုမ္ပဏီများနှင့် တောင်သူများ Contract Farming စနစ်ဖြင့် ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာ ဌာနများက ကူညီဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ မျိုးပိုးဥထုတ်လုပ်ခြင်း နည်းပညာ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ပြည်ပနည်းပညာများ ရယူနိုင်ရေးအတွက် နိုင်ငံခြားပညာသင်များ စေလွှတ်နိုင်ရေးကိုလည်း လိုအပ်သလို စဉ်းစားဆောင်ရွက်သွားစေလိုပါကြောင်း၊ စိုက်ပျိုးထုတ်လုပ်နိုင်မှုနှင့် ဈေးကွက်အခြေအနေအပေါ် မူတည်၍ ပိုးချည်စက်ရုံတည်ဆောက်နိုင်ရေးကိုလည်း သုံးသပ်ဆောင်ရွက်သွားစေလိုပါကြောင်း ပြောကြားသည်။

**လိုက်လံကြည့်ရှု**

ယင်းနောက် ဒုတိယသမ္မတသည် မျိုးပိုးဥထုတ်လုပ်မှု၊ မွေးမြူမှု၊ ပိုးအိမ်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပိုးစာစိုက်ခင်းများ စိုက်ပျိုးထားမှုနှင့် ပိုးစာနှင့် ပိုးသုတေသနလုပ်ငန်းများ ဆောင်ရွက်ထားမှု အခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြင်ဦးလွင်မြို့အမျိုးသားကန်တော်ကြီးဥယျာဉ်သို့ ရောက်ရှိကြပြီး ဥယျာဉ်အတွင်း အရိပ်ရပင်များစိုက်ပျိုးထားရှိမှု၊ ရာသီအလိုက် အပင်များနှင့် ရှားပါးအပင်မျိုးစိတ်များ ပြုစုပျိုးထောင်ထားမှု၊ မြေယာရှုခင်း ပြုပြင်ထိန်းသိမ်းထားမှု၊ သစ်ခွဥယျာဉ်နှင့် လိပ်ပြာပြတိုက်တို့ကို လှည့်လည်ကြည့်ရှုလေ့လာသည်။

ပြင်ဦးလွင်မြို့အမျိုးသားကန်တော်ကြီးဥယျာဉ်ကို ပြည်တွင်း၊ ပြည်ပ ဧည့်သည်များ အနားယူအပန်းဖြေနိုင်ရန်၊ သစ်တော၊ သစ်ပင်၊ သဘာဝပတ်ဝန်းကျင် တန်ဖိုးနှင့် အရေးကြီးပုံကို ပြည်သူလူထုက နားလည်တန်ဖိုးထားတတ်လာစေရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ၌ ပိုမိုပူးပေါင်းပါဝင်လာစေရန်၊ ရုက္ခဗေဒပညာရှင်များ၊ ပန်းဝါသနာရှင်များနှင့် သုတေသီများအတွက် အားထားလေ့လာစရာ လက်တွေ့ခာတ်ခွဲခန်းသဖွယ် အထောက်အကူဖြစ်စေရန်၊ မျိုးသုဉ်းရန် အန္တရာယ်ရှိသည့် အပင်များနှင့် မြန်မာ့ရှားပါးအပင်မျိုးစိတ်များကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်၊ မြန်မာနိုင်ငံ၏ သဘာဝအခြေခံ ခရီးသွားကဏ္ဍ မြှင့်တင်ခြင်းကို အထောက်အကူပြုရန် စသည့် ရည်ရွယ်ချက်များဖြင့် တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့သည် ပြင်ဦးလွင်မြို့နယ် New Mandalay Resort City စီမံကိန်းသို့ရောက်ရှိကြရာ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းထိန်က စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ စီမံကိန်းအား အပိုင်းသုံးပိုင်းခွဲ၍ ဆောင်ရွက်မည့် အစီအစဉ်၊ Invitation for Expression of Interest ဖိတ်ခေါ်ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

**လိုအပ်ချက်များမှာကြား**

တင်ပြချက်များနှင့် စပ်လျဉ်းပြီး ဒုတိယသမ္မတက လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် New Mandalay Resort City စီမံကိန်းဧရိယာအတွင်း ဆောင်ရွက်ထားမှု အခြေအနေအား မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးပြီး စီမံကိန်းဧရိယာအတွင်းရှိ Burst Transmission Co.,Ltd စက်ရုံအတွင်း Camera နှင့် အပိုပစ္စည်းများ ထုတ်လုပ်နေမှု၊ Printer စက်ပစ္စည်းအစိတ်အပိုင်းများ၊ Fiber အစိတ်အပိုင်းများ၊ CCTV နှင့် Scan စက်တို့၏ Sensors များ ထုတ်လုပ်နေမှုတို့ကို ကြည့်ရှုလေ့လာသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာရာ ညပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သမ္မတနိုင်ငံ သံအမတ်ကြီးအားလက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၃၁**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Christian LECHERVY အား ယနေ့ နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ပြင်သစ်နိုင်ငံတို့အကြား အခြေခံအဆောက်အအုံ တည်ဆောက်ရေးကဏ္ဍများတွင် ပြင်သစ်နိုင်ငံကုမ္ပဏီများ ပါဝင်ဆောင်ရွက်နိုင်ရေး ရန်ကုန်မြို့ရှိ ပြင်သစ်ဘာသာစကားသင်တန်းကျောင်း ကိစ္စ၊ ဗဟိုသင်တန်းကျောင်း သုဝဏ္ဏ အဆင့်မြှင့်တင်ခြင်း ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ငွေထုတ်သူအရာရှိ တိုင်းဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မြင့်ကျော်နှင့် ဌာနခွဲစာရေး ဒေါ်သူဇာတို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၃၁**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်လမ်းလုပ်ငန်းများ တင်ဒါခေါ်ယူဆောင်ရွက်ရာတွင် ကုမ္ပဏီများထံမှ ငွေကြေးကောက်ခံခြင်းနှင့် လာဘ်ငွေရယူခြင်းအပေါ် စစ်ဆေးတွေ့ရှိချက်နှင့်စပ်လျဉ်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ လွှဲပြောင်းပေးပို့ခဲ့သည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဘတ်ဂျက်နှင့် တိုင်းဒေသကြီးအစိုးရရန်ပုံငွေ ဘတ်ဂျက်တို့မှ ကျေးလက်လမ်းလုပ်ငန်းများ တင်ဒါခေါ်ယူဆောင်ရွက်ရာတွင် လုပ်ငန်းပြီးစီးမှုအရ ၂၅ ရာခိုင်နှုန်းကို လုပ်ငန်းတန်ဖိုးငွေအဖြစ် ခွဲဝေထုတ်ပေးရာ၌ မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ငွေထုတ်သူအရာရှိ တိုင်းဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မြင့်ကျော်နှင့် ဌာနခွဲစာရေး ဒေါ်သူဇာတို့သည် လုပ်ပိုင်ခွင့်အာဏာကို အလွဲသုံးစားပြု၍ တင်ဒါအောင်မြင်သော ကုမ္ပဏီခြောက်ခုထံမှ လုပ်ငန်းပြီးစီးမှုရာခိုင်နှုန်းအလိုက် ထုတ်ပေးရမည့်ငွေများထဲမှ ၃ ရာခိုင်နှုန်းဖြစ်သည့် ငွေကျပ် (၁၀ ဒသမ ၂၇၈) သန်းကျော်အား "ရုံးစရိတ်/ငွေထုတ်စရိတ်" ဟု အကြောင်းပြကာ ဥပဒေနှင့်အညီ ရထိုက်သောအခွင့်အရေးကို မမှန်မကန်ပိတ်ပင်၍ အကြိမ်ကြိမ် အပိုကြေးဖြတ်တောက် တောင်းခံရယူ အဂတိလိုက်စားခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ငွေထုတ်သူအရာရှိ တိုင်းဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မြင့်ကျော် အပေါ် ၂၀၁၃ ခုနှစ်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆ အရ လည်းကောင်း၊ ဌာနခွဲစာရေး ဒေါ်သူဇာ အပေါ် ၂၀၁၃ ခုနှစ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၆/၆၃ အရ လည်းကောင်း အရေးယူဆောင်ရွက်ရန် မန္တလေးတိုင်းဒေသကြီး၊ မြစ်ငယ်နယ်မြေရဲစခန်း၌ ယနေ့တွင် ပထမသတင်းပေး တိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆိုအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**သတင်းစဉ်**

# တိုင်ကြားနိုင်ပါသည်

၁။ နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးကို ဖောက်ဖျက်ခံရခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ အခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ နိုင်ငံတော်ကလက်ခံထားသည့် လူ့အခွင့်အရေးနှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများပါရှိသည့် လူ့အခွင့်အရေးများကို ဖောက်ဖျက်ခံရခြင်းများရှိခဲ့ပါက ကိုယ်တိုင်အတွက် သော်လည်းကောင်း၊ အခြားသူတစ်ဦးအတွက် သော်လည်းကောင်း၊ လူတစ်စုကို ကိုယ်စားပြု၍ သော်လည်းကောင်း **ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အမှတ် (၂၇)၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့**သို့ လိပ်မူ၍ မှတ်ပုံတင်စာဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ အောက်ပါအချက်အလက်များ ပြည့်စုံစွာဖော်ပြ၍ တိုင်ကြားခြင်းများ ပြုလုပ်နိုင်ပါသည်-

(က) တိုင်တန်းသူ၏ အမည်၊ နေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံ၊ (ဆက်သွယ်ရန် ဖုန်း/လက်ကိုင် ဖုန်း၊ ဖက်စ်နှင့် e-mail တို့ရှိလျှင် ထည့်သွင်းဖော်ပြရန်)

(ခ) တိုင်တန်းသူသည်မည်ကဲ့သို့ မူလအခွင့်အရေး ဖောက်ဖျက်ခံရကြောင်း အချက်အလက်များဖြင့် အမှုနှင့်သက်ဆိုင်သော အထောက်အထားများပူးတွဲလျက် ပြည့်စုံစွာဖော်ပြရန်၊

(ဂ) တိုင်တန်းဖော်ပြချက်သည် မှန်ကန်စွာရေးသားဖော်ပြခြင်း ဖြစ်ကြောင်း ဝန်ခံချက်လက်မှတ်ရေးထိုးရန်၊

(ဃ) တိုင်တန်းသူ၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ။

၂။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် တိုင်တန်းချက်များကို စိစစ်ရာတွင် လိုအပ်ပါက တိုင်တန်းသူအား ခေါ်ယူတွေ့ဆုံမေးမြန်းပါမည်။

၃။ ထို့ပြင် တိုင်တန်းသူများလက်တုံ့ပြန်မှုမခံရစေရေးအတွက် ကော်မရှင်ဥပဒေ ပုဒ်မ ၃၈ အရ အကာအကွယ်ပေးမည် ဖြစ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

# တိမ်အသင့်အတင့်မှ တိမ်ထူထပ်

**နေပြည်တော် အောက်တိုဘာ ၃၁**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။


**မိုး/ဇလ**

ယမန်နေ့မှ အဆက်


# ပယ်မဲနမူနာပုံစံများ



ပုံစံ(၄)
- စုတ်ပြဲနေသောမဲ




ပုံစံ(၅)
- မဲရုံမှူးလက်မှတ်မပါသော မဲ



ပုံစံ(၆)
- လုံးဝ ဆန္ဒပြုမထားသော မဲ



ပုံစံ(၇)
- အစွန်းအထင်းပါသော မဲ



ပုံစံ(၈)
- အမှတ်အသားပြုထားသော မဲ



ပုံစံ(၉)
- ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ ဆန္ဒပြုထားသောမဲ



ပုံစံ(၁၀)
- ကိုယ်စားလှယ်လောင်းနှစ်ဦးအား ဆန္ဒပြုထားသောမဲ



ပုံစံ(၁၁)
- ပထမတံဆိပ်တုံးအကွက်သည် ကိုယ်စားလှယ်လောင်းတစ်ဦး အတွက်ဆန္ဒပြုထားပြီး ဒုတိယ တံဆိပ်တုံးအရာ၏ (၉)ကွက်တွင် အနည်းဆုံး(၅)ကွက်သည် အခြား ကိုယ်စားလှယ်လောင်းတစ်ဦး၏ အကွက်ပေါ်သို့ ကျရောက်နေသောမဲ

မှတ်ချက်။ ။အထက်ဖော်ပြပါပုံစံများသည် နမူနာပုံစံအချို့သာ ဖြစ်ပါသည်။ ၎င်းပုံစံနမူနာများနှင့် သဘောတရားတူသော မဲလက်မှတ်များကို ပယ်မဲအဖြစ် ဆုံးဖြတ်ရန်ဖြစ်သည်။

စာမျက်နှာ ၁၁ သို့

# ကြားဖြတ်ရွေးကောက်ပွဲ၏ ကြိုတင်ဆန္ဒမဲလက်မှတ်များ လက်ခံလျက်ရှိ

**မြင်းခြံ အောက်တိုဘာ ၃၁**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့တွင် ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့၌ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တစ်နေရာနှင့် ရှမ်းတိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်တစ်နေရာကို ရွေးချယ်ပေးမည်ဖြစ်ရာ ကြိုတင်ဆန္ဒမဲလက်မှတ်များကို စတင်လက်ခံလျက်ရှိကြောင်း သိရသည်။

ကြိုတင်ဆန္ဒမဲလက်မှတ်များကို အောက်တိုဘာ ၂၄ ရက်မှ စတင်၍ လက်ခံလျက်ရှိရာ ကြိုတင်ဆန္ဒမဲလက်မှတ်များနှင့် ပတ်သက်သည့်အချက်များကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲအရာရှိ ဒေါ်ခင်မာသန်းက ကြိုတင်ဆန္ဒမဲလက်မှတ်များကို အပိုင်းနှစ်ပိုင်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ အပိုင်း (၁)ကတော့ အောက်တိုဘာ ၂၄ ရက်မှ နိုဝင်ဘာ ၂ ရက်နေ့အထိ တာဝန်နှင့်ထွက်ခွာရမည့် ပြည်ထောင်စုနှင့်ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်း တာဝန်များဖြင့် သွားလာရမည့်သူများကို ကြိုတင်ဆန္ဒမဲများ ပေးရမည်ဖြစ်ကြောင်း၊ အပိုင်း(၂)မှ နိုဝင်ဘာ ၁ ရက်မှ ၂ ရက်နေ့ ရွေးကောက်ပွဲကာလ မဖြစ်မနေ တာဝန်နှင့် ခရီးသွားရမည့်သူများ၊ မသန်စွမ်းသူများ၊ အချုပ်ကျနေသူများက ကြိုတင်ဆန္ဒမဲပေးရမှာဖြစ်ကြောင်း၊ ကြိုတင်ဆန္ဒမဲလက်မှတ်များကို ပုံစံ (၁၅)ဖြင့် တောင်းခံထားသော ၁-၃ ဖြင့်ပြည်ပရောက်မဲဆန္ဒရှင်များ၏ ကြိုတင်မဲခြောက်ဦးရှိပြီး၊ ငါးဦးမှာ ကြိုတင်မဲပေး၍ တစ်ဦးမပေးကြောင်း၊ ၁-၁ ဖြင့် မဲဆန္ဒနယ်ပြင်ပရောက်(ပြည်တွင်း)တွင် ငါးဦးရှိပြီး သင်တန်းသားတစ်ဦး၊ အချုပ်ကျ သုံးဦး ကြိုတင်မဲပေး၍ တစ်ဦးမှာ ထောင်ကျသွားသဖြင့် မပေးရတော့ကြောင်း၊ ၁-၂ ဖြင့် မဲဆန္ဒနယ်ပြင်ပရောက် တပ်မတော်သားများ ၂၄၆ ဦးလည်း ကြိုတင်မဲဆန္ဒများပေးကြကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

မြင်းခြံမြို့နယ်တွင် ကြားဖြတ်ရွေးကောက်ပွဲအတွက် ရပ်ကွက်ပေါင်း ၂၀၊ ကျေးရွာအုပ်စုပေါင်း ၈၅ အုပ်စု ကျေးရွာပေါင်း ၁၈၅ ရွာတွင် မဲဆန္ဒပေးပိုင်ခွင့်ရှိသူပေါင်း ၂၂၁၆၅ ဦးရှိကာ မဲရုံပေါင်း ၂၆၈ ရုံတွင် ဆန္ဒမဲများပေးသွားကြမည်ဖြစ်သည်။ ကြားဖြတ်ရွေးကောက်ပွဲ၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်နေရာအတွက် ပါတီလေးခုမှ ဝင်ရောက်အရွေးချယ်ခံသွားမည်ဖြစ်ပြီး ရှမ်းတိုင်းရင်းသားလူမျိုးကိုယ်စားလှယ်တစ်နေရာအတွက် ပါတီငါးခုမှ ဝင်ရောက်အရွေးချယ်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်မင်းနိုင် (မြင်းခြံ)**

53rd MEETING OF ASEAN COMMITTEE ON CULTURE AND INFORMATION
aseancoci
12 - 16 NOVEMBER 2018
NAY PYI TAW, MYANMAR.

(၅၃)ကြိမ်မြောက် အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီ (ASEAN COCI) အစည်းအဝေးကို
နေပြည်တော်ရှိ Royal Naypyitaw ဟိုတယ်တွင်
(၁၂.၁၁.၂၀၁၈ မှ ၁၆.၁၁.၂၀၁၈) ရက်နေ့အထိ ကျင်းပသွားပါမည်။

## Private/Professional Mobile Radio (PMR) ဝန်ဆောင်မှုခွင့်ပြုပေးမည့် အစီအစဉ်အား သဘောထားမှတ်ချက် တောင်းခံခြင်း

ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် Private/Professional Mobile Radio (PMR) ဝန်ဆောင်မှု ခွင့်ပြုပေးမည့် အစီအစဉ်နှင့်စပ်လျဉ်း၍ အများပြည်သူသဘောထားမှတ်ချက်တောင်းခံခြင်းအား (၁-၁၁-၂၀၁၈) ရက်နေ့မှ (၁၉-၁၁-၂၀၁၈) ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

အသေးစိတ်အချက်အလက်များကို ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ Webpage ဖြစ်သည့် www.mote.gov.mm/news/ptd news တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**(ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန)**

စာမျက်နှာ ၁၀ မှ

# ကြိုတင်ဆန္ဒမဲ လက်မှတ်များအတွက် ခိုင်လုံမဲ နမူနာပုံစံများ



နမူနာ - ၁



နမူနာ - ၂



နမူနာ - ၃



နမူနာ - ၄



နမူနာ - ၅




နမူနာ - ၆



နမူနာ - ၇

ကိုယ်စားလှယ်လောင်းအမည်အကွက်နှင့် ပါတီသင်္ကေတအကွက် နှစ်ခုကြားတွင် ဆန္ဒပြုထားသော မဲလက်မှတ်




နမူနာ - ၈

ပါတီသင်္ကေတအကွက်နှင့် ကွက်လပ် နှစ်ခုကြားတွင် ဆန္ဒပြုထားသော မဲလက်မှတ်



နမူနာ - ၉

အမှန်ခြစ်ကို ဇောက်ထိုးခြစ်ထားသော မဲလက်မှတ်



နမူနာ - ၁၀

အမှန်ခြစ်ကို ပီပြင်အောင် ခြစ်မထားသော မဲလက်မှတ်



နမူနာ - ၁၁

တစ်ကြိမ်ထက်ပို၍ ဆန္ဒပြုထားသောမဲလက်မှတ်



နမူနာ - ၁၂

ခိုင်လုံမဲနမူနာများပါအတိုင်း ဆန္ဒပြုထားရမည့်အပြင် မဲလက်မှတ်၏ ကျောဘက်တွင် တာဝန်ခံအမည်၊ လက်မှတ်နှင့် ကော်မရှင်အဖွဲ့ခွဲ၏ တံဆိပ်ပါရှိသော မဲလက်မှတ်

မှတ်ချက်။ အထက်ဖော်ပြပါ ပုံစံများသည် နမူနာပုံစံအချို့သာဖြစ်ပါသည်။ ၎င်းနမူနာပုံစံများနှင့် သဘောတရားတူသော မဲလက်မှတ်များကို ခိုင်လုံမဲအဖြစ် ဆုံးဖြတ်ရန်ဖြစ်ပါသည်။

စာမျက်နှာ ၁၂ သို့

## လွှတ်တော်ကိုယ်စားလှယ်များနှင့် ပရဟိတအဖွဲ့အစည်းများ လူထုတွေ့ဆုံပွဲ ကျင်းပ

ညောင်ဦး အောက်တိုဘာ ၃၁

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်အတွင်း လူမှုကူညီရေး ပရဟိတအဖွဲ့အစည်းများမှ တာဝန်ရှိသူများ လူထုတွေ့ဆုံပွဲအခမ်းအနားကို ယမန်နေ့က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

တွေ့ဆုံပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောက ပြည်သူလူထုအကျိုးပြု လူမှုရေးကိစ္စရပ်များကို ကြိုးပမ်းလုပ်ကိုင်ဆောင်ရွက်ကြရာတွင် အခက်အခဲများရှိပါက တင်ပြပေးစေလိုကြောင်းနှင့် မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် တတ်နိုင်သမျှ ပံ့ပိုးကူညီဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မဲဆန္ဒနယ်မြေ(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ခိုင်၊ မဲဆန္ဒနယ်မြေ(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိန်တို့က လူမှုကူညီရေး ပရဟိတအဖွဲ့အစည်းအသင်းသား အသင်းသူများအနေဖြင့် စည်းစည်းလုံးလုံး ပူးပေါင်းဆောင်ရွက်မှသာ လုပ်ငန်းများ အောင်မြင်မှုရရှိမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့်လည်း ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ကြသည်။

တက်ရောက်လာသည့် ပရဟိတအဖွဲ့အစည်းများမှ ပရဟိတလုပ်ငန်းများ ဆောင်ရွက်ရာ၌ ကြုံတွေ့ရသည့် အခက်အခဲများနှင့် ညောင်ဦးမြို့ပေါ်၌ ဆောင်ရွက်ပေးရန် လိုအပ်သော လျှပ်စစ်မီးလုပ်ငန်း၊ လမ်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ လွှတ်တော်ကိုယ်စားလှယ်များက လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါတွေ့ဆုံပွဲသို့ ညောင်ဦးမြို့ပေါ်ရှိ လူမှုကူညီရေး ပရဟိတအဖွဲ့အစည်း ၁၄ ဖွဲ့မှ တာဝန်ရှိသူများနှင့် အဖွဲ့ဝင်များတက်ရောက်ခဲ့ကြောင်း သိရသည်။

ရဲဝင်းနိုင် (ညောင်ဦး)

## အများပြည်သူသို့ အသိပေးပန်ကြားခြင်း

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မိဘပြည်သူများအနေဖြင့် လျှပ်စစ်ဓာတ်အား ပြတ်တောက်ခြင်း၊ ဓာတ်အားလိုင်းကြိုးပြတ်ကျခြင်းစသော လျှပ်စစ်နှင့်ပတ်သက်သည့် လိုအပ်ချက်များရှိပါက ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းသို့ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်အကြောင်းကြားနိုင်ရန်အတွက် မြို့နယ်လျှပ်စစ်မန်နေဂျာရုံးအသီးသီးတွင် တပ်ဆင်ထားသော တယ်လီဖုန်းများအပြင် ရန်ကုန်လျှပ်စစ်ဓာတ် အားပေးရေး ကော်ပိုရေးရှင်းရုံးချုပ်၊ Call Center တွင် လက်ရှိဆက်သွယ် ဆောင်ရွက်လျက်ရှိသည့် အော်တိုတယ်လီဖုန်းများအစား အော်တိုဖုန်းအမှတ် (၁၇၁၇ ) သို့ (၁-၁၁-၂၀၁၈) ရက်နေ့မှစ၍ ပြောင်းလဲဆက်သွယ်ခေါ်ယူပေးနိုင်ပါရန် အသိပေးပန်ကြားအပ်ပါသည်။

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး
ကော်ပိုရေးရှင်း

စာမျက်နှာ ၁၁ မှ

# ကြိုတင်ဆန္ဒမဲလက်မှတ်များအတွက် ပယ်မဲနမူနာပုံစံများ



နမူနာ - ၁

ဆန္ဒပြုရမည့် အကွက်၏ပြင်ပတွင် ဆန္ဒပြုထားသော မဲလက်မှတ်



နမူနာ - ၂

လုံးဝဆန္ဒပြုမထားသောမဲလက်မှတ်



နမူနာ - ၃

အစွန်းအထင်းပါသောမဲလက်မှတ်



နမူနာ - ၄

အမှတ်အသားပြုထားသော မဲလက်မှတ်



နမူနာ - ၅

ကြက်ခြေခတ်၍ ဆန္ဒပြုထားသောမဲလက်မှတ်




နမူနာ - ၆

မည်သူ့အားဆန္ဒပြုထားကြောင်း ဆုံးဖြတ်ရခက်သည့် မဲလက်မှတ်




နမူနာ - ၇

မည်သူ့အား ဆန္ဒပြုထားကြောင်း ဆုံးဖြတ်ရခက်သည့် မဲလက်မှတ်



နမူနာ - ၈

မည်သူ့အား ဆန္ဒပြုထားကြောင်း ဆုံးဖြတ်ရခက်သည့် မဲလက်မှတ်



နမူနာ - ၉

ကိုယ်စားလှယ်လောင်းတစ်ဦးထက် ပို၍ ဆန္ဒပြုထားသော မဲလက်မှတ်



နမူနာ - ၁၀

နမူနာ-၆ပါ မဲလက်မှတ်များ၏ နောက်ကျောဘက် တာဝန်ခံ၏ အမည်၊ လက်မှတ်နှင့် ကော်မရှင်အဖွဲ့ခွဲ၏ တံဆိပ်မပါသော မဲလက်မှတ်

( မဲလက်မှတ်၏ ကျောဘက်တွင် လက်မှတ်ရေးထိုး၍ တံဆိပ်ထုရခြင်းဖြစ်သည်။ )

မှတ်ချက်။ ။အထက်ဖော်ပြပါ ပုံစံများသည် နမူနာပုံစံအချို့သာ ဖြစ်ပါသည်။ ၎င်းနမူနာပုံစံများနှင့် သဘောတရားတူသော မဲလက်မှတ်များကို ပယ်မဲအဖြစ် ဆုံးဖြတ်ရန် ဖြစ်ပါသည်။

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့် မိတ္ထီလာခရိုင်နှင့် မြို့နယ်များမှ ရွေးကောက်ပွဲကော်မရှင်များနှင့် တွေ့ဆုံ

**မိတ္ထီလာ အောက်တိုဘာ ၃၁**

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် (မန္တလေးတိုင်းဒေသကြီး တာဝန်ခံ) ဦးအောင်မြင့်သည် မိတ္ထီလာခရိုင်နှင့် မြို့နယ်များမှ ရွေးကောက်ပွဲကော်မရှင်များနှင့် ယနေ့ မွန်းတည့် ၁၂ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံခဲ့ကြောင်း သိရသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် (မန္တလေးတိုင်းဒေသကြီး တာဝန်ခံ) ဦးအောင်မြင့်က ကော်မရှင်အဖွဲ့ဝင်တစ်ဦးအနေဖြင့် ပြည်သူလူထုအတွက် အလုပ်လုပ်ပေးသွားမည်ဆိုသည့်ခံယူချက်ဖြင့် စိတ်ဓာတ်များပါ ပြောင်းလဲပြီး မဲဆန္ဒရှင်များ (ပြည်သူများ)လွတ်လပ်စွာ ဆန္ဒပြုနိုင်ရေးဆောင်ရွက်သွားရန်၊ တရားမျှမျှတတဖြင့် မိမိတို့ပေးလိုသည့် ဆန္ဒအတိုင်းပေးနိုင်အောင် ဆောင်ရွက်ပေးရန်၊ ရွေးကောက်ပွဲ ကျင်းပရာတွင်လည်း ပွင့်လင်းမြင်သာမှုရှိစေရန်နှင့် မိမိတို့တာဝန်ယူချိန်တွင် လုပ်ဆောင်ချက်များကို တာဝန်ခံမှု၊ တာဝန်ယူမှုများဖြင့် ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် မိတ္ထီလာခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဒေါက်တာသန်းထွန်းနှင့် မိတ္ထီလာ၊ မလှိုင်၊ သာစည်မြို့နယ်များမှ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌတို့က ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များနှင့် ပတ်သက်၍တင်ပြရာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် (မန္တလေးတိုင်းဒေသကြီး တာဝန်ခံ)က တင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းခဲ့သည်။

မိတ္ထီလာခရိုင်၌ ၂၀၁၈ ခုနှစ်ကြားဖြတ်ရွေးကောက်ပွဲတွင် ရှမ်းတိုင်းရင်းသား ကိုယ်စားလှယ်နေရာကို ရွေးချယ်သွားမည်ဖြစ်ရာ မဲဆန္ဒနယ်များဖြစ်သည့် မိတ္ထီလာမြို့နယ်တွင် ကျီးတော်ကုန်း၊ အောင်ဇေယျာ၊ ရန်မျိုးအောင်၊ ပြည်သာယာ (မြောက်)၊ ပြည်သာယာ(တောင်)၊ အောင်ဆန်း၊ ပေါက်ချောင်း၊ ရတနာမာရ်အောင်၊ မြို့မ၊နန်းတော်ကုန်းရပ်ကွက် စသည့် ရပ်ကွက် ၁၀ ခုနှင့် ညောင်ကိုင်း၊ ပျဉ်သာ၊ ကျောင်းရွာ၊ ဆည်ကုန်း၊ ရှမ်းတဲ၊ ကျောက်ဖြူကုန်း၊ မကျီးစုကျေးရွာစသည့် ကျေးရွာခုနစ်ရွာ စုစုပေါင်း ၁၇ နေရာတွင် ကျင်းပသွားမည်ဖြစ်ပြီး သာစည်မြို့နယ်တွင် ရပ်ကွက်ကြီး(၁)နှင့် ယင်းမာပင်၊ လယ်ပြင်ကျေးရွာ စုစုပေါင်းသုံးနေရာတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

# (၁၂)ကြိမ်မြောက် အာဆီယံဝန်ကြီးအဆင့် နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကျင်းပ

**နေပြည်တော် အောက်တိုဘာ ၃၁**

(၁၂)ကြိမ်မြောက် အာဆီယံဝန်ကြီးအဆင့် နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ (12$^{th}$ ASEAN Ministerial Meeting on Transnational Crime and its Related Meeting-12$^{th}$ AMMTC) ကို ယနေ့နံနက်ပိုင်းက နေပြည်တော်



အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ(၂)၌ ကျင်းပသည်။ **(အောက်ဝဲပုံ)**

အဆိုပါ 12$^{th}$ AMMTC နှင့်ဆက်စပ်အစည်းအဝေးများသို့ အာဆီယံ ၁၀ နိုင်ငံမှ ဝန်ကြီးအဆင့်များ၊ ဆွေးနွေးဖက်နိုင်ငံများဖြစ်ကြသည့် တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံတို့မှ ဝန်ကြီးအဆင့်များ၊ အာဆီယံအတွင်းရေးမှူးချုပ်၊ လူဝင်မှုကြီးကြပ်ရေးညွှန်ကြားရေးမှူးချုပ်များနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ဆိုင်ရာ ဌာနအကြီးအကဲများ အစည်းအဝေး (DGICM)မှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာနိုင်ငံများအလိုက် အဆင့်မြင့်အရာရှိကြီးအဆင့် ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ တက်ရောက်သည်။

အဆိုပါ အစည်းအဝေးဖွင့်ပွဲ အခမ်းအနားအပြီးတွင် အာဆီယံဝန်ကြီးအဆင့် နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ အစည်းအဝေးကို ဆက်လက်ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက 12$^{th}$ AMMTC သဘာပတိအဖြစ် ဆောင်ရွက်သည်။

အစည်းအဝေး ပထမနေ့တွင် အာဆီယံ ၁၀ နိုင်ငံမှ ဝန်ကြီးများက ဒေသတွင်း နိုင်ငံဖြတ်ကျော်မှုခင်း တိုက်ဖျက်ရေးနှင့် စပ်လျဉ်း၍ ရှုမြင်သုံးသပ်ချက်များ၊ နိုင်ငံအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် (၂၂)ကြိမ်မြောက် DGICM ၏ ကောင်စစ်ဆိုင်ရာ အကူအညီပေးရေးလမ်းညွှန်ချက်၊ အစွန်းရောက်ဝါဒနှင့် အစွန်းရောက်များ ပေါက်ဖွားလာမှု ကြိုတင်ကာကွယ်ရေးနှင့် တိုက်ဖျက်ရေးဆိုင်ရာ အာဆီယံလုပ်ငန်းစီမံချက် ၂၀၁၈-၂၀၂၅ နှင့် 13$^{th}$ AMMTC လက်ခံကျင်းပမည့် နိုင်ငံတို့ကို ဆွေးနွေးအတည်ပြုခြင်းတို့ ဆောင်ရွက်နိုင်ခဲ့သည်။

(၁၂)ကြိမ်မြောက် အာဆီယံဝန်ကြီးအဆင့် နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ အစည်းအဝေး ဒုတိယနေ့ကို နိုဝင်ဘာ ၁ ရက်တွင် အဆိုပါ ကွန်ဗင်းရှင်းစင်တာ၌ အာဆီယံ ၁၀ နိုင်ငံနှင့် ဆွေးနွေးဖက် တရုတ်၊ ဂျပန်၊ ကိုရီးယားသုံးနိုင်ငံတို့ ပါဝင်သည့် AMMTC ၏ ဆက်စပ်အစည်းအဝေးများ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# (၁၀)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများ၏ ပညာရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကျင်းပ

နေပြည်တော် အောက်တိုဘာ ၃၁

**(၁၀)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများ၏ ပညာရေးဝန်ကြီးများ အစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော် Kempinski Hotel ရှိ ရောဝတီခန်းမ၌ ကျင်းပသည်။** (ယာပုံ)




အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ယခုကျင်းပသည့် (၁၀)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများ၏ ပညာရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများတွင် အရည်အသွေးရှိသော ပညာရေးနှင့် လေ့ကျင့်ရေးမှတစ်ဆင့် လုပ်သားဈေးကွက်၏ လိုအပ်ချက်များ ပြည့်မီအောင် စွမ်းဆောင်နိုင်မည့် ကျွမ်းကျင်မှုစွမ်းရည်များရှိသော အရှေ့တောင်အာရှနိုင်ငံများ၏ တစ်သက်တာသင်ယူသူများ၊ ကျောင်းသား ကျောင်းသူများဖြစ်စေရန်ဟူသော အဓိကအချက်ကို ဆွေးနွေးမည်ဖြစ်ပါကြောင်း။

**အကျဉ်းချုပ်တင်ပြ**

အဆိုပါအဓိကအချက်သည် သက်မွေးဝမ်းကျောင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် တစ်သက်တာသင်ယူမှု အခွင့်အလမ်းများကိုတိုးတက်စေရန် အာဆီယံလူ့အဖွဲ့အစည်းတွင် ဆက်စပ်ပါဝင်သူများအားလုံး အတူတကွ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ကျွမ်းကျင်မှုစွမ်းရည်ကို ပိုမိုတိုးတက်စေလိုခြင်း ဖြစ်ပါကြောင်း၊ ဆီမီယို (SEAMEO) ဦးစားပေးနယ်ပယ် (၇)ခု၏ ဆောင်ရွက်မည့်အစီအစဉ်များ၊ ၂၀၁၆-၂၀၂၀ အာဆီယံပညာရေးလုပ်ငန်းအစီအစဉ်များ ရည်မှန်းချက်(၈)ခုနှင့် လုပ်ငန်းစဉ်(၇၀)၊ ဦးစားပေးနယ်ပယ် (၁၉)ခုတို့ကို အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် အကောင်အထည်ဖော်နေသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ရပါကြောင်း၊ ပညာရေးသည် ဒီမိုကရေစီလမ်းစဉ်ကို အကောင်အထည်ဖော်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်သည့်အတွက် ယခုလက်ရှိတွင် မြန်မာနိုင်ငံသည် ဒီမိုကရေစီပန်းတိုင်ရောက်ရန် မှန်ကန်သောလမ်းကြောင်းဖြင့် ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ မြန်မာနိုင်ငံ၏ပညာရေးပြုပြင်ပြောင်းလဲဆောင်ရွက်နေမှုများကို အကျဉ်းချုပ်တင်ပြလိုပါကြောင်း။

အရည်အသွေးရှိသော ပညာရေးစနစ်တစ်ခုကို ဦးတည်အကောင်အထည်ဖော်နိုင်ရန်အတွက် ပညာရေးဝန်ကြီးဌာနသည် (၂၀၁၆-၂၀၂၁)အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (NESP)ကို ဖွံ့ဖြိုးတိုးတက်မှု မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ပညာရေးဝန်ကြီးဌာနသည် ကျောင်းနေအရွယ်ကလေးများအားလုံး ပညာသင်ယူခွင့်ရရှိစေရန်အတွက် မည်သူတစ်ဦးတစ်ယောက်မျှ မကျန်စေရေး၊ ကျောင်းထွက်သူများ ပပျောက်ရေး၊ မည်သူတစ်ဦးတစ်ယောက်မျှ ခွဲခြားဆက်ဆံမှုမရှိစေရေးမူဝါဒများကို ချမှတ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့ကြောင့် ပညာရေးဝန်ကြီးဌာနသည် မူလတန်းနှင့် အလယ်တန်း အခမဲ့ပညာရေးစနစ် အကောင်အထည်ဖော်ခြင်းဖြင့် မူလတန်း ကျောင်းသား ကျောင်းသူများကို စာဖတ်နိုင်စွမ်း၊ စာရေးနိုင်စွမ်း၊ တွက်ချက်နိုင်စွမ်းရှိပြီး အလယ်တန်းပညာ ဆက်လက်သင်ယူခွင့်ရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ ရလဒ်တစ်ခုအနေဖြင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် သူငယ်တန်း(KG) အသားတင်ကျောင်းဝင်နှုန်း ၉၈ ဒသမ ၁ ရာခိုင်နှုန်း ရှိခဲ့ပါကြောင်း။

ပညာရေးဝန်ကြီးဌာနသည် အခြေခံပညာရေးကို ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှစတင်ပြီး KG+12 ပညာရေးစနစ်သစ်ကို စတင်ပြုပြင်ပြောင်းလဲကျင့်သုံးခဲ့ပါကြောင်း၊ မူလတန်းပညာရေး သင်ရိုးညွှန်းတမ်းအသစ်ရေးဆွဲမှုကို JICA ၏ အကူအညီဖြင့်လည်းကောင်း၊ အလယ်တန်းပညာရေး သင်ရိုးညွှန်းတမ်းအသစ်ရေးဆွဲမှုကို အာရှဖွံ့ဖြိုးမှုဘဏ်နှင့် ဥရောပသမဂ္ဂတို့၏ ပံ့ပိုးကူညီမှုဖြင့်လည်းကောင်း ရေးဆွဲလျက်ရှိပါကြောင်း၊ အဆိုပါ သင်ရိုးညွှန်းတမ်းအသစ်သည် အလွတ်ကျက်မှတ်သင်ယူခြင်းထက် (၂၁)ရာစုတွင်ရှိရမည့် ကျောင်းသား ကျောင်းသူများ၏ စဉ်းစားတွေးခေါ်မှုမြင့်မားစေမည့် စွမ်းရည်များနှင့် နက်နဲစွာ သင်ယူလေ့လာမှု၏ ရလဒ်များကို အားပေးသည့် သင်ခန်းစာများဖြင့် သင်ကြားသင်ယူခြင်းဖြစ်ပါကြောင်း။

**အကောင်အထည်ဖော်ဆောင်ရွက်**

ပညာရေးဝန်ကြီးဌာန၏ ဦးစီးဌာနအသစ်တစ်ခုဖြစ်သည့် ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဦးစီးဌာနသည် တစ်သက်တာသင်ယူမှုနှင့် ကျောင်းပြင်ပပညာရေးတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရေရှည်တည်မြဲသော အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကိုရရှိစေရန်အတွက် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး အရည်အသွေးကို အားကောင်းလာစေရန် GIZ, Swiss Contact နှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်း၍ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ စင်ကာပူ-မြန်မာ သက်မွေးပညာဆိုင်ရာ လေ့ကျင့်ရေးကျောင်း (SMVTI) သည် စင်ကာပူနိုင်ငံအစိုးရနှင့် မြန်မာနိုင်ငံအစိုးရတို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသော စီမံကိန်းအပြင် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီသည် နည်းပညာ၊ သက်မွေးပညာလေ့ကျင့်ရေးသင်တန်းကျောင်းကို ရန်ကုန်မြို့၌ ဖွင့်လှစ်သင်ကြားမည် ဖြစ်ပါကြောင်း၊ အရည်အသွေးရှိ ကျောင်းသား ကျောင်းသူများအတွက် ဆရာများ၏ အခန်းကဏ္ဍသည် ပဓာနကျသည်ကို ပညာရေးဝန်ကြီးဌာနက အသိအမှတ်ပြုထားပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် နှစ်နှစ်သင် ပညာရေးကောလိပ်အားလုံးကို လေးနှစ်သင် ပညာရေးဒီဂရီကောလိပ်များအဖြစ် မကြာမီအဆင့်မြှင့်တင်သွားမည် ဖြစ်ပါကြောင်း၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှုနှင့် ICT ကျွမ်းကျင်မှုများ၊ အသုံးချသုတေသနနှင့် တီထွင်ဆန်းသစ်မှု ဖွံ့ဖြိုးတိုးတက်စေရန်နှင့် တက္ကသိုလ်များတွင် အတွင်းအရည်အသွေးအာမခံမှု အားကောင်းစေရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဝေးသင်ပညာရေး၏ အရည်အသွေးနှင့် အုပ်ချုပ်မှုပုံစံများ ပိုမိုအားကောင်းစေရန် British Council နှင့် DFID ၏ SPHEIR အစီအစဉ်များဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

ပညာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာတက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်သည့် သုတေသနအစီအစဉ်၊ ကျောင်းသား၊ ကျောင်းသူများအတွက် ရွှေ့ပြောင်းသင်ယူမှုအစီအစဉ်၊ တက္ကသိုလ်ဆရာ၊ ဆရာမများ လဲလှယ်ရေးအစီအစဉ်များကို နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးဆောင်ရွက်ခြင်းဖြင့် အားကောင်းစေရန် အားပေးဆောင်ရွက်လျက်ရှိသည့်အပြင် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများအကြား ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းကို အားပေးဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြောကြားသည်။

**ဆက်လက်ကျင်းပ**

ယင်းနောက် (၁၀)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများ၏ ပညာရေးဝန်ကြီးများ အစည်းအဝေး၏ ဥက္ကဋ္ဌအဖြစ် မြန်မာနိုင်ငံကလည်းကောင်း၊ ပူးတွဲဥက္ကဋ္ဌအဖြစ် ဖိလစ်ပိုင်နိုင်ငံက လည်းကောင်း ဆောင်ရွက်ပြီး အစည်းအဝေးများကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။

အစည်းအဝေးတက်ရောက်လာကြသော အရှေ့တောင်အာရှနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများ၏ ပညာရေးဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများကို ပညာရေးဝန်ကြီးဌာနက Kempinski Hotel တွင် Gala Dinner ဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ပရောက် မြန်မာအသိုက်အဝန်းများမှ UEHRD စီမံကိန်းနှင့် ရေဘေးဒဏ်ခံ ပြည်သူများအတွက် အလှူငွေများပေးအပ်

**နေပြည်တော် အောက်တိုဘာ ၃၁**

မြန်မာနိုင်ငံ ရေဘေးဒဏ်ခံပြည်သူများ ပြန်လည်ထူထောင်ရေးနှင့် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD)တို့အတွက် ပြည်ပရောက် မြန်မာအသိုက်အဝန်းများ၏ လှူဒါန်းငွေများကို အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က ယနေ့ မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမသို့ လာရောက်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံရယူခဲ့သည်။ **(ယာပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က လှူဒါန်းရခြင်းနှင့် ပတ်သက်၍ UEHRD အတွက် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ရှိ မြန်မာနိုင်ငံသားများမှ လှူဒါန်းငွေ အမေရိကန်ဒေါ်လာ ၃၀၀ ကို လည်းကောင်း၊ မြန်မာနိုင်ငံအတွင်း ရေဘေးဒဏ်ခံပြည်သူများ ပြန်လည်ထူထောင်ရေးအတွက် ဂျာမနီနိုင်ငံ ဘာလင်မြို့ရှိ မြန်မာနိုင်ငံ သံအမတ်ကြီးနှင့် မြန်မာအသိုက်အဝန်းများမှ လှူဒါန်းငွေ ယူရို ၇၇၇၀၊ အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ရှိ National Humanitarian Fundraising for Myanmar (NHFMM)က အမေရိကန်ဒေါ်လာ ၁၅၀၀၀၊ ကနေဒါနိုင်ငံ အွန်တာရီယိုပြည်နယ် တိုရမ်တိုမြို့ရှိ မြန်မာအသိုက်အဝန်းများမှ လှူဒါန်းငွေ အမေရိကန်ဒေါ်လာ ၈၂၆၆ ကိုလည်းကောင်း လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လှူဒါန်းကြသော ပြည်ပရောက် မြန်မာအသိုက်အဝန်းများမှ စေတနာရှင်များအား အထူးကျေးဇူးတင်ရှိပါကြောင်း၊ ပြည်သူမှလှူဒါန်းငွေများကို ပြည်သူ့လက်ဝယ်အရောက် တိုက်ရိုက်အကျိုးရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် UNHCR မှ ဌာနေကိုယ်စားလှယ် Mr. Giuseppe de Vincentiis နှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရန်ကုန်-မီလန် တိုက်ရိုက်လေကြောင်းခရီးစဉ် စတင်ပြေးဆွဲခြင်းအထိမ်းအမှတ် အီတလီနိုင်ငံသား ကမ္ဘာလှည့်ခရီးသည်များအား ကြိုဆို

**ရန်ကုန် အောက်တိုဘာ ၃၁**

ဥရောပလေကြောင်းလိုင်းတစ်လိုင်းဖြစ်သည့် Neos Airlines ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေ ၃ နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကျင်းပခဲ့သည်။ အီတလီနိုင်ငံ မီလန်မြို့မှ ဗီယက်နမ်နိုင်ငံ ဖူကွတ်ကမ်းခြေ၊ ထိုမှတစ်ဆင့်ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ခရီးသည် ၃၅ ဦးကို တင်ဆောင်ကာ ဆိုက်ရောက်လာခြင်းဖြစ်သည်။ Neos Air ခရီးစဉ်သစ်တွင် လိုက်ပါလာသောခရီးသည်များကို ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ မြန်မာနိုင်ငံဆိုင်ရာ အီတလီသံအမတ်ကြီးနှင့် တာဝန်ရှိသူများက ကြိုဆိုခဲ့ကြသည်။

ထို့နောက် လေကြောင်းလိုင်းဖွင့်ပွဲကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ မြန်မာနိုင်ငံဆိုင်ရာ အီတလီသံအမတ်ကြီး မစ္စအလက်ဇန်ဒရား စကီရာပိုနှင့် ရန်ကုန်အေရို ဒရုန်းကုမ္ပဏီ ဥက္ကဋ္ဌတို့က ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားခဲ့ပြီး ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ခရီးစဉ်တွင် လိုက်ပါလာခဲ့သော ခရီးသည်များကို အမှတ်တရ လက်ဆောင်များ ပေးအပ်ခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် ဦးအုန်းမောင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် တာဝန်ရှိသူများက လေကြောင်းလိုင်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမှတ်တရ ကိတ်မုန့်ကို လှီးဖြတ်ပေးကြသည်။ **(ယာပုံ)** လေယာဉ်ဖြင့် လိုက်ပါလာသော ခရီးသည်များကို လေဆိပ်စင်္ကြံတွင် ကျောက်ဆည်ဆင်နှစ်ကောင်အကအဖွဲ့နှင့် ယဉ်ကျေးမှုဌာန မှ ဦးရွှေရိုး၊ ဒေါ်မိုးအကတို့ဖြင့် ကြိုဆိုဖျော်ဖြေခဲ့ကြသည်။

"ဒီလေကြောင်းလိုင်းက အီတလီကနေ မြန်မာပြည်ကို ဥရောပကနေစပြီး ပထမဦးဆုံးပျံသန်းတဲ့လေယာဉ်ခရီးစဉ်ပါ။ အရင်က ဥရောပကိုသွားဖို့ အခြားလေဆိပ်တွေကတစ်ဆင့် ပြောင်းစီးရတာပေါ့။ အဲဒီလိုသွားတော့ နာရီပေါင်းများစွာ စီးရတာပေါ့။ ဒါကတော့ မြန်မာနိုင်ငံကနေ မီလန်အထိဆိုရင် ၁၂ နာရီပဲကြာတယ်လို့ သိရတယ်။ အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း ပြေးဆွဲမယ်လို့သိရတယ်" ဟု ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမြင့်ဌေးက ပြောသည်။

အဆိုပါ ခရီးသည်များသည် အီတလီနိုင်ငံ မီလန်မြို့မှ စင်းလုံးငှားလေယာဉ်ဖြင့် လာရောက်သော ဧည့်သည်များဖြစ်ပြီး ဗီယက်နမ်နိုင်ငံ ဖူကွတ်ကမ်းခြေသို့ ဝင်ရောက်ကာ ထိုမှတစ်ဆင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိလာခြင်းဖြစ်သည်။ မြန်မာနိုင်ငံအတွင်း နေထိုင်စဉ် ၇ ရက်အတွင်း ရန်ကုန်၊ မန္တလေး၊ ပုဂံ၊ အင်းလေး၊ ကျိုက်ထီးရိုး၊ လွိုင်ကော်ခရီးစဉ်များ အပြင် ပင်လယ်ကမ်းခြေဒေသများသို့ပါ သွားရောက်လည်ပတ်မည်ဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံကို မသိသေးတဲ့ ခရီးသွားကုမ္ပဏီတွေ အများကြီး ရှိပါသေးတယ်။ အဲဒီတော့ မြန်မာပြည်အတွက် မိတ်ဆက်ခရီးစဉ် တွေလုပ်တဲ့အခါမှာ မြန်မာပြည်အတွက် ဈေးကွက်မြှင့်တင်ပြီးသား ဖြစ်ပါတယ်။ ဒါကြောင့် ပြောရရင် စင်းလုံးငှားခရီးစဉ်တွေဟာ ခရီးစဉ်ဒေသတစ်ခုအတွက် အရေးကြီးပါတယ်" ဟု အော်ဂတ်စတာခရီးသွားလုပ်ငန်းမှ ဒေါက်တာ အောင်မြတ်ကျော်က ပြောသည်။

Neos Airlines သည် ယခုခရီးစဉ်တွင် ခရီးသည် ၂၅၀ ခန့် သယ်ဆောင်နိုင်သောလေယာဉ်ဖြင့် လာရောက်ခြင်း ဖြစ်ပြီး လာမည့်ဒီဇင်ဘာလတွင်ခရီးသည် ၃၀၀ ကျော် သယ်ဆောင်နိုင်သော လေယာဉ်များကို အသုံးပြုကာ မီလန် - ရန်ကုန်- ဖူကွတ်- မီလန် ခရီးစဉ်ကို ပျံသန်းပြေးဆွဲမည်ဖြစ် ကြောင်း သိရသည်။

ဈေးကွက်အတွင်း အရည်အသွေးမြင့်မားသည့် လေကြောင်းပို့ဆောင်ရေးနှင့် မြေပြင်ဝန်ဆောင်မှုများ ပေးနိုင်စေရန် ရည်ရွယ်ချက်ဖြင့် အီတလီနိုင်ငံတွင် စတင်မွေးဖွားခဲ့သည့် Neos Airlines သည် ပထမဦးဆုံးခရီးစဉ်ကို ဘိုးရင်း ၇၃၇-၈၀၀ ဒဗလျူလေယာဉ်ဖြင့် မီလန်မြို့ Milan Malpensa လေဆိပ်မှ ဆီနီဂေါ်နိုင်ငံ ဒါကာနှင့် Cap Skirring မြို့များသို့ စတင်ပျံသန်းခဲ့ကြောင်း သိရသည်။ ယခုအခါ ပုံမှန်ခရီးစဉ်များနှင့် ခရီးရှည်ခရီးစဉ်များကို Boeing 767-300 ERW လေယာဉ် သုံးစင်းနှင့် Boeing 787-9 Dreamliner လေယာဉ်နှစ်စင်း တို့ဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ - ထိန်လင်း**





ရန်ကုန်-မီလန်တိုက်ရိုက်လေကြောင်းခရီးဖြင့် ပထမဆုံးရောက်ရှိလာသော ကမ္ဘာလှည့်ခရီးသွားများကို လေဆိပ်စင်္ကြံ၌ ကျောက်ဆည်ဆင်အကဖြင့် ဧည့်ခံကြိုဆိုစဉ်။

# ဖုယွင်အထည်ချုပ်စက်ရုံမှအလုပ်ရှင်နှင့် အလုပ်သမားများကြား ပြေလည်မှုရရှိ၊ အလုပ်သမားများ လုပ်ငန်းခွင်ပြန်လည်ဝင်ရောက်

**ရန်ကုန် အောက်တိုဘာ ၃၁**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၏ ညှိနှိုင်းပေးမှုကြောင့် ဖုယွင်အထည်ချုပ်စက်ရုံမှ အလုပ်ရှင်နှင့် အလုပ်သမားများကြား နှစ်ဖက်တွေ့ဆုံ ညှိနှိုင်းမှု အဆင်ပြေသွားပြီဖြစ်၍ သပိတ်စခန်းကို ယနေ့ ညနေ ၆ နာရီနောက်ဆုံးထား ဖျက်သိမ်းသွားမည်ဖြစ်ပြီး အလုပ်ထုတ်ခံရသည့် အလုပ်သမားများနှင့် ဆန္ဒပြရာတွင်ပါဝင်ခဲ့သည့် အလုပ်သမားများ နိုဝင်ဘာ ၆ ရက်တွင် လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်မည်ဖြစ်ကြောင်း ဖုယွင်အထည်ချုပ် အလုပ်သမား သမဂ္ဂ ဥက္ကဋ္ဌ မသက်ထားဆွေက ပြောသည်။

ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ပြုလုပ်သည့် ဖုယွင်အထည်ချုပ်စက်ရုံမှ အလုပ်ထုတ်ခံရသည့် အလုပ်သမားများနှင့် ဆန္ဒပြရာတွင်ပါဝင်ခဲ့သည့် အလုပ်သမားများလုပ်ငန်းခွင် အေးအေးချမ်းချမ်း ပြန်လည်ဝင်ရောက်နိုင်ရန် အလုပ်ရှင်၊ အလုပ်သမား နှစ်ဖက်ညှိနှိုင်းဆွေးနွေးခဲ့ရာ ဆွေးနွေးပွဲအပြီးတွင် ဖုယွင်အထည်ချုပ် အလုပ်သမားသမဂ္ဂဥက္ကဋ္ဌ မသက်ထားဆွေက ပြောသည်။

အလုပ်ရှင်၊ အလုပ်သမား နှစ်ဖက်ညှိနှိုင်းဆွေးနွေးပွဲသို့ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန၊ အလုပ်သမားစစ်ဆေးရေးဦးစီးဌာန၊ အလုပ်သမားညွှန်ကြားမှု ဦးစီးဌာနနှင့် မြို့နယ်အလုပ်သမားဖျန်ဖြေရေးအဖွဲ့ တာဝန်ရှိသူများ တက်ရောက်ခဲ့ပြီး ၎င်းတို့ရှေ့မှောက်တွင် ဖုယွင်အထည်ချုပ်စက်ရုံမှ အလုပ်ရှင်နှင့် အလုပ်ထုတ်ခံရသည့် အလုပ်သမားများက စေ့စပ်ဖျန်ဖြေရေး သဘောတူညီချက် စာချုပ်လက်မှတ်ရေးထိုးခဲ့သည်။

အလုပ်သမားရေးရာဆက်ဆံရေး ဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ဦးကိုကိုနိုင်က "အလုပ်သမားတွေ လုပ်ငန်း ခွင် အေးအေးချမ်းချမ်း ပြန်လည်ဝင်ရောက်နိုင်ဖို့အတွက် သက်ဆိုင်ရာ မြို့နယ်အလုပ်သမားဖျန်ဖြေရေးအဖွဲ့တွေနဲ့ ညှိနှိုင်းဆောင်ရွက်ပေးခဲ့တယ်။ အလုပ်ရှင်၊ အလုပ်သမားအားလုံး ဥပဒေပါ ရပိုင်ခွင့်တွေအတိုင်း အားလုံးသဘောတူထားတယ်။ ဥပဒေအတိုင်း ဆက်လက်ဆောင်ရွက်သွားမယ်" ဟု ပြောသည်။

ဖုယွင်အထည်ချုပ်စက်ရုံမှ အလုပ်ထုတ်ခံရသည့် အလုပ်သမားများနှင့် ဆန္ဒပြရာတွင် ပါဝင်ခဲ့သည့် အလုပ်သမားများသည် လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်မည့် နိုဝင်ဘာ ၆ ရက်တွင် အလုပ်ရှင်နှင့် အလုပ်သမားများကြား အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် (EC) ကို အသစ်ထပ်မံချုပ်ဆိုသွားမည်ဖြစ်ပြီး အလုပ်ရှင်၊ အလုပ်သမားရပိုင်ခွင့်များကိုလည်း ဥပဒေအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယနေ့ပြုလုပ်သည့် နှစ်ဖက်ညှိနှိုင်းဆွေးနွေးပွဲမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားရေးရာဝန်ကြီး ဦးဇော်အေးမောင်က "အလုပ်သမားတွေအနေနဲ့ ဥပဒေနဲ့ ညီတဲ့ ရပိုင်ခွင့်တွေကတော့ ရမှာပေါ့။ အလုပ်သမားတွေ ဥပဒေနဲ့ညီတဲ့ ရပိုင်ခွင့်တွေရှိတယ်။ အနည်းဆုံး အခကြေးငွေ တစ်ရက်ကို ကျပ်၄၈၀၀ သတ်မှတ်ထားတယ်။ ကျပ် ၄၈၀၀ အောက်ပေးတယ်ဆိုရင်တော့မရဘူးပေါ့။ အတင်းအဓမ္မတော့ အလုပ်ရှင်ကို ဘယ်လောက်ပေးရမယ်၊ ဘယ်နှသိန်းပေးရမယ်ဆိုတာ ဖိအားပေးလို့တော့မရဘူး" ဟုပြောသည်။

အလုပ်ရှင်နှင့် အလုပ်သမားများကြား ဖြစ်ပွားခဲ့သည့် ပြဿနာကြောင့် ရက်ပေါင်း ၇၀ ကျော်ကြာ ဆန္ဒဖော်ထုတ်ခဲ့သည့် ဖုယွင်အလုပ်သမားသပိတ်သည် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၏ ညှိနှိုင်းပေးမှုကြောင့် အလုပ်ရှင်နှင့် ဆန္ဒပြအလုပ်သမားများကြား ပြေလည်မှုရရှိခဲ့ခြင်းဖြစ်ကြောင်း ဖုယွင်အထည်ချုပ် အလုပ်သမား သမဂ္ဂ ဥက္ကဋ္ဌ မသက်ထားဆွေက ပြောသည်။

"အခုပြေလည်တယ်ဆိုတာ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ဆုံးဖြတ်ချက်မှန်မှန်ကန်ကန်နဲ့ လုပ်ဆောင်ပေးနိုင်မှုကြောင့် ဒီလိုမျိုး ပြေလည်မှုရရှိတာ ဖြစ်ပါတယ်" ဟု ဖုယွင်အထည်ချုပ်အလုပ်သမား သမဂ္ဂဥက္ကဋ္ဌ မသက်ထားဆွေက ပြောသည်။

ဖုယွင်အထည်ချုပ်စက်ရုံမှ အလုပ်ထုတ်ခံရသည့် အလုပ်သမားများနှင့် ဝန်းရံသူများသည် အောက်တိုဘာ ၂၉ ရက်က ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံတွင် ဖုယွင်သပိတ်အကြမ်းဖက်ခံရမှု စာနာထောက်ခံပွဲနှင့် အကြမ်းဖက်မှုဆန့်ကျင်ရေး လူထုအစည်းအဝေးတစ်ရပ်ပြုလုပ်ခဲ့ပြီး ထိုမှတစ်ဆင့် ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်းနှင့် တွေ့ဆုံခွင့်ရရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးသို့ သွားရောက်ခဲ့ရာမှ တွေ့ဆုံခွင့်ရရှိပြီး အလုပ်ရှင်၊ အလုပ်သမားပြဿနာ စတင်ပြေလည်မှုရရှိခဲ့ကြောင်း သိရသည်။

"အဲဒီနေ့က ဖုယွင်သပိတ်နဲ့ ပတ်သက်ပြီး အမြန်ဆုံးပြေလည်အောင် ဖြေရှင်းပေးဖို့ ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်းနဲ့ တွေ့ခွင့်တောင်းခဲ့တယ်။ ည ၉ နာရီမှာ ဝန်ကြီးချုပ်နဲ့ တွေ့ခွင့်ရခဲ့တယ်။ နောက်ရက်မှာ ဝန်ကြီးချုပ်အပါအဝင် အလုပ်ရှင် အလုပ်သမားတွေ တွေ့ဆုံညှိနှိုင်းခဲ့တယ်။ အဲ့ဒီမှာ ပြေလည်မှုရသလောက်ဖြစ်သွားတယ်" ဟု မသက်ထားဆွေက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းသည် အစိုးရအဖွဲ့ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၃၀ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးခန်းမ(၃)၌ ဖုယွင်စက်ရုံအလုပ်ရှင်များနှင့် အလုပ်သမားများကို တွေ့ဆုံ၍ ဆွေးနွေးညှိနှိုင်းပေးခဲ့ပြီး ဖုယွင်စက်ရုံသို့ သွားရောက်ကာ စက်ရုံတွင် ဆန္ဒပြနေသည့် အလုပ်သမားများနှင့် စက်ရုံအတွင်း လုပ်ကိုင်နေသည့် အလုပ်သမားများကို အကျေအလည် ညှိနှိုင်းပေါင်းစပ်ပေးခဲ့သည်။

ယင်းတွေ့ဆုံညှိနှိုင်းပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်းက စက်ရုံ၏ လုပ်ငန်းခွင်တည်ငြိမ်ရေးကို ရန်ကုန်တိုင်းဒေသကြီးအစိုးရက တာဝန်ယူ ကြီးကြပ်ပေးမည်ဖြစ်ပြီး စက်ရုံကို အေးအေးချမ်းချမ်းဖြင့် လုပ်ငန်းလည်ပတ်စေလိုသောကြောင့် အားလုံးအဆင်ပြေအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောသည်။

**သတင်း-မင်းသစ်(MNA)**
**ဓာတ်ပုံ-နေလင်း**


ဖုယွင်အထည်ချုပ်စက်ရုံ အလုပ်ရှင်၊ အလုပ်ထုတ်ခံရသော အလုပ်သမားများနှင့် စေ့စပ်ညှိနှိုင်းရေးအဖွဲ့များ တွေ့ဆုံညှိနှိုင်းဆွေးနွေးစဉ်။


ဖုယွင်အထည်ချုပ်စက်ရုံမှ အလုပ်ရှင်နှင့် အလုပ်ထုတ်ခံရသည့် အလုပ်သမားများအကြား စေ့စပ်ဖျန်ဖြေရေး သဘောတူညီချက် စာချုပ်လက်မှတ်ရေးထိုးကြစဉ်။

## နိုင်ငံတကာ သတင်းတိုထွာ

### အစ္စရေးလေကြောင်း တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း လူငယ်သုံးဦး သေဆုံး

**ရာမာလာ အောက်တိုဘာ ၃၁**

အစ္စရေးက လေကြောင်းတိုက်ခိုက်မှုကြောင့် ဂါဇာတောင်ပိုင်း အစ္စရေးနှင့် ထိစပ်နေသည့် ဒေသတွင် ပါလက်စတိုင်း လူငယ်သုံးဦးသေဆုံးခဲ့ကြောင်း ပါလက်စတိုင်းလခြမ်းနီအဖွဲ့၏ မကြာသေးမီက ထုတ်ပြန်ကြေညာချက်အရ သိရသည်။

ပါလက်စတိုင်း ဆေးဘက်ဆိုင်ရာ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့က အခြင်းဖြစ်ပွားခဲ့သည့်ဒေသတွင် ပါလက်စတိုင်း လူငယ် သုံးဦး၏ ရုပ်အလောင်းကို တွေ့ရှိခဲ့ကြောင်းနှင့် တွေ့ရှိခဲ့သူများမှာ အသက် ၁၂ နှစ်မှ ၁၄ နှစ်အတွင်းရှိ လူငယ်များဖြစ်ကြောင်း သိရသည်။

လူငယ်သုံးဦးသည် နယ်စပ်ခြံစည်းရိုးကို ကျော်ဖြတ်ရန် ကြိုးစားနေစဉ် အစ္စရေးတိုက်လေယာဉ်၏ တိုက်ခိုက်မှုခံခဲ့ရကြောင်း၊ လူငယ်များအား ကယ်ဆယ်ရန် ရောက်လာသည့် အရေးပေါ်ကယ်ဆယ်ရေးကားများကိုလည်း အစ္စရေးအစိုးရတပ်ဖွဲ့က ပစ်ခတ်ခဲ့ကြောင်း မျက်မြင်တွေ့သူတစ်ဦးက ပြောခဲ့သည်။

သို့သော် အစ္စရေးကာကွယ်ရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ကြေညာချက်တွင် ပါလက်စတိုင်း သုံးဦးသည် ဂါဇာဒေသတောင်ပိုင်း ခြံစည်းရိုးကို ဖျက်ဆီးရန် ချဉ်းကပ်လာပြီး အနီးဝန်းကျင်တွင် ဗုံးဖောက်ခွဲရန် ဆောင်ရွက်နေကြောင်းဖော်ပြခဲ့သည်။

ယခုနှစ် မတ်လ ၃၀ ရက်မှစကာ ပါလက်စတိုင်း လူမျိုးများသည် ဂါဇာကမ်းမြောင်ဒေသတွင် ဆန္ဒပြမှုများ အကြီးအကျယ်ပြုလုပ်ခဲ့ရာ အစ္စရေးနိုင်ငံအစိုးရတပ်ဖွဲ့နှင့် ထိပ်တိုက်တွေ့ဆုံမှုများ အဆက်မပြတ် ဖြစ်ပွားလာခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

### အီတလီမြို့တော် ဗင်းနစ်၌ ရေကြီး

**ဗင်းနစ် အောက်တိုဘာ ၃၁**

၇၅ ရာခိုင်နှုန်းသော ရေအရင်းအမြစ်ရှိရာ အီတလီမြို့တော် ဗင်းနစ်သည် မကြုံစဖူး ရေဖုံးလွှမ်းခြင်းခံခဲ့ရကြောင်း သတင်းများတွင် မကြာသေးမီက ဖော်ပြခဲ့သည်။

အီတလီနိုင်ငံတွင် မုန်တိုင်းထန်သော ရာသီဥတုကြောင့် မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး လေပြင်းများသည် တနင်္လာနေ့အထိ နိုင်ငံအနှံ့ တိုက်ခတ်ခဲ့ကြောင်း သိရသည်။

ဗင်းနစ်တွင် မုန်တိုင်းကြောင့် ရေမျက်နှာပြင် ၁ ဒသမ ၅ မီတာအထိ မြင့်တက်လာခဲ့ကာ တစ်မြို့လုံး ရေကြီးမှုများဖြစ်ပွားခဲ့သည်။ ဗီဒီယိုထဲတွင် သမိုင်းဝင်အဆောက်အအုံများ၊ ကော်ဖီဆိုင်များ၊ အမှတ်တရပစ္စည်းရောင်းဆိုင်များ ဒူးလောက်အထိ ရေနစ်မြုပ်နေသည်ကို တွေ့မြင်ရမည်ဖြစ်သည်။

ထို့အတူ နိုင်ငံခြားသားခရီးသွားများလည်း ၎င်းတို့၏ အထုပ်များကို ခေါင်းပေါ်တင်ပြီး ရေထဲလမ်းလျှောက်နေသည်ကို တွေ့မြင်နိုင်မည်ဖြစ်သည်။ သက်ဆိုင်ရာအာဏာပိုင်များက ဗင်းနစ်မြို့လယ်သို့ မသွားရန် တားမြစ်ထားသလို နိုင်ငံခြားသား ခရီးသွားများကိုလည်း ထိုဒေသမှ အမြန်ဆုံးထွက်ခွာသွားရန် သတိပေးခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# ဒုက္ခသည်စီးဝင်မှုကို တားဆီးသွားမယ့် အမေရိကန်

**ထွန်းသစ်စ**

**မကြာသေးမီက ထောင်ပေါင်းများစွာသော ဒုက္ခသည်တွေဟာ မက္ကဆီကိုကို ဖြတ်ပြီး အမေရိကန်နယ်စပ်အထိရောက်ရှိအောင် ချီတက်ခဲ့ပါတယ်။ သို့သော်လည်း မက္ကဆီကို သမ္မတက သူတို့ကို ဖြတ်သန်းချီတက်ခွင့်မပြုဖို့ သက်ဆိုင်ရာ အာဏာပိုင်တွေကို တိုက်တွန်းခဲ့ပါတယ်။ ထို့အတူ အမေရိကန် သမ္မတကလည်း အကယ်၍များ ဒုက္ခသည်တွေဟာ အမေရိကန်နယ်စပ်အထိ ရောက်ရှိလာမယ်ဆိုပါက သူတို့အနေနဲ့ အမေရိကန်ပြည်ထောင်စုထဲ ဝင်ခွင့်ပြုမှာ မဟုတ်ကြောင်းနဲ့ လှည့်ပြန်သွားရမှာဖြစ်ကြောင်း ပြောကြားလိုက်ပါတယ်။**



ဆူချီရက်မြစ်ကို ဖြတ်သန်းရန် ကြိုးပမ်းနေကြသည့် ရွှေ့ပြောင်းသွားလာသူများကို တွေ့ရစဉ်။

**တပ်ဖွဲ့ဝင်တွေ ဖြန့်ကြက်ပြီး ဒုက္ခသည်တွေကို တားဆီးမယ်**

သို့သော်လည်း အခြေအနေတွေဟာ ပိုမိုဆိုးရွားလာတဲ့အတွက်ကြောင့် ပင်တဂွန်အနေနဲ့ အမေရိကန်-မက္ကဆီကို နယ်စပ်တစ်လျှောက် တင်းကျပ်တဲ့ လုံခြုံရေးဆောင်ရွက်ဖို့အတွက် တပ်ဖွဲ့ဝင် ၅၂၀၀ကို ဖြန့်ကြက်ထားခဲ့ပါတယ်။

ဗဟိုအမေရိကမှ တရားမဝင်လာရောက်တဲ့ ဒုက္ခသည်ထောင်ပေါင်းများစွာကို တားဆီးဖို့အတွက် အခုလိုလုပ်ဆောင်ခဲ့တယ်ဆိုရင်လည်း မမှားပါဘူး။

အမေရိကန်- မက္ကဆီကို နယ်စပ်တစ်လျှောက်မှာ အခုဆိုရင်တော့ ကြီးမားတဲ့ တပ်ဖွဲ့ဝင်အင်အားတွေနဲ့ အခိုင်အမာတပ်စွဲထားပြီးပါပြီ။ အမျိုးသားကာကွယ်ရေး တပ်ဖွဲ့ဝင် ၂၀၀၀ လောက်ကလည်း လုံခြုံရေးတပ်ဖွဲ့ဝင်တွေကို အင်အားဖြည့်ကူညီပေးမယ်လို့ သိရပါတယ်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ဟာ နယ်စပ်လုံခြုံရေးအတွက် တပ်ဖွဲ့ဝင်အင်အား ထပ်လိုသေးတယ်လို့ မကြာသေးမီက ပြောခဲ့ပါတယ်။

ထို့အတူ ဒီမိုကရက်တွေ လုပ်ပိုင်ခွင့် တချို့တစ်ဝက်ရလာမယ့်သက်တမ်းဝက် ကွန်ဂရက်ရွေးကောက်ပွဲမတိုင်မီမှာလည်း ထရမ့်အနေနဲ့ ဒုက္ခသည်ထောင်ပေါင်းများစွာ အရေးကိုင်တွယ်ဖြေရှင်းနေတာ တွေ့ရမှာဖြစ်ပါတယ်။

**လေ့လာစောင့်ကြည့်နေ**

အမေရိကန် အာဏာပိုင်တွေဟာ အခုဆိုရင် တောင်ပိုင်း မက္ကဆီကိုရှိ ချီရာပက် - အောက်ဇာကာ ဒေသကို ဖြတ်ပြီး ခရီးကြမ်းနှင်နေတဲ့ ဒုက္ခသည် ၃၅၀၀ လောက်ကို စောင့်ကြည့်လေ့လာနေတယ်လို့ အမေရိကန် အကောက်ခွန်နဲ့ နယ်စပ်ကာကွယ်ရေးဆိုင်ရာ မင်းကြီးကယ်လ်ဗင် မက်အလီနာကပြောပါတယ်။

ဒါ့အပြင် သက်ဆိုင်ရာ အာဏာပိုင်တွေဟာ နောက်ထပ် လူဦးရေ ၃၀၀၀ လောက်ရှိတဲ့ ဒုက္ခသည်အုပ်စုတစ်စုကိုလည်း လေ့လာစောင့်ကြည့်နေပါတယ်။ အဲဒီ ဒုက္ခသည်အုပ်စုဟာ ဂွါတီမာလာနဲ့ မက္ကဆီကိုကြား နယ်စပ်မှာရောက်နေကြတယ်လို့ ဆိုပါတယ်။

**သက်စွန့်ဆံဖျား**

အမေရိကန်အရာရှိတွေက စစ်ဘက်ဆိုင်ရာ ဖြန့်ကြက်မှုတွေလုပ်ဆောင်နေတာတောင်မှ ဒုက္ခသည်အင်အားစုကြီးဟာ ဂွါတီမာလာမှ မက္ကဆီကိုထဲကို ဝင်နိုင်ဖို့အတွက် ဆူချီရက်မြစ်ကို လက်လုပ်ဖောင်တွေနဲ့ ကြိုးစားပမ်းစားဖြတ်သန်းလျက်ရှိသလို တချို့ကလည်း ရေစီးနဲ့မျောမပါသွားအောင် တစ်ယောက်နဲ့တစ်ယောက် ချိန်းကြိုးလို တွဲယှက်ကာ သက်စွန့်ဆံဖျား ကူးသန်းသွားလာနေကြပါတယ်။

မက္ကဆီကို အာဏာပိုင်တွေက နယ်စပ်တံတားဖွင့်ဖို့ ငြင်းဆန်တဲ့အတွက် တချို့ကလည်း ဆူချီရက်မြစ်ကို လက်ပစ်ကူးခဲ့ကြပါတယ်။

အမေရိကန် - မက္ကဆီကို နယ်စပ်တစ်လျှောက် အခြေအနေတွေဟာ ဘယ်လိုဖြစ်နေသလဲဆိုရင် နယ်စပ်လုံခြုံရေးနဲ့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဘေးဒုက္ခအကျပ်အတည်း ပုံစံဖြစ်ပေါ်နေတယ်လို့ မက်အလီနာက ဖော်ပြခဲ့ပါတယ်။

အရင်တုန်းကတော့ တစ်နေ့ကို ဒုက္ခသည် ၁၉၀၀ လောက် ဖြတ်သန်းမှုတွေရှိခဲ့တယ်လို့ သူက ပြောပါတယ်။

ရောက်ရှိလာတဲ့ ဒုက္ခသည်ထက်ဝက်လောက်ဟာ အိမ်ပစ်ယာပစ်ထွက်ခွာလာတဲ့သူတွေဖြစ်ပြီးတော့ တစ်ခါတစ်ရံမှာ လူမှောင်ခိုသမားတွေရဲ့ သားကောင်လည်းဖြစ်နိုင်ပါတယ်လို့ သူက ဆက်ပြောပါတယ်။

လွန်ခဲ့တဲ့ ရက်သတ္တပတ်ထက်စာရင် ဒီရက်သတ္တပတ်မှာတော့ အမေရိကန်ပြည်ထောင်စုရဲ့နယ်စပ်မှာတပ်ဖွဲ့ဝင်တွေ ဖြန့်ကြက်မှု ပိုမိုများပြားလာတာကို တွေ့ရမှာဖြစ်ပါတယ်။

တောင်ဘက်နယ်စပ်မှာ ဖြန့်ကြက်မှုဟာ ရက်အနည်းငယ်အတွင်းမှာ ဆီးရီးယားမှာ အိုင်အက်စ်အကြမ်းဖက်သမားတွေကို တိုက်ခိုက်တဲ့ တပ်ဖွဲ့ဝင်အရေအတွက်ထက် သုံးဆပိုများလာခဲ့ပါတယ်။

**ကျေးဇူးပြုပြီး ပြန်ပါ**

လွန်ခဲ့တဲ့ ရက်သတ္တပတ်တုန်းက အမေရိကန်သမ္မတ ထရမ့်ဟာ ဒီမိုကရက်တစ် ပါတီမှာ ထိပ်တန်းနာမည်ကြီးသူတွေကို လိပ်မူပေးပို့တဲ့ စာအိတ်ဗုံးတွေထက် အခုလိုဒုက္ခသည်အရေးနဲ့ ပတ်သက်ပြီး စိတ်ပျက်မိကြောင်း၊ ဒုက္ခသည်အရေးဟာ အခုဆိုရင် သတင်းစာတွေရဲ့ ရှေ့ဆုံးစာမျက်နှာမှာ ဖော်ပြပါရှိနေကြောင်း ပြောပါတယ်။

ကြောက်စရာကောင်းတဲ့ လူဆိုးဂိုဏ်းအကြမ်းဖက်မှုတွေကြောင့် ထွက်ပြေးလာတဲ့ ဟွန်ဒူးရပ်စ်နိုင်ငံသားအများအပြားပါတဲ့ ဒုက္ခသည်ရွှေ့ပြောင်းသူတွေကို သူ့အနေနဲ့ လုံးဝကို ဆန့်ကျင်ကြောင်း အမေရိကန်သမ္မတဟာ တွစ်တာမှာ မကြာသေးမီက ဖော်ပြခဲ့ပါတယ်။

ပြီးတော့လည်း တောင်ဘက်နယ်စပ်ကို ချီတက်လာတဲ့ ဒုက္ခသည်အဖွဲ့ထဲမှာ လူဆိုးဂိုဏ်းအဖွဲ့ဝင်တွေနဲ့ အချို့ဆိုးတဲ့သူတွေလည်း ရောပါလာနိုင်တယ်လို့ သမ္မတထရမ့်က ပြောပါတယ်။

ဒုက္ခသည်တွေနဲ့ ပတ်သက်လာရင် သဘောထားလုံးဝတင်းမာတဲ့ ထရမ့်ဟာ သူ့ရဲ့ဒုက္ခသည်တွေကို တားဆီးသွားမယ်ဆိုတဲ့ ကြွေးကြော်သံနဲ့အတူ ၂၀၁၆ ရွေးကောက်ပွဲမှာ အောင်မြင်မှုရရှိခဲ့တဲ့သူလည်း ဖြစ်ပါတယ်။

အခုအခါမှာတော့ သူ့ရဲ့ ခံယူချက်ဟာ မီးလောင်ရာလေပင့်ဆိုသလို ဒုက္ခသည်တွေ တားဆီးတဲ့နေရာမှာ တကယ့်ကိုပဲ အကူအညီဖြစ်ခဲ့ပါပြီ။

ဥပဒေအတိုင်း လုပ်ဆောင်သွားမှု မရှိဘူးဆိုရင် ဒုက္ခသည်တွေကို အမေရိကန်ပြည်ထောင်စုထဲကို ပေးဝင်မှာ မဟုတ်ကြောင်းနဲ့ ပြန်ကြပါလို့ ထရမ့်က ပြောခဲ့ပါတယ်။

ဒါဟာ ကျူးကျော်မှုတစ်ခုပဲဖြစ်ပြီး မိမိတို့ရဲ့တပ်ဖွဲ့ဝင်တွေက အသင်တို့ကို အသင့်စောင့်ဆိုင်းလျက် ရှိနေပါတယ်လို့ သူက ဆက်လက်ပြောခဲ့ပါတယ်။

ထရမ့်အနေနဲ့ ဒုက္ခသည်ထောင်ပေါင်းများစွာအရေးနဲ့ ပတ်သက်ပြီး ရက်သတ္တပတ်အတော်ကြာ လှုံ့ဆော်တိုက်ပွဲဝင်ခဲ့ပါတယ်။

နိုဝင်ဘာ ၆ ရက်မတိုင်မီ ထရန့်အနေနဲ့ လူထုလှုံ့ဆော်စည်းရုံးမှု ၁၁ ခုလောက်လုပ်နိုင်ဖို့ မျှော်လင့်ထားပါတယ်။

အမေရိကန် အရပ်ဘက်လူ့အခွင့်အရေးအဖွဲ့ တစ်ဖွဲ့ကတော့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ရဲ့ တပ်ဖွဲ့ဝင်တွေစေလွှတ်တဲ့ ဆုံးဖြတ်ချက်အပေါ် ဒေါသအိုးပေါက်ကွဲခဲ့ပါတယ်။

သက်တမ်းဝက် ရွေးကောက်ပွဲမတိုင်မီ သူ့ရဲ့ကြောက်ရွံ့မှုနဲ့ တားဆီးမှုတွေ လုပ်ခဲ့တဲ့ ဒုက္ခသည်ဆန့်ကျင်ရေးလုပ်ငန်းစဉ်ဟာ နိုင်ငံရေးမှာ လောင်စာတစ်ခုလို ဖြစ်ကြောင်း ပြောခဲ့ပါတယ်။

ဒုက္ခသည်တွေဟာ ရေ၊ အဝတ်အထည်နဲ့ အခြေခံလိုအပ်ချက်တွေသာ မရှိမဖြစ် အလိုရှိကြတာဖြစ်တယ်၊ သူတို့ လိုချင်တာ တားဆီးဖြိုခွဲမှုတွေ မဟုတ်ဘူးလို့ အမေရိကန်အရပ်ဘက်လူ့အခွင့်အရေးအဖွဲ့ တစ်ဖွဲ့မှ ရှေ့နေဖြစ်သူ ရှောဒါရက်က ပြောခဲ့ပါတယ်။

**ပိုမိုကြံ့ခိုင်အောင်ဆောင်ရွက်**

အခုဆိုရင်တော့ နယ်စပ်တံတိုင်းဖြတ်ကျော်မှုတွေနဲ့ အနီးဝန်းကျင်နယ်ပယ်ဒေသတွေအားလုံးကို ပိုမိုကြံ့ခိုင်အောင် ဆောင်ရွက်ဖို့ ကြိုးစားနေကြောင်း အမေရိကန်မြောက်ပိုင်းစစ်ဌာနချုပ်အကြီးအကဲ လေတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး တားရန့်အိုရှောင်နက်စ်ဆီက ပြောပါတယ်။

ထို့အတူ အခုလိုမျိုး လုပ်ငန်းစဉ်မှာ ပါဝင်ကူညီဖို့ ပင်တဂွန်က စစ်ဘက်ဆိုင်ရာ အခြားတပ်ဖွဲ့ဝင်တွေနဲ့ ခေတ်မီနည်းပညာ ပါဝင်တပ်ဆင်ထားတဲ့ ရဟတ်ယာဉ် သုံးစင်းကိုလည်း စေလွှတ်ခဲ့ပါတယ်။

တပ်ဖွဲ့ဝင်တွေအနေနဲ့ တရားဥပဒေစိုးမိုးရေးကို တိုက်ရိုက်အကောင်အထည်ဖော် ဆောင်ရွက်သွားမှာမဟုတ်ဘဲ လက်နက်အပြည့်အစုံဖြင့် လုံခြုံရေးဆောင်ရွက်နေမှာပဲဖြစ်ပါတယ်။

ဘယ်လိုပဲဆိုဆို အခုဆိုရင်တော့ အမေရိကန်-မက္ကဆီကို နယ်စပ်တံတိုင်းမှာ အမေရိကန်တပ်ဖွဲ့ဝင်တွေ ဖြန့်ကြက်နေတာကြောင့် ရွှေ့ပြောင်းဒုက္ခသည်တွေအနေနဲ့ ဘယ်လောက်ပဲ ကြိုးစားကြိုးစား အမေရိကန်ပြည်ထောင်စုထဲကို ဝင်ရောက်ဖို့ဆိုတာ မဖြစ်နိုင်သလောက်ပါပဲလို့ တင်ပြလိုက်ရင်း။ ။

**ကိုးကား - အေအက်ဖ်ပီ**

- **အမေရိကန်- မက္ကဆီကို နယ်စပ် တစ်လျှောက်မှာ အခုဆိုရင်တော့ ကြီးမားတဲ့ တပ်ဖွဲ့ဝင်အင်အားတွေနဲ့ အခိုင်အမာ တပ်စွဲထားပြီးပါပြီ။**
- **အမျိုးသားကာကွယ်ရေး တပ်ဖွဲ့ဝင် ၂၀၀၀ လောက်ကလည်း လုံခြုံရေးတပ်ဖွဲ့ဝင်တွေကို အင်အားဖြည့်ကူညီပေးမယ်လို့ သိရ**

# ဒေသခံတောင်သူလယ်သမားများ၏ စိုက်ပျိုးရေးကဏ္ဍနှင့် လူမှုဘဝများ ဖွံ့ဖြိုးတိုးတက်စေရေး ဆွေးနွေး

**ပဲခူး အောက်တိုဘာ ၃၁**

ပဲခူးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းသည် ဝန်ကြီးချုပ်ရုံးဧည့်ခန်းမ၌ အောက်တိုဘာလနောက်ဆုံးပတ်က ဂျပန်နိုင်ငံမှ စိုက်ပျိုးရေးပညာရှင်များနှင့် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအား တွေ့ဆုံခဲ့သည်။**(အောက်ပုံ)**

တွေ့ဆုံပွဲသို့ ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်၊ အစိုးရအဖွဲ့အတွင်းရေးမှူး ဦးတိုးဝင်းနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ Rainbow Jam Trading Co., Ltd. မှ ဒေါ်မြတ်သန္တာဦးနှင့် တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံစိုက်ပျိုးရေးပညာရှင် မစ္စတာကာဇုတာကေတာနာကာတို့ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် ဒေါ်မြတ်သန္တာဦးက မိမိတို့ကုမ္ပဏီသည် ဂျပန်နိုင်ငံမှ စိုက်ပျိုးရေးပညာရှင်တို့နှင့် ပူးပေါင်း၍ မြန်မာနိုင်ငံအတွင်း စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီဖြစ်ကြောင်း၊ လက်ရှိအနေဖြင့် နေပြည်တော်၊ တိုက်ကြီး(ဥတို)နှင့် ရှမ်းပြည်နယ်တို့တွင် ဂျပန်စပါးမျိုးနှင့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးလျက်ရှိကြောင်း၊ တိုင်းဒေသကြီးအတွင်း၌လည်း ရှေ့ပြေးစီမံချက်အနေဖြင့် ဧက ၁၀၀ စတင်စိုက်ပျိုးလိုကြောင်း၊ စပါးကြိတ်ရာမှ ထွက်ရှိလာသည့် စပါးခွံအား ဂျပန်နည်းပညာဖြင့် သဘာဝမြေသြဇာပြုလုပ်၍ အသုံးပြုသွားမည်ဖြစ်ပြီး ကျန်းမာရေးအတွက် ဘေးထွက်ဆိုးကျိုး မရှိနိုင်ကြောင်း၊ ထွက်ရှိလာမည့် ဆန်နှင့် ဟင်းသီးဟင်းရွက်များကို ဒေသတွင်းနှင့် ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချပေးသွားမည်ဖြစ်ကြောင်းနှင့် ရရှိလာမည့် အကျိုးအမြတ်များအား ဒေသခံကျေးရွာတို့တွင် စာသင်ကျောင်း၊ ရေတွင်း စသည့် လူထုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တင်ပြခဲ့သည်။

ထို့နောက် ဝန်ကြီးချုပ်က အစိုးရခေတ်အဆက်ဆက် စိုက်ပျိုးလုပ်ကိုင်မှုမရှိဘဲ မြေယာများ ဧကပေါင်းများစွာ ယူထားသည့် ကုမ္ပဏီ/လူပုဂ္ဂိုလ်များရှိကြောင်း၊ ယနေ့အချိန်တွင် စိုက်ပျိုးလုပ်ကိုင်ခြင်းမရှိဘဲ မြေနေရာယူထားမှုများကို စိစစ်၍ ဒေသခံပြည်သူများအား ပြန်လည်လွှဲပြောင်းရန် အမှန်တကယ် စိုက်ပျိုးလုပ်ကိုင်မည့် ကုမ္ပဏီများကို တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ လုပ်ပိုင်ခွင့်ပြုရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ အဓိကအားဖြင့် ကုမ္ပဏီတစ်ခုတည်း ကြီးပွားတိုးတက်ခြင်းထက် ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ စိုက်ပျိုးလုပ်ကိုင်ခြင်း၊ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်နိုင်ရေးကို ရှေးရှုလုပ်ကိုင်စေလိုကြောင်း၊ သို့မှသာ ဒေသခံတောင်သူလယ်သမားများလည်း နည်းပညာနှင့် စိုက်ပျိုးသီးနှံများအတွက် ခိုင်မာသည့်ဈေးကွက်တစ်ခု ရရှိနိုင်မည်ဖြစ်ကြောင်းနှင့် အမှန်တကယ် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်မည်ဆိုပါက မိမိတို့အစိုးရအနေဖြင့် လိုအပ်သည်များကူညီ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။



**ဟိန်းထက် (ပြန်/ဆက်)**

# ပြင်ဦးလွင်ခရိုင် ပန်းဦးတောင်ကျေးရွာ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

**မန္တလေး အောက်တိုဘာ ၃၁**

ပြင်ဦးလွင်ခရိုင်အတွင်း မီးလင်းရေးလုပ်ငန်းများသည် ၈၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း၊ ပန်းဦးတောင်ကျေးရွာ မီးလင်းရေးသည်လည်း အစိုးရနှင့် ပြည်သူပူးပေါင်းပြုလုပ်သည့် အောင်ပွဲတစ်ခုပင်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အောက်တိုဘာလ နောက်ဆုံးပတ်က ပြင်ဦးလွင်မြို့နယ် ပန်းဦးတောင်ကျေးရွာတွင် ပြုလုပ်သည့် မီးလင်းရေးဖွင့်ပွဲ၌ ပြောကြားသည်။

အဆိုပါကျေးရွာမီးလင်းရေးအတွက်၁၁ ကေဗွီလိုင်း နှစ်မိုင်နှင့် ၁၃၅ ကေဗွီအေ ထရန်စဖော်မာတစ်လုံးတို့ကို တိုင်းဒေသကြီးရန်ပုံငွေကျပ် သန်း ၅၀ ကျော်၊ ကျေးရွာအတွင်း ၄၀၀ ဗို့လိုင်း ၂ဒသမ ၂ မိုင်ကို ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် သန်း ၈၀ တို့ဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

အခမ်းအနားကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး၊ ကျေးရွာမီးလင်းရေးကော်မတီတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

မီးလင်းရေးကိစ္စများတွင် နိုင်ငံတော်အတွင်း ကျေးရွာပေါင်းခြောက်သောင်းကျော်ရှိသည့်အတွက် အားလုံးကို မထောက်ပံ့နိုင်သေးသော်လည်း ၂၀၃၀ ပြည့်နှစ်အတွင်း တစ်နိုင်ငံလုံးမီးလင်းရေးအတွက် စီမံကိန်းများရှိကြောင်း၊ ယင်းအစီအစဉ်ဖြင့် တိုင်းဒေသကြီးအတွင်း မီးလင်းရေးလုပ်ငန်းများကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

ထို့နောက် ခရိုင်လျှပ်စစ်မန်နေဂျာက ကျေးလက်မီးလင်းရေး ဆောင်ရွက်ခဲ့မှုနှင့် ပတ်သက်၍ ရှင်းလင်းပြီး လျှပ်စစ်အန္တရာယ်နှင့်ပတ်သက်၍ ပြည်သူလူထုကို အသိပညာပေးဟောပြောခဲ့သည်။

ခရိုင်အတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၄၅ ရွာ၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၂၉ ရွာ၊ ၂၀၁၈ ကာလတို ဘဏ္ဍာနှစ်တွင် ၃၇ ရွာ စုစုပေါင်း ၁၁၁ ရွာကို လျှပ်စစ်မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**

# သူနာပြု-သားဖွားဒီပလိုမာ သုံးနှစ်သင်တန်း ဒီပလိုမာအောင်လက်မှတ်များ အပ်နှင်း

**တောင်ကြီး အောက်တိုဘာ ၃၁**

အပတ်စဉ် (၄၁) ပဉ္စမအကြိမ် သူနာပြုသင်တန်းကျောင်း သူနာပြု- သားဖွားဒီပလိုမာ သုံးနှစ်သင်တန်း ဒီပလိုမာအောင်လက်မှတ်အပ်နှင်းပွဲကို အောက်တိုဘာ ၃၀ ရက်က တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းဆင်းပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ဆေးသိပ္ပံပညာရပ်များ ကျွမ်းကျင်တတ်မြောက်ရုံသာမက မိမိနိုင်ငံနှင့် မိမိလူမျိုးအကျိုးစီးပွားဖြစ်ထွန်းရေးအတွက် ကြိုးပမ်းဆောင်ရွက်လိုသည့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအပြင် ပြည်သူများအပေါ် ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ထားရှိအပ်သော စေတနာ၊ စိတ်ထား၊ ကျင့်ဝတ်တို့ကိုပါ အလေးထားဖော်ဆောင်ပေးပြီး သင်ရိုးညွှန်းတမ်းများကို ရေးဆွဲနိုင်ခဲ့သည့် သင်ရိုးညွှန်းတမ်းများအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း၊ သူနာပြုများ၏ အခန်းကဏ္ဍတွင် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်၌ သူနာပြုတက္ကသိုလ် နှစ်ခုနှင့် သူနာပြုသားဖွားသင်တန်းကျောင်း ၄၆ ကျောင်းအထိ တိုးမြှင့်ဖွင့်လှစ်ပေးထားပြီး သူနာပြုမဟာသိပ္ပံဘွဲ့လွန်သင်တန်း ကိုးလ အထူးပြုဒီပလိုမာသင်တန်းများကိုလည်း သူနာပြုတက္ကသိုလ်နှစ်ခုလုံးတွင် ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

သူနာပြုအတတ်ပညာများကို ကျွမ်းကျင်တတ်မြောက်အောင် ကိုယ်စွမ်း၊ ဉာဏ်စွမ်း စိုက်ထုတ်ပြီး ဆက်လက်လေ့လာဆည်းပူးကြရန်၊ မိမိတို့ကျွမ်းကျင်ရာ သူနာပြုစုခြင်းနှင့်အတူ ကမ္ဘာ့အရပ်ရပ်က အသိပညာ၊ အတတ်ပညာတို့ကိုလည်း တိုင်းရင်းသား ညီအစ်ကိုမောင်နှမများကို ဖြန့်ဖြူးဝေမျှပေးကြရန်၊ အမျိုးသားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကိုယ်စွမ်း၊ ဉာဏ်စွမ်း ရှိသမျှ ကျရာအခန်းကဏ္ဍက တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ကြရန်နှင့် တိုးတက်နေသော ကမ္ဘာ့ဆေးပညာရပ်နယ်ပယ်များကို အမြဲတစေ နှံ့စပ်အောင်လေ့လာကြရန်၊ ဒီပလိုမာအောင်လက်မှတ်ရပြီး လုပ်ငန်းခွင်အသီးသီးကို ဝင်သည့်အခါ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို အစဉ်ထာဝရစောင့်သိရိုသေကြရန် ပြည်သူလူထုနှင့် ဆက်ဆံရာတွင် မေတ္တာ၊ စေတနာအရင်းခံပြီး ပြည်သူနှင့် တစ်သားတည်းဖြစ်အောင် ဆက်ဆံကြရန်၊ အဓိကအနေဖြင့် မိမိတို့ ရှမ်းပြည်နယ်နှင့် အမိကျောင်းတော်ကြီး၏ ဂုဏ်သိက္ခာကို အစဉ်မြှင့်တင်ပေးကြရန် အလေးအနက်ထား မှာကြားလိုကြောင်း ပြောကြားသည်။



ဆက်လက်၍ ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသူဇာချစ်တင်က သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းအမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဒီပလိုမာအောင်လက်မှတ်ရယူကြမည့် သင်တန်းသား သင်တန်းသူများအား အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မောင်မောင်သန်း (တောင်ကြီး)**

# သက်မွေးပညာရပ်များဆိုင်ရာ ကာလတိုသင်တန်း ၁၀ မျိုးတွင် ၂၁၃၈ ဦးကို သင်ကြားပေးနိုင်ခဲ့ပြီး ၁၁၆၆ ဦးကို အလုပ်အကိုင်ချိတ်ဆက်ပေးနိုင်ခဲ့




**ဘားအံ အောက်တိုဘာ ၃၁**

ကရင်ပြည်နယ် အစိုးရနည်းပညာအထက်တန်းကျောင်း(ဘားအံ)မှ ဖွင့်လှစ်ကာ ADRA-Myanmar နှင့် Norad တို့မှ ကူညီသော ဒေသတွင်းလူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ နည်းပညာနှင့် သက်မွေးပညာရပ်များ သင်ယူနိုင်မှုအခွင့်အလမ်းများ ရရှိနိုင်စေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါများလာစေပြီး တစ်ဦးချင်းဝင်ငွေ ပိုမိုမြင့်မားလာစေရန် ရည်ရွယ်၍ သက်မွေးပညာရပ်များဆိုင်ရာ ကာလတိုသင်တန်း ၁၀ မျိုး အပတ်စဉ် (၃/၂၀၁၈) ဆင်းပွဲနှင့် အသေးစားကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်နေသည့် သင်တန်းသား သင်တန်းသူများအား ဂုဏ်ပြုသည့် အခမ်းအနားကို အောက်တိုဘာလ နောက်ဆုံးပတ်က ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းတို့က အမှာစကား ပြောကြားကြသည်။ ထို့နောက် ADRA-Myanmar ၏ Country Director Mr.Claudio M.Sandoval Maitre က ADRA-Myanmar ၏ လုပ်ဆောင်ချက်များကို လည်းကောင်း၊ အစိုးရနည်းပညာအထက်တန်းကျောင်း (ဘားအံ) မှ ကျောင်းအုပ်ကြီး ဒေါက်တာချိုယုမွန်က ကာလတိုသင်တန်းနှင့်ပတ်သက်၍ လည်းကောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အပတ်စဉ် (၃/၂၀၁၈) သင်တန်း ၁၀ မျိုးတွင် သင်ယူတတ်မြောက်အောင်မြင်ခဲ့သော သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းအောင်လက်မှတ်များနှင့် သင်တန်းအလိုက် ထူးချွန်ဆုများ၊ အသေးစားကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်နေသည့် သင်တန်းသား သင်တန်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြည်နယ်ဝန်ကြီးချုပ်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ကြသည်။ **(ဝဲပုံ)**

အဆိုပါ သင်တန်းဆင်းပွဲတွင် ကာလတိုသင်တန်း ၁၀ မျိုးဖြစ်သည့် အခြေခံစက်ချုပ်သင်တန်း၊ အဆင့်မြင့်စက်ချုပ်သင်တန်း၊ အခြေခံကွန်ပျူတာသင်တန်း၊ စိုက်ပျိုးရေးသုံး စက်ကိရိယာများ ပြင်ဆင်တပ်ဆင်ခြင်း၊ အိမ်တွင်းမီးများ တပ်ဆင်ခြင်း၊ သံဂဟေဆက်ခြင်း၊ စတီးဂဟေဆက်ခြင်း၊ ဟိုတယ်ဝန်ဆောင်မှုသင်တန်း၊ ဆံပင်အလှပြုပြင်ခြင်းနှင့် အမျိုးသားဆံပင်ညှပ်သင်တန်းတို့တွင် စုစုပေါင်း ၂၆၀ တတ်မြောက်အောင်မြင်ခဲ့ကြောင်းနှင့် သင်တန်းတွင် စာတွေ့လက်တွေ့နှစ်လခွဲ၊ ကျန် ၁၅ ရက်အားပြင်ပလုပ်ငန်းခွင် အလုပ်သင်ကာလအဖြစ် သင်ကြားပေးခြင်း၊ သင်တန်းတက်စဉ်ကာလအတွင်း နေ့တွက်စရိတ်တစ်ဦးလျှင် ငွေကျပ် ၂၀၀၀ နှင့် အလုပ်သင်ကာလအတွင်း ငွေကျပ် ၃၀၀၀ ထောက်ပံ့ပေးခြင်း၊ သင်တန်းပြီးဆုံးပါကလည်း အလုပ်အကိုင်ချိတ်ဆက်ဆောင်ရွက်ပေးရာ ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ သင်တန်းအပတ်စဉ် (၁၄) ကြိမ် သင်တန်းဆင်းဦးရေ ၂၁၃၈ ဦးသင်ကြားပေးနိုင်ခဲ့ပြီး ၁၁၆၆ ဦးကို အလုပ်အကိုင်ချိတ်ဆက်ပေးနိုင်ခဲ့ကြောင်း ဘားအံအစိုးရနည်းပညာအထက်တန်းကျောင်းမှ သိရသည်။

**နေမျိုးလွင် (ပြန်/ဆက်)**



# လားရှိုးမြို့ရောက် တိုက်ပွဲရှောင်တိုင်းရင်းသားများအတွက် စားသောက်ကုန်များလှူဒါန်း

**လားရှိုး အောက်တိုဘာ ၃၁**

လားရှိုးမြို့ မန်ဆူရှမ်းကျောင်းတိုက်သို့ အောက်တိုဘာ ၂၉ ရက် မွန်းလွဲပိုင်းကတည်းက တိုက်ပွဲရှောင် တိုင်းရင်းသားပြည်သူများ လာရောက်ခိုလှုံနေကြရာ အောက်တိုဘာ ၃၀ ရက် နံနက်ပိုင်းတွင် စုစုပေါင်း လူဦးရေ ၁၃၃၁ ဦး ရှိနေပြီဖြစ်သည်။ အဆိုပါ တိုက်ပွဲရှောင် တိုင်းရင်းသားပြည်သူများအတွက် စားသောက်ကုန်များကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် အရှေ့မြောက်တိုင်း စစ်ဌာနချုပ်တို့မှ ထောက်ပံ့ပေးအပ်လျက်ရှိကြောင်း သိရသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနသည် အောက်တိုဘာ ၂၈ ရက်မှစ၍ လားရှိုးမြို့နယ် အီနိုင်းကျေးရွာအထိ သွားရောက်ပြီး တိုက်ပွဲရှောင်ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းနှင့်စားသောက်ကုန်များ ထောက်ပံ့ပေးခဲ့ခြင်းဖြစ်ကာ အိမ်ထောင်စု ၂၈၀ မှ လူဦးရေ ၁၃၃၁ ဦးအတွက် ကယ်ဆယ်ရေးပစ္စည်း ၁၀ မျိုးနှင့် ဆန်ဖိုးငွေ ကျပ် ၂၃ သိန်းကျော်ကို ထောက်ပံ့ပေးထားပြီးဖြစ်ကြောင်း သိရသည်။

အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်အေးနှင့် အရာရှိ၊ စစ်သည် မိသားစုများကလည်း တိုက်ပွဲရှောင်တိုင်းရင်းသားပြည်သူများအတွက် ဆန် ၁၀ အိတ်၊ ဆီ ပိဿာ ၃၀၊ ကြက်ဥအလုံး ၃၀၀၀ နှင့် ငါးသေတ္တာဘူး ၁၂၀ တို့ကို မန်ဆူရှမ်းကျောင်းတိုက်ဆရာတော်ကြီးနှင့် တိုက်ပွဲရှောင်တိုင်းရင်းသားများကိုယ်စား ဂေါပကအဖွဲ့ထံသို့ အောက်တိုဘာ ၃၀ ရက် နံနက်ပိုင်းက လှူဒါန်းခဲ့သည်။

ထို့အပြင် ဟိုတယ်လုပ်ငန်းရှင်အသင်း ဥက္ကဋ္ဌ ဦးဇော်ဇော်က ကျပ်ငါးသိန်း၊ ဆင်နှစ်ကောင်ဟိုတယ်ပိုင်ရှင် ဦးသောင်းဟန်က ကျပ် ၁၂ သိန်း၊ ပြည်နယ်၊ ခရိုင်နှင့်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အဖွဲ့က ကျပ်သုံးသိန်းတို့ကို တိုက်ပွဲရှောင် တိုင်းရင်းသားပြည်သူများကိုယ်စား ရှမ်းပြည်နယ်မြောက်ပိုင်း သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်နှင့် တာဝန်ရှိသူများထံ လှူဒါန်းခဲ့သည်။

အောက်တိုဘာ ၃၀ ရက်အထိ မန်ဆူရှမ်းကျောင်းတိုက်သို့လာရောက်ခိုလှုံနေကြသော တိုက်ပွဲရှောင် တိုင်းရင်းသားပြည်သူများထဲတွင် လူမမည်ကလေးငယ်များနှင့် ကျောင်းနေအရွယ်ကလေးငယ်များ စုစုပေါင်း ၂၀၀ ခန့် ပါဝင်လျက်ရှိပြီး အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးက တိုက်ပွဲရှောင် တိုင်းရင်းသားပြည်သူများအား အားပေးစကား ပြောကြားခဲ့သလို မြို့နယ်ကျန်းမာရေးဌာနမှ ဆရာ၊ ဆရာမများကလည်း တိုက်ပွဲရှောင်ပြည်သူများအတွက် လိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှုများကို မန်ဆူရှမ်းကျောင်းတိုက် ဓမ္မာရုံအတွင်း ကွင်းဆင်း၍ ဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

**ဟန်ဌေး(လားရှိုး)**

# ကျောက်ကြီးမြို့နယ်တွင် မိုင်းအန္တရာယ်ပညာပေးပြီး မြေမြှုပ်မိုင်းရှင်းလင်းခြင်း သရုပ်ပြ

**ကျောက်ကြီး အောက်တိုဘာ ၃၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ်သည် ရှေးယခင် ငြိမ်းချမ်းမှုမရှိစဉ်က မိုင်းအန္တရာယ်မှာ အထူးပင်စိုးရိမ်ဖွယ်ရာအခြေအနေဖြစ်ခဲ့ပြီး မတော်တဆ မိုင်းနင်းမှုကြောင့် ဒေသခံပြည်သူများ အသက်သေဆုံး၊ ထိခိုက်မှုများရှိခဲ့ကာ ယခုအခါ နယ်မြေဒေသ အေးချမ်းသာယာလာပြီဖြစ်သော်လည်း မိုင်းကြွင်းကျန်မှုများရှိနေသေးသဖြင့် ဒေသခံပြည်သူများ မိုင်းနှင့်ပတ်သက်သည့် အန္တရာယ်များမှ ရှောင်ရှားနိုင်ရန်နှင့် မိုင်းအသိ၊ မိုင်းသတိရှိစေရန် ရည်ရွယ်လျက် ကျောက်ကြီးမြို့ မေတ္တာရပ်ကွက် သခင်ဖိုးလှကြီးလမ်းရှိ အောက်မေ့ဖွယ်ခန်းမ၌ မိုင်းအန္တရာယ် အသိပညာပေးခြင်းနှင့် မြေမြှုပ်မိုင်းရှင်းလင်းခြင်း သရုပ်ပြမှုကို အောက်တိုဘာ ၂၇ ရက်က ပြုလုပ်ခဲ့သည်။



မြန်မာနိုင်ငံ လူသားချင်းစာနာမှုကို အခြေခံ၍ မိုင်းဆိုင်ရာလုပ်ရှားဆောင်ရွက်မှုများ ရှေ့ဆောင်အဖွဲ့(HMAI)က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် နော်ဝေပြည်သူများ ထောက်ပံ့ရေးအဖွဲ့၊ World Education နှင့် ငြိမ်းချမ်းမြန်မာ ကူညီထောက်ပံ့ရေးဖောင်ဒေးရှင်း (PMA) တို့၏ ပူးပေါင်းပါဝင်မှုဖြင့် အဆိုပါမြေမြှုပ်မိုင်းအန္တရာယ် အသိပညာပေးဆွေးနွေးခြင်းနှင့် မြေမြှုပ်မိုင်းရှင်းလင်းခြင်း သရုပ်ပြပွဲကို ပြုလုပ်ခြင်းဖြစ်သည်။

"မြန်မာနိုင်ငံမှာ မိုင်းဒဏ်သင့်တဲ့ ဒေသ တိုင်းနဲ့ပြည်နယ်ကိုးခု ရှိတဲ့အထဲက ပဲခူးတိုင်းအရှေ့ခြမ်းထဲမှာပါတဲ့ ကျောက်ကြီးမြို့နယ်ဟာလည်း မိုင်းဒဏ်သင့်ဖြစ်စဉ် အများဆုံးဖြစ်ခဲ့တဲ့နေရာတစ်ခုဖြစ်ပါတယ်။ လက်ရှိလည်း မိုင်းဟောင်းတွေဟာ ရှင်းလင်းခြင်း မပြုရသေးဘူး၊ ပေါက်ကွဲပြီး ထိခိုက်ဒဏ်ရာရမှုကတော့ လျော့သွားပေမယ့် ပေါက်ကွဲမှုတွေကတော့ ရှိနေဆဲလို့ ကြားသိရပါတယ်။ ဒါကြောင့်မို့လို့ ဒီဒေသမှာနေတဲ့ ပြည်သူတွေ မိုင်းကြောင့် ထိခိုက်ဒဏ်ရာရမှု မရှိအောင် ကြိုတင်လာရောက်ပြီး မိုင်းအန္တရာယ်ပညာပေးလုပ်ငန်းကို ဆောင်ရွက်ခြင်း ဖြစ်ပါတယ်"ဟု မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီအဖွဲ့ဝင် ဖြစ်ပြီး (HMAI) နှင့် (PMA) တို့၏ ဥက္ကဋ္ဌလည်းဖြစ်သူ ဦးသန့်ဇင် (ဒုတိယဗိုလ်မှူးကြီး-ငြိမ်း)က ပြောသည်။

အဆိုပါ ပညာပေးဆွေးနွေးပွဲနှင့် သရုပ်ပြပွဲသို့ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါ်ညွန့်ညွန့်ဌေး၊ လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဆန်းဦး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြန်လည်ထူထောင်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်ထွန်းတို့ တက်ရောက်အမှာစကား ပြောကြားပြီး မြေမြှုပ်မိုင်းအန္တရာယ်များကို ဦးမြင့်ဦး(ဗိုလ်ကြီး-ငြိမ်း)က အသေးစိတ်ဆွေးနွေးပြောကြားခဲ့သည်။ ထို့နောက် မြေမြှုပ်မိုင်းအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်ဆက်နွယ်သူများ၏ မြေမြှုပ်မိုင်းအန္တရာယ် စကားဝိုင်းကို ဆက်လက်ကျင်းပကာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဆန်းဦး၊ NPA မှ ဦးကျော်ကျော်ဦး၊ ဒေသခံ မိုင်းသင့်ဒဏ်ရာရ မသန်စွမ်းသူ ဦးစန်းလွင်နှင့် ဒေါ်စန်းစန်းဌေးတို့က ဦးဆောင်ဆွေးနွေးခဲ့ကြပြီး ဒေသခံများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ နော်ဝေပြည်သူများ ထောက်ပံ့ရေးအဖွဲ့က မြေမြှုပ်မိုင်းရှင်းလင်းမှုများကို လက်တွေ့သရုပ်ပြကာ မိုင်းဆိုင်ရာ အသိပညာပေး ပြခန်းများကိုလည်း ပြသခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၃၁-၁၀-၂၀၁၈

| ရွှေ | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၃၉၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၈၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၃၉၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၈၄၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၇၅/၁၀၉၀ ကျပ် | ၁၁၁၀/၁၁၂၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၈၅/၁၁၀၀ ကျပ် | ၁၁၂၅/၁၁၄၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၀၁၀/၁၀၄၅ ကျပ် | ၁၀၇၀/၁၁၀၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၀၇၀/၁၀၉၅ ကျပ် | ၁၁၄၀/၁၁၅၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၆၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၆၉ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၂၆ . ၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၈၂ . ၃ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၇၈ . ၆ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၁၀၅ . ၄ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၃ . ၉၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ . ၁၇၃ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၆ . ၉၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၂ . ၈၉ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၆ . ၈၆၈ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။


# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန



**မြန်မာ့အလင်း**

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | ကြည်ဝင်း၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၃၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၃၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၃၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၃၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

***ယမန်နေ့မှအဆက်***

(ခ) လူမွဲဖြစ်မှုစတင်ပြီးနောက် မည်သည့်အချိန်တွင်မဆို လူမွဲသည် ပစ္စည်းတစ်ရပ်ရပ်ကို လက်ဝယ်ရယူပိုင်ဆိုင်ခဲ့လျှင် သို့မဟုတ် ဆက်ခံရရှိလျှင် သို့မဟုတ် ဝင်ငွေတိုးတက်ရရှိလာလျှင် ထိုသို့ဖြစ်ပေါ်တိုးတက်လာမှုကို ၎င်းသိရှိပြီးနောက် အလုပ်လုပ်ကိုင်ရက် ၅ ရက်အတွင်း ယုံမှတ်အပ်နှံခြင်းခံရသူသို့ အကြောင်းကြားရမည်။

(ဂ) ပုဒ်မခွဲ (က) သည် လူမွဲဖြစ်မှု ရပ်စဲပြီးနောက်ပိုင်း အချိန်ကာလအထိ သက်ဆိုင်စေရမည်။

(ဃ) လူမွဲသည် ကျိုးကြောင်းဆီလျော်သော အကြောင်းပြချက်မရှိဘဲ ဤပုဒ်မပါတာဝန်များကို လိုက်နာရန် ပျက်ကွက်လျှင် ၎င်းသည် ဤဥပဒေဖြင့် သတ်မှတ်ထားသော ပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည့်အပြင် တရားရုံးမထီမဲ့မြင်ပြုမှုဖြင့်လည်း အရေးယူခံရမည်။

**နောက်ထပ်လူမွဲဖြစ်မှုရှိသည့်ကိစ္စတွင် ပစ္စည်းခွဲဝေမှုကို ဆိုင်းငံ့ခြင်း**

၃၁၄။ (က) လူမွဲဖြစ်မှု ရပ်စဲခြင်းမရှိသေးသော လူမွဲအပေါ်တွင် လူမွဲအဖြစ်ခံယူစေသည့် အမိန့်တစ်ရပ် ထပ်မံချမှတ်သည့်အခါ ဤပုဒ်မနှင့် ပုဒ်မ ၃၁၅ တို့တွင်ဖော်ပြထားသော ပြဋ္ဌာန်းချက်များသည် သက်ဆိုင်စေရမည်ဖြစ်သည့်အပြင် ယင်းပုဒ်မများ၌ ဖော်ပြချက်များသည် အောက်ပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။

(၁) နောက်ထပ်လူမွဲဖြစ်မှု (later bankruptcy) ဆိုသည်မှာ အထက်ပါအမိန့်အရ ဖြစ်ပေါ်လာသော လူမွဲဖြစ်မှုကို ဆိုသည်။

(၂) ယခင်လူမွဲဖြစ်မှု (earlier bankruptcy) ဆိုသည်မှာ နောက်ထပ် လူမွဲဖြစ်မှု စတင်သည့်အချိန်၌ လူမွဲဖြစ်မှု ရပ်စဲခြင်း မရှိသေးသော လူမွဲဖြစ်မှုကိုဆိုသည်။

(၃) လက်ရှိယုံမှတ်အပ်နှံခြင်းခံရသူဆိုသည်မှာ ယခင်လူမွဲဖြစ်မှုတွင် လူမွဲပိုင်ပစ္စည်းနှင့် စပ်လျဉ်း၍ ယုံမှတ်အပ်နှံခြင်းခံရသူကို ဆိုသည်။

(ခ) ပုဒ်မ ၂၇၀ ကို ထိခိုက်ခြင်းမရှိစေဘဲ နောက်ထပ်လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ပေးရန် လျှောက်ထားလာကြောင်း လက်ရှိယုံမှတ်အပ်နှံခြင်းခံရသူထံသို့ အကြောင်းကြားစာ ပေးပို့ပြီးနောက် ပုဒ်မခွဲ (ဂ) ပါ ပစ္စည်းများ (ငွေကြေးအပါအဝင်)နှင့် စပ်လျဉ်း၍ လက်ရှိယုံမှတ်အပ်နှံခြင်းခံရသူက ပြုလုပ်ခဲ့သောခွဲဝေပေးမှု သို့မဟုတ် အခြားသော စီမံခန့်ခွဲမှု တစ်ရပ်ရပ်သည် တရားရုံး၏ခွင့်ပြုချက်ဖြင့် ဆောင်ရွက်သည့် သို့မဟုတ် တရားရုံးမှအတည်ပြုသည့်အတိုင်း အတာမှတစ်ပါး ပျက်ပြယ်စေရမည်။

(ဂ) ဤပုဒ်မခွဲပါပြဋ္ဌာန်းချက်များသည် -

(၁) ပုဒ်မ ၂၈၆ ပုဒ်မခွဲ (ဂ) အရ လက်ရှိယုံမှတ်အပ်နှံခြင်းခံရသူထံသို့ တရားဝင်လွှဲပြောင်းရောက်ရှိသော ပစ္စည်းတစ်ရပ်ရပ်၊

(၂) ပုဒ်မ ၂၈၉ အရ ချမှတ်ခဲ့သော ဝင်ငွေမှ ပေးဆပ်စေရန် အမိန့်အရ လက်ရှိယုံမှတ်အပ်နှံခြင်းခံရသူထံသို့ ပေးအပ်ခဲ့သော ငွေကြေးများ၊

(၃) ပုဒ်မခွဲငယ် (၁)နှင့် (၂) ပါပစ္စည်း သို့မဟုတ် ငွေကြေး တစ်ရပ်ရပ်ကို အသုံးပြု၍ဖြစ်စေ သို့မဟုတ် ရောင်းချခြင်းဖြင့် ဖြစ်စေရရှိလာသော ပစ္စည်း သို့မဟုတ် ငွေကြေးတစ်ရပ်ရပ် သို့မဟုတ် ထိုသို့ရရှိလာသော ပစ္စည်း သို့မဟုတ် ငွေကြေးကို ကိုယ်စားပြုသည့်ပစ္စည်း သို့မဟုတ် ငွေကြေးတစ်ရပ်ရပ်။

**ယခင်လူမွဲဖြစ်မှုနှင့် နောက်ထပ်လူမွဲဖြစ်မှုတွင် လူမွဲပိုင်ပစ္စည်းများအကြား ချိန်ညှိခြင်း**

၃၁၅။ (က) နောက်ထပ်လူမွဲဖြစ်မှု စတင်ခြင်းမပြုမီ ယခင်လူမွဲဖြစ်မှုရှိ လူမွဲပိုင်ပစ္စည်းတွင်ပါဝင်သည့် ပုဒ်မ ၃၁၄၊ ပုဒ်မခွဲ (ဂ) ပါပစ္စည်းများ (ငွေကြေးအပါအဝင်) သည် နောက်ထပ်လူမွဲဖြစ်မှု စတင်သည်နှင့်တစ်ပြိုင်နက် အလို့ငှာ လူမွဲပိုင်ပစ္စည်းတွင်ပါရှိသည့် ပစ္စည်းများဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) ပုဒ်မ ၂၈၉ အရ ချမှတ်ခဲ့သော ဝင်ငွေမှ ပေးဆပ်စေရန် အမိန့်အရ လက်ရှိယုံမှတ်အပ်နှံခြင်းခံရသူသို့ပေးရမည့် ငွေပမာဏတစ်ရပ်သည် နောက်ထပ်လူမွဲဖြစ်မှု စတင်ပြီးနောက် နောက်ထပ်လူမွဲဖြစ်မှုဆိုင်ရာ ကိစ္စများအလို့ငှာ လူမွဲပိုင်ပစ္စည်းတွင် ပါဝင်စေရမည်ဖြစ်ပြီး ထိုသို့ ပြောင်းလဲသည့်အတွက် တရားရုံးသည် သင့်တော်သည်ဟု ထင်မြင်ယူဆသည့်အတိုင်း ထပ်မံညွှန်ကြားနိုင်သည်။

(ဂ) ပုဒ်မခွဲ (က) သို့မဟုတ် (ခ) ပါအရ လူမွဲပိုင်ပစ္စည်းတွင် ပါဝင်လာသော ပစ္စည်းများအား ခွဲဝေပေးရာ၌ ယခင်လူမွဲဖြစ်မှုတွင် လက်ရှိယုံမှတ်အပ်နှံခြင်းခံရသူက ကျခံခဲ့သော ကုန်ကျစရိတ်များအတွက် ဦးစွာပေးချေရမည်။

ပုဒ်မ ၃၁၄ နှင့် အထက်ပါ ပုဒ်မခွဲများအရမှတစ်ပါး ပုဒ်မ ၂၈၇ အရ ယခင်လူမွဲဖြစ်မှု သို့မဟုတ် ယခင်လူမွဲဖြစ်မှုမတိုင်မီ ဖြစ်ခဲ့သော လူမွဲဖြစ်မှုပါပစ္စည်းတစ်ရပ်ရပ်အား နောက်ထပ်လူမွဲဖြစ်မှု၏ လူမွဲပိုင်ပစ္စည်းတွင် ပါဝင်ခြင်း မရှိစေရ။

(ဃ) ကြွေးမြီတစ်ရပ်တည်းနှင့်စပ်လျဉ်း၍ ယခင်လူမွဲမှုခင်းမှ မြီရှင်များနှင့် ယင်းထက်စောသော လူမွဲမှုခင်းမှ မြီရှင်များသည် နောက်ထပ် လူမွဲဖြစ်မှုတွင် ထိုလူမွဲ၏မြီရှင်များအဖြစ် မှတ်ယူခြင်း မပြုရ။ သို့ရာတွင် လက်ရှိ ယုံမှတ်အပ်နှံခြင်းခံရသူသည် နောက်ထပ်လူမွဲဖြစ်မှုတွင် အောက်ပါကိစ္စရပ်များအတွက် ခွင့်ပြုပေးနိုင်သည်-

(၁) ဤပုဒ်မခွဲအရ ကြွေးမြီတစ်ရပ်ရပ်အပါအဝင် ယခင်လူမွဲဖြစ်မှုတွင် ထိုလူမွဲပိုင်ပစ္စည်းအပေါ် သက်သေထင်ရှားပြနိုင်ပြီး အပြေအကျေ ရရှိခြင်းမရှိသေးသည့် ကြွေးမြီ၊

(၂) ထိုကြွေးမြီအတွက် ပေးရန်ရှိသောအတိုး၊

(၃) ယခင်လူမွဲဖြစ်မှုတွင် ပေးချေခြင်း မပြုရသေးသော ကုန်ကျစရိတ်များ။

(င) နောက်ထပ်လူမွဲဖြစ်မှုတွင် သက်သေထင်ရှားပြသနိုင်သော အခြားသော ကြွေးမြီများအားလုံးနှင့် ယင်းကြွေးမြီများအပေါ်တွင် ပေးရမည့်အတိုးငွေများကို အပြည့်အဝပေးချေပြီးမှသာ ပုဒ်မခွဲ(င) အရ သက်သေထင်ရှားပြသနိုင်သော ငွေပမာဏကို ပေးချေရမည်။

**အခန်း(၆)**

**မြီရှင်များနှင့် ညှိနှိုင်းခြင်း သို့မဟုတ် လုပ်ငန်းအစီအစဉ်ပြုလုပ်ခြင်း**

**ညှိနှိုင်းခြင်း သို့မဟုတ် လုပ်ငန်းအစီအစဉ်ပြုလုပ်ရန် အဆိုပြုချက်**

၃၁၆။ လူမွဲသည် ၎င်း၏ကြွေးမြီများအတွက် ညှိနှိုင်းရန် သို့မဟုတ် ၎င်း၏လုပ်ငန်းနှင့် စပ်လျဉ်း၍ အစီအစဉ်ပြုလုပ်လိုလျှင် ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ မိမိတင်ပြလိုသော ညှိနှိုင်းချက် သို့မဟုတ် လုပ်ငန်းအစီအစဉ်ကို အာမခံသူများ သို့မဟုတ် အာမခံချက်များ ပါရှိသော အဆိုပြုချက်တစ်ရပ်ကို စာဖြင့်ရေးသား၍ လက်မှတ်ရေးထိုးပေးပို့နိုင်သည်။

**လူမွဲ၏အဆိုပြုချက်ကို ယုံမှတ်အပ်နှံခြင်းခံရသူမှ အစီရင်ခံတင်ပြခြင်း**

၃၁၇။ (က) ယုံမှတ်အပ်နှံခြင်းခံရသူက စိစစ်အကဲဖြတ်နိုင်စေရန်အတွက် ပုဒ်မ ၃၁၆ အရ အဆိုပြုချက်သည် မြီရှင်များနှင့် လူမွဲတို့၏ အကျိုးစီးပွားကို ဖြစ်စေကြောင်း ဖော်ပြသည့် အချက်အလက်များနှင့် နည်းဥပဒေဖြင့် သတ်မှတ်ထားသော အချက်အလက်များ ပြည့်စုံစွာပါရှိရမည်။

(ခ) ပုဒ်မ ၃၁၆ အရ အဆိုပြုချက်ကို လက်ခံရရှိသည့်အခါ ယုံမှတ်အပ်နှံခြင်းခံရသူသည် ညှိနှိုင်းမှု သို့မဟုတ် လုပ်ငန်းအစီအစဉ်မှာ မြီရှင်နှင့် လူမွဲတို့၏အကျိုးစီးပွားကိုဖြစ်စေခြင်း ရှိ မရှိနှင့် ယင်းတို့အပေါ် မြီရှင်များ၏အစည်းအဝေးတွင် သဘောတူညီချက်ရရှိနိုင်ဖွယ် ရှိ မရှိနှင့် စပ်လျဉ်း၍ ၎င်း၏ထင်မြင်ယူဆချက်ပါ အစီရင်ခံစာတစ်ရပ်ကိုပြုစု၍ တင်ပြရမည်။

**ညှိနှိုင်းမှု သို့မဟုတ် လုပ်ငန်းအစီအစဉ်နှင့် စပ်လျဉ်း၍ တင်ပြလျှောက်ထားခြင်း**

၃၁၈။(က) အဆိုပြုချက်သည် ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့် နည်းဥပဒေများပါ သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ထားကြောင်း ကျေနပ်မှုရှိလျှင် ယုံမှတ်အပ်နှံခြင်းခံရသူသည် တရားရုံးသို့ အောက်ပါစာရွက်စာတမ်း အထောက်အထားများနှင့်အတူ အစီရင်ခံစာတင်ပြရမည် -

(၁) အဆိုပြုသည့် ညှိနှိုင်းမှု သို့မဟုတ် လုပ်ငန်းအစီအစဉ်၊

(၂) ပုဒ်မ ၃၁၇ ပုဒ်မခွဲ (ခ) အရ ပြုစုတင်ပြသည့် ယုံမှတ်အပ်နှံခြင်းခံရသူ၏အစီရင်ခံစာ၊

(၃) ထိုအဆိုပြုချက်အပေါ် ဆွေးနွေးဆုံးဖြတ်ရန်အတွက် မြီရှင်များအစည်းအဝေးကို ခေါ်ယူသည့်အမိန့်တစ်ရပ် ချမှတ်ပေးရန် လျှောက်လွှာ။

(ခ) ပုဒ်မခွဲ (က) အရတင်သွင်းသော လျှောက်ထားချက်တစ်ရပ်ကို လက်ခံရရှိသည့်အခါ တရားရုံးသည် ယင်းအဆိုပြုချက်မှာ မြီရှင်များနှင့် လူမွဲတို့၏ အကျိုးစီးပွားကို ဖြစ်စေကြောင်းနှင့် ယင်းတို့အပေါ် မြီရှင်များ၏ အစည်းအဝေးတွင် သဘောတူညီချက် ရရှိနိုင်ဖွယ်ရာရှိကြောင်း ကျေနပ်လျှင် မြီရှင်များ၏အစည်းအဝေးကို ခေါ်ယူရန်အတွက် အမိန့်ချမှတ်နိုင်သည်။

**မြီရှင်များ အစည်းအဝေးကျင်းပခြင်း**

၃၁၉။ (က) တရားရုံးမှ အခြားနည်းဖြင့် အမိန့်ချမှတ်ခြင်း သို့မဟုတ် ညွှန်ကြားခြင်း မရှိလျှင်-

(၁) ယုံမှတ်အပ်နှံခြင်းခံရသူသည် မြီရှင်များအစည်းအဝေးကို ပုဒ်မ ၃၁၈ အရ အမိန့်ချမှတ်သည့် နေ့ရက်မှစ၍၂၁ ရက်အတွင်း ခေါ်ယူကျင်းပရမည့်အပြင်၊

(၂) ဤပုဒ်မနှင့် နည်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြီရှင်များအစည်းအဝေးကို ခေါ်ယူကျင်းပရမည်။

(ခ) မြီရှင်များအစည်းအဝေး၌ ယုံမှတ်အပ်နှံခြင်းခံရသူသည် သဘာပတိအဖြစ် ဆောင်ရွက်ရမည်။

(ဂ) လူမွဲသည် မြီရှင်များအစည်းအဝေးသို့ တက်ရောက်ရမည်။

(ဃ) လူမွဲက အဆိုပြုတင်ပြသော ညှိနှိုင်းမှု သို့မဟုတ် လုပ်ငန်းအစီအစဉ် အပေါ် ထိုမြီရှင်များအစည်းအဝေး၌ မဲခွဲဆုံးဖြတ်ရမည်ဖြစ်ပြီး ထိုသို့ မဲခွဲဆုံးဖြတ်ရာတွင် ကြွေးမြီရရန်ရှိကြောင်း သက်သေထင်ရှားပြသနိုင်သည့် ကြွေးမြီ သို့မဟုတ် တောင်းဆိုမှု စုစုပေါင်းတန်ဖိုး၏ ၇၅ ရာခိုင်နှုန်းထက်မနည်း ပိုင်ဆိုင်သောမြီရှင်များက ကိုယ်တိုင်ဖြစ်စေ ကိုယ်စားလှယ်မှတစ်ဆင့်ဖြစ်စေ ထောက်ခံမဲပေးလျှင် ယင်းအဆိုပြုချက်သည် အတည်ဖြစ်စေရမည်။

(င) မြီရှင်များအစည်းအဝေးတွင် လူမွဲက အဆိုပြုတင်ပြသော ညှိနှိုင်းမှု သို့မဟုတ် လုပ်ငန်းအစီအစဉ်ကို ပြင်ဆင်ချက်ဖြင့် အတည်ပြုနိုင်သော်လည်း ယင်းပြင်ဆင်ချက်ကို လူမွဲ၏ သဘောတူညီချက်ဖြင့်သာ ပြုလုပ်ရမည်။

(စ) လူမွဲ၏ အဆိုပြုချက် သို့မဟုတ် ပြင်ဆင်ချက်တစ်ရပ်ရပ်သည် အာမခံအကျိုးခံစားခွင့်ရ မြီရှင်များအပါအဝင် အချို့သောမြီရှင်များအပေါ် ဆန့်ကျင် ထိခိုက်လျှင် ယင်းအဆိုပြုချက် သို့မဟုတ် ပြင်ဆင်ချက်ကို ထိခိုက်သည့်မြီရှင်များအနက်မှ ကြွေးမြီ သို့မဟုတ် တောင်းဆိုမှု စုစုပေါင်းတန်ဖိုး၏ ၇၅ ရာခိုင်နှုန်းထက်မနည်း ပိုင်ဆိုင်သော မြီရှင်များက ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်မှတစ်ဆင့်ဖြစ်စေ တက်ရောက်မဲပေး၍ သဘောတူရမည်။

**ဆုံးဖြတ်ချက်များကို တရားရုံးသို့ အစီရင်ခံတင်ပြခြင်း**

၃၂၀။ (က) အဆိုပြုတင်ပြသော ညှိနှိုင်းမှု သို့မဟုတ် လုပ်ငန်းအစီအစဉ်နှင့် စပ်လျဉ်း၍ မြီရှင်များအစည်းအဝေးမှ ချမှတ်ခဲ့သော ဆုံးဖြတ်ချက်များကို ယုံမှတ်အပ်နှံခြင်းခံရသူသည် တရားရုံးသို့ အစီရင်ခံတင်ပြရမည်ဖြစ်ပြီး ထိုအစီအရင်ခံစာနှင့်အတူ ယင်းဆုံးဖြတ်ချက်များအပေါ် အမိန့်တစ်ရပ်ချမှတ်ပေးရန် လျှောက်လွှာကိုလည်း ပူးတွဲတင်ပြရမည်။

(ခ) ယုံမှတ်အပ်နှံခြင်းခံရသူသည် ပုဒ်မခွဲ (က) အရ လျှောက်လွှာနှင့် အစီရင်ခံစာမိတ္တူတို့ကို လူမွဲနှင့် မြီရှင်များ၏အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ မြီရှင်များထံသို့ ပေးပို့ရမည်။

(ဂ) အဆိုပြုတင်ပြသော ညှိနှိုင်းမှု သို့မဟုတ် လုပ်ငန်းအစီအစဉ်ကိုပုဒ်မ ၃၁၉ အရ ကျင်းပခဲ့သော မြီရှင်များအစည်းအဝေးတွင် သဘောတူအတည်ပြုရန် ငြင်းပယ်ခဲ့လျှင် တရားရုံးသည် ပုဒ်မခွဲ (က) အရ တင်ပြခဲ့သောလျှောက်လွှာကို ပလပ်ရမည်။

(ဃ) အဆိုပြုတင်ပြသော ညှိနှိုင်းမှု သို့မဟုတ် လုပ်ငန်းအစီအစဉ်ကို ပုဒ်မ ၃၁၉ အရ ကျင်းပခဲ့သော ထိုမြီရှင်များ၏ အစည်းအဝေးမှ အတည်ပြုခဲ့သည့်အပြင် ယင်းအဆိုပြုချက် သို့မဟုတ် ပြင်ဆင် အဆိုပြုချက် (ရှိခဲ့လျှင်) တို့သည် မြီရှင်များနှင့် လူမွဲတို့အား အကျိုးရှိစေမည်ဟု တရားရုံးက ထင်မြင်ယူဆလျှင် အဆိုပါ ညှိနှိုင်းမှု သို့မဟုတ် လုပ်ငန်းအစီအစဉ်ကို အတည်ပြုနိုင်သည့်အပြင် ယင်းကိုအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် သင့်လျော်သည့် အမိန့်များချမှတ်နိုင်သည် သို့မဟုတ် ညွှန်ကြားနိုင်သည်။

(င) ပုဒ်မခွဲ (ခ) အရပေးပို့သော အစီရင်ခံစာနှင့် လျှောက်ထားလွှာကို လက်ခံရရှိသူသည် တရားရုံးတွင် အောက်ပါအကြောင်းပြချက် တစ်ရပ်ရပ်အရ ကန့်ကွက်တင်ပြနိုင်သည်-

(၁) အဆိုပြုတင်ပြသော ညှိနှိုင်းမှု သို့မဟုတ် လုပ်ငန်းအစီအစဉ်သည် ၎င်း၏အကျိုးစီးပွား သို့မဟုတ် အခြားသောမြီရှင်များ၏ အကျိုးစီးပွားကို မမျှမတ ထိခိုက်နစ်နာစေကြောင်း၊ သို့မဟုတ်

(၂) မြီရှင်များအစည်းအဝေးကို ခေါ်ယူကျင်းပရာတွင် ကြီးစွာသော နည်းလမ်းမကျမှုရှိခဲ့ကြောင်း။

(စ) တရားရုံးသည် သင့်သည်ထင်ပါက မြီရှင်များအစည်းအဝေးကို ပြန်လည်ခေါ်ယူကျင်းပရန် အမိန့်ချမှတ်နိုင်သည် သို့မဟုတ် ညွှန်ကြားနိုင်သည်။

**အတည်ပြုခြင်း၏ အကျိုးသက်ရောက်မှုများ**

၃၂၁။ (က) ပုဒ်မ ၃၂၀ အရ အတည်ပြုခဲ့သော ညှိနှိုင်းမှု သို့မဟုတ် လုပ်ငန်းအစီအစဉ်သည် လူမွဲနှင့် မြီရှင်များအပေါ်တွင် သက်သေထင်ရှားပြသနိုင်သည့် ကြွေးမြီအတိုင်းအတာအထိသာ အကျိုးသက်ရောက်စေရမည်။

(ခ) ပုဒ်မ ၃၂၀ အရ အတည်ပြုခဲ့သော ညှိနှိုင်းမှု သို့မဟုတ် လုပ်ငန်းအစီအစဉ်သည် -

(၁) အချိန်စေ့ရောက်သော ကြွေးမြီတစ်ရပ်ကို ရထိုက်ခွင့်ရှိသည့် မြီရှင်များ၏ သဘောတူညီချက်နှင့်မှအပ လူမွဲအဖြစ်မှ ရပ်စဲသွားသည့်တိုင်အောင် ပေးဆပ်ရန် တာဝန်ဆက်လက်တည်ရှိနေသည့် သက်သေပြနိုင်သော ကြွေးမြီတစ်ရပ်ကို ပေးဆပ်ရန်တာဝန်မှ ကင်းလွတ်ခွင့်မရှိစေရ၊ သို့မဟုတ်

(၂) လူမွဲအဖြစ်မှ ရပ်စဲသွားသော်လည်း ပေးဆပ်ရန် တာဝန်ဆက်လက်တည်ရှိနေသည့် အခြားတစ်စုံတစ်ဦးအား တာဝန်မှ ကင်းလွတ်စေခွင့် မရှိစေရ။

(ဂ) အဆိုပြုတင်ပြခဲ့သည့် ညှိနှိုင်းမှု သို့မဟုတ် လုပ်ငန်းအစီအစဉ်ကို ပုဒ်မ ၃၁၉ အရ ကျင်းပသော မြီရှင်များအစည်းအဝေးတွင် အတည်ပြုခဲ့သည့်အပြင် တရားရုံးကလည်း ပုဒ်မ ၃၂၀ (စ) အရ အမိန့်ချမှတ်ခဲ့လျှင် ထိုအမိန့်ချမှတ်သည့်နေ့တွင် လူမွဲအဖြစ်ခံယူစေရန် ချမှတ်ခဲ့သောအမိန့်သည် ပျက်ပြယ်စေရမည်။

**အခန်း(၇)**

**အခွင့်အရေးများနှင့် လုပ်ငန်းကိစ္စများအပေါ် လူမွဲဖြစ်မှု၏အကျိုးသက်ရောက်ခြင်း**

**ယုံမှတ်အပ်နှံထားသည့် မြေနှင့်စပ်လျဉ်းသည့် အခွင့်အရေးများ**

၃၂၂။ (က) ယုံမှတ်အပ်နှံခြင်းခံရသူသည် လူမွဲပိုင်ပစ္စည်းများအနက်မှ ယုံမှတ်အပ်နှံထားသောမြေကို ရောင်းချရန်အလို့ငှာ စီရင်ပိုင်ခွင့်ရှိသော တရားရုံးသို့ တင်ပြလျှောက်ထားရမည်။

(ခ) ပုဒ်မခွဲ(က)အရ လျှောက်လွှာကို လက်ခံရရှိသည့်အခါ တရားရုံးသည် အောက်ပါအချက်အလက်များကို ထည့်သွင်းစဉ်းစားလျက် သင့်သည်ထင်သည့် အမိန့်ချမှတ်နိုင်သည်-

***(ဆက်လက်ဖော်ပြပါမည်)***

**တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ**
**အင်ဂျင်နီယာသင်တန်းသားများ**
**အလိုရှိသည်**

၁။ လျှောက်ထားသူသည်-

(က) **၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့်ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၄၀ ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ၊ သို့မဟုတ် ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၁၀-၉-၂၀၁၈** ရက်နေ့မှ စတင်၍ **၂၄-၁၁-၂၀၁၈** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း တိုင်းစစ်ဌာနချုပ်များတွင် အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ**။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ အရည်အချင်းစစ်စာမေးပွဲကို မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်များ၌ **၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၆။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်မြင်သူများကို ဟိုပုံးမြို့(တောင်ကြီးခရိုင်)တွင်လူတွေ့စစ်ဆေးမည်။ လူတွေ့အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းနှင့်သတင်းပို့ရမည့်ရက်များကို မိမိလျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်များတွင် **၂၈-၁၂-၂၀၁၈** မှ **၂၉-၁၂-၂၀၁၈** ရက်နေ့များအတွင်း မေးမြန်းနိုင်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် **ပညာသည် အကြပ်ကြီး** အဖြစ်ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့် အချိန်နှင့် အကျုံးဝင်သည့် အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**
**သစ်တောဦးစီးဌာန**
**ညွှန်ကြားရေးမှူးရုံး၊ ရှမ်းပြည်နယ်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်၊ သစ်တောဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေ(ငွေလုံးငွေရင်း) အသုံးစရိတ်များဖြင့် အဆောက်အအုံများ ဆောက်လုပ်ရန် အောက်ဖော်ပြပါဆောက်လုပ်မှုများအတွက် မြန်မာနိုင်ငံသား ကုမ္ပဏီ/လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ကွန်ဟိန်းမြို့နယ်ဝန်ထမ်းအိမ်ရာ (၁)လုံး
(၉၆×၃၆)ပေ (၄)ခန်းတွဲ RC နှစ်ထပ်
(ခ) တာချီလိတ်မြို့နယ်ဝန်ထမ်းအိမ်ရာ (၁)လုံး
(၆၀×၄၀)ပေ နှစ်ထပ်

၂။ (က) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၉-၁၀-၂၀၁၈
(ခ) **တင်ဒါရောင်းချမှုပိတ်သိမ်းရက်** - ၁၁-၁၁-၂၀၁၈
(ဂ) **တင်ဒါ(နောက်ဆုံး)တင်သွင်းရမည့်ရက်** - ၁၁-၁၁-၂၀၁၈ ၁၆း၃၀နာရီ

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် အသေးစိတ်သိရှိလိုပါကရှမ်းပြည်နယ်၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ ဖုန်း-၀၈၁-၂၁၂၅၅၈၉၊ ၀၈၁-၂၁၂၁၀၁၁ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ကယားပြည်နယ်အစိုးရအဖွဲ့**
**စည်ပင်သာယာရေးနှင့်လူမှုရေးဝန်ကြီးဌာန**
**ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကယားပြည်နယ်အစိုးရအဖွဲ့၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန၊ ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များမှ ၂၀၁၈ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၃၀ ရက်အထိ ၁၂ လာတတ်ဂျက်အတွက် ကယားပြည်နယ်အစိုးရအဖွဲ့ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ကတ္တရာ(၃၀)တန် ဝယ်ယူခြင်းနှင့်တည်ဆောက်ရေးလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါ ခေါ်ယူဆောင်ရွက်လိုပါသဖြင့် စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသား လုပ်ငန်းရှင်/ကုမ္ပဏီများအား တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၂၉-၁၀-၂၀၁၈ ရက်
(ခ) **တင်ဒါလျှောက်လွှာ ပိတ်သိမ်းမည့်ရက်** - ၂၈-၁၁-၂၀၁၈ ရက် ၁၆း၀၀ နာရီ
(ဂ) **တင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာ** - ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဖုန်း-၀၈၃-၂၂၂၂၀၂၆၊ ၀၈၃-၂၂၂၁၆၈၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါရောင်းချရေးကော်မတီ**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန**
**တိုင်းဒေသကြီးဦးစီးမှူးရုံး တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးရုံးတွင် ၂၀၁၈-၂၀၁၉ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါ ဆောက်လုပ်ရေးလုပ်ငန်းဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်-

ရုံးအဆောက်အအုံ(အလျား ပေ ၁၂၀×အနံ ၃၆ပေ×အမြင့် ၂၂ပေ)သွပ်မိုး၊ RC နှစ်ထပ် (ရေ၊ မီး၊ မိလ္လာ)အပါအဝင် အဆောက်အအုံတစ်ဆောင်အသစ်ဆောက်လုပ်ခြင်း။

၂။ အိတ်ဖွင့်တင်ဒါပုံစံအား ၁-၁၁-၂၀၁၈ရက် ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ၃၀-၁၁-၂၀၁၈ရက် ၁၆း၀၀နာရီ နောက်ဆုံးထားတင်သွင်းရမည်ဖြစ်ပါသည်။

၃။ တင်ဒါစည်းကမ်းနှင့် အသေးစိတ်အချက်အလက်များကို တင်ဒါတင်သွင်းရမည့် တနင်္သာရီတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ထားဝယ်မြို့၊ ဖုန်း-၀၅၉- ၂၀၂၁၁၂၀၊ ၀၅၉-၂၀၂၁၀၆၅ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မှတ်ချက်။** ။ တင်ဒါဖွင့်လှစ်မည့်ရက်အား ဆက်သွယ်စုံစမ်းဆောင်ရွက်ရန်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန**
**တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ကြည်စုရပ်ကွက်၊ အလင်းရောင်(၄)လမ်းနေ ဒေါ်ဖြူဝင်းမွန် ၅/ရဘန(နိုင်)၂၀၆၀၅၅ ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် Facebook account(online)ပေါ်တွင် Myat Zarni May May account ဖြင့် လေလံစုမဲများရောင်းခြင်းဝယ်ခြင်းကို လုပ်ကိုင်ခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူထံမှ စုကြေးငွေများကို ကြိုတင်ထုတ်ယူကာ လိမ်လည်ရယူသွားသူများမှ ပြန်လည်ပေးဆပ်ခြင်းမရှိသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ငွေကြေးအခက်အခဲများ ဖြစ်နေရပါသည်။

ထို့ကြောင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ငွေပေးရန်ရှိသူများကို ၃၀-၁-၂၀၁၉ ရက်မှစတင်၍ ဖြေရှင်းသွားမည်ဖြစ်ကြောင်းနှင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှလည်း ငွေရရန်ရှိသူများထံမှ တောင်းခံနေစဉ်အတွင်း ကျွန်ုပ်မိတ်ဆွေဖြစ်သူထံမှ ငွေရရန်ရှိသူများက ခေတ္တအချိန်ပေးစောင့်ဆိုင်းပေးခြင်းမရှိဘဲ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ၏ နေအိမ်အတွင်းသို့ ခွင့်ပြုချက်မရဘဲ ဝင်ရောက်ခြင်း၊ အတင်းအကျပ်စာချုပ်ချုပ်ဆိုခိုင်းခြင်း၊ ခြိမ်းခြောက်ခြင်း၊ မလျော်ညီဇာသုံးခြင်း၊ ဂုဏ်သိက္ခာကျဆင်းစေရန်ရည်ရွယ်၍ Online စာမျက်နှာပေါ်၌ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ၏မိသားစုဓာတ်ပုံနှင့်တကွ Post တင်ခြင်း၊ စိတ်အနှောင့်အယှက်ဖြစ်စေရန် ပြုလုပ်ဆောင်ရွက်ခြင်း၊ ပုတ်ခတ်စော်ကားခြင်းများပြုလုပ်လာပါက တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

သို့ဖြစ်ပါ၍ ဖော်ပြထားသည့်အတိုင်း ကျွန်ုပ်၏မိတ်ဆွေမှ ပေးဆပ်ရန်အတွက် ကတိပြုရက်သတ်မှတ်ပြီးဖြစ်ပါသောကြောင့် ကျွန်ုပ်၏မိတ်ဆွေနှင့် တွေ့ဆုံညှိနှိုင်းလိုပါက ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ၊ မိမိတို့၏ စာရင်း/ဇယားများနှင့်တကွ ဆက်သွယ်နိုင်ပါကြောင်း၊ အကယ်၍ ကျွန်ုပ်၏မိတ်ဆွေအပေါ် ဥပဒေမဲ့လုပ်ဆောင်ခဲ့ပါက ဥပဒေအရအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်မံအသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်-**
**ဒေါ်ဖြူဝင်းမွန်**
**၅/ရဘန(နိုင်)၂၀၆၀၅၅**
**ကြည်စုရပ်ကွက်၊**
**အလင်းရောင်(၄)လမ်း၊**
**ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိအိဆွေ**
**LL.B,D.B.L,D.I.L,DTSM**
**(တရားလွှတ်တော်ရှေ့နေ)(စဉ်-၁၀၀၄၁)**
**မိုးကြိုးပစ်ကွက်သစ်၊တောင်ဂေါ်ရခါး**
**ရပ်ကွက်၊ ရပ်ကွက်ကြီး(၂၁)၊ ပြင်ဦးလွင်မြို့၊**
**ဖုန်း-၀၉-၇၆၇၃၂၀၉၁၂**

**နှိုးဆော်လွှာ**

## အာစရိယကျေးဇူးဂုဏ်ကိုအာရုံပြု၍....

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ အောင်ချမ်းသာရပ်ကွက်၊ သဲအင်းဂူ တရားပြကျောင်းတိုက်၊ ပဌမတိုက်တည်ဆရာတော်ကြီး ဘဒ္ဒန္တကုဏ္ဍဝံသ (အင်းဆရာတော်ကြီး)၏ ခန္ဓာဝန်ချပ်ငြိမ်းခြင်း(၂)နှစ်ပြည့်အထိမ်းအမှတ်အဖြစ် (၇)ရက် အဓိဋ္ဌာန်တရားစခန်းပြုလုပ်ရာဝယ် ဘဒ္ဒန္တရေဝတမှဦးစီး၍ မူလပထမ သဲအင်းဂူဆရာတော်ကြီး ဦးဥက္ကဋ္ဌ၏ နည်းနာနိဿယအတိုင်း ခန္ဓာကိုယ်တွေ့တရားများကို တန်ဆောင်မုန်းလဆန်း (၁) ရက်မှ တန်ဆောင်မုန်းလဆန်း ၉ရက် (၈-၁၁-၂၀၁၈မှ၁၆-၁၁-၂၀၁၈)အထိ ဟောပြောပြသမည်ဖြစ်ပါသောကြောင့် ယောဂီအပေါင်းတို့အား အသိပေးကြေညာအပ်ပါသည်။

**အကျိုးဆောင်အဖွဲ့**
**သဲအင်းဂူတရားပြကျောင်းတိုက်**
**အောင်ချမ်းသာရပ်ကွက်၊ မုံရွာမြို့၊ ဖုန်း-၀၉-၂၅၉၆၆၂၅၆၁**

## ရှစ်မိုင်-မစိုးရိမ်ရွှေကျင်တိုက်သစ် မဟာကထိန်လျာသင်္ကန်းကပ်လှူပွဲကျင်းပမည်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ရှစ်မိုင်-မစိုးရိမ်ရွှေကျင်တိုက်သစ်၌ ပုရိမဝါမှ ထတော်မူကြကုန်သော ပဓာနနာယကဆရာတော် ဘဒ္ဒန္တ အမတောဘာသ အမှူးရှိသည့် စာချစာသင်သံဃာတော်(၁၆၃)ပါးနှင့် ပင့်သံဃာတော်အရှင်သူမြတ်တို့အား ကထိန်ဒါယကာ၊ ဒါယိကာမများဖြစ်ကြသော နှစ်ဖက်မိဘများအားရည်စူး၍ ဦးထွန်းဝင်း-ဒေါ်ခင်နွယ်တင်၊ သား-ဦးသတိုးဟိန်း-ဒေါ်စိုးမာလာ၊ မြေး-မောင်ပြည့်စုံ၊ မောင်အောင်စည်၊ မောင်မိုးမြင့်(မြန်မာ့ညြဘာမိသားစု)တို့က ၁၃၈၀ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ရက်၊ ၄-၁၁-၂၀၁၈ရက် (တနင်္ဂနွေနေ့) တွင် မဟာကထိန်လျာသင်္ကန်းကပ်လှူပွဲ ကျင်းပမည်ဖြစ်ပါ၍ ကျောင်းဒါယကာ ဒါယိကာမတို့အား ကြွရောက်နိုင်ကြပါရန် ဖိတ်ကြားထားပါကြောင်း။

## ဟင်္သာတအသင်း ရွှေကျောင်းကထိန်အလှူပွဲဆင်နွှဲကြမည်

ဟင်္သာတအသင်း၏ (၁၉) ကြိမ်မြောက် စုပေါင်းဘုံကထိန်သင်္ကန်းကပ်လှူပူဇော်ပွဲကို ၁၁-၁၁-၂၀၁၈ရက်၊ ၁၃၈၀ ပြည့်နှစ် တန်ဆောင်မုန်းလဆန်း ၄ ရက် (တနင်္ဂနွေနေ့)တွင် ဟင်္သာတမြို့ ဥယျာဉ်ရပ်ရှိ ရွှေကျောင်းတိုက်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါသည်။ ၁၀-၁၁-၂၀၁၈ရက် (စနေနေ့) နံနက် ၀၆း၀၀ နာရီတွင် ရန်ကုန်မြို့အသင်းတိုက်မှ မော်တော်ယာဉ်များ ထွက်ခွာမည်ဖြစ်ပြီး ၁၁-၁၁-၂၀၁၈ရက် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိမည်ဖြစ်ပါသည်။

လိုက်ပါလိုသူနှင့် ကုသိုလ်ပါဝင်လှူဒါန်းလိုသူ အသင်းဝင်များနှင့် ဟင်္သာတနွယ်ဖွားများသည် အသင်းတိုက် ဖုန်း-၀၁-၈၃၉၈၇၁၆သို့ ၅-၁၁-၂၀၁၈ ရက် နောက်ဆုံးထားဆက်သွယ်ပေးသွင်းပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**အမှုဆောင်အဖွဲ့**
**ဟင်္သာတအသင်း(ရန်ကုန်)**

## ကျောင်းအလှူဒါန ပါဝင်လှူဒါန်းနိုင်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက်၊ ဓမ္မာရုံကျောင်းပရိယတ္တိစာသင်တိုက်၌ စာချ/စာသင်သံဃာတော် အရှင်သူမြတ်များ သီတင်းသုံးရန်အတွက် ပေ(၇၀ × ၆၇) အကျယ်အဝန်းရှိ ကျောင်းဆောင်သစ် ဆောက်လုပ်နေပြီဖြစ်ပါ၍ ကျောင်းအလှူ ဒါနပါဝင်လှူဒါန်းနိုင်ကြပါရန် နိဗ္ဗာန်ကို အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

| | | |
|---|---|---|
| ၁။ | ပြတင်းတံခါးတစ်ပေါက် | ၁ သိန်း |
| ၂။ | ၁၀ ပေပတ်လည် တစ်ကျင်းကြွေပြား | ၁ သိန်း |
| ၃။ | အခန်းတံခါး | ၂ သိန်း |
| ၄။ | ရေချိုးခန်း | ၃ သိန်း |
| ၅။ | ကုဋီတစ်ခန်း | ၅ သိန်း |
| ၆။ | သံကူကွန်ကရစ်လှေကားတစ်စုံ | ၉ သိန်း |
| ၇။ | သံဃာနှစ်ပါးနေတစ်ခန်း | ၁၀ သိန်း |
| ၈။ | ရေတိုင်ကီတစ်လုံး | ၁၂ သိန်း |
| ၉။ | သံဃာလေးပါးနေတစ်ခန်း | ၂၀ သိန်း |
| ၁၀။ | ဓာတ်လှေခါး | ၂၅၀ သိန်း |
| ၁၁။ | ဘုရားခန်း | ၅၀ သိန်း |
| ၁၂။ | စာသင်ခန်းမဆောင် | ၁၀၀ သိန်း |
| ၁၃။ | ဆွမ်းစားမဆောင် | ၃၅၀ သိန်း |
| ၁၄။ | ကျောင်းဆောင်တစ်ထပ် | ၁၀၀၀ သိန်း |
| ၁၅။ | ကွန်ကရစ်တိုင်တစ်လုံး | ၃ သိန်း |
| ၁၆။ | စာချဆရာတော်များနေတစ်ခန်း | ၂၅ သိန်း |
| ၁၇။ | စာကြည့်တိုက် (စာကြည့်ခန်း) | ၁၀၀ သိန်း |
| ၁၈။ | သံဃာတစ်ပါးနေရန်တစ်နေရာ | ၅ သိန်း |
| ၁၉။ | အလူမီနီယံတံခါးများတစ်ထပ်လျှင် | ၂၂ သိန်း |

အလှူရှင်များ ကမ္ပည်းထိုးပေးပါမည်။
ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကော်မတီ
ဓမ္မာရုံကျောင်းပရိယတ္တိစာသင်တိုက်
ဖုန်း - ၀၁-၇၀၈၈၇၄၊ ၀၉-၈၆၃၀၅၁၆၊ ၀၉- ၂၆၃၆၂၉၃၂၆
ဦးတေဇိန္ဒ-ကမ္ဘောဇဘဏ်၊ ဗဟိုရုံစည်လမ်းမတော်
(Account No.061-301-06100921001)
မိုးမဘဏ်၊ ဘုန်းကြီးလမ်း၊ လမ်းမတော်
(Account No. 021-31-501798-9) ဘဏ်စာရင်းသို့နှီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6E/2520 Nissan Vonette SK 82TN/ ပစ်ကပ် (4x2) R ယာဉ်လက်ဝယ်ရှိသူ ဦးသန်းနိုင်ထွန်း ၁၀/မလမ(နိုင်)၂၃၆၀၇၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

**ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ရုံး**
**ရန်ကုန်မြို့**

## အင်္ဂလိပ်ဘာသာ၊ ထိုင်းဘာသာ၊ တရုတ်ဘာသာကျွမ်းကျင်သူများ အလိုရှိသည်

၁။ လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီးသို့ လာရောက်ကြသော ကမ္ဘာ့နိုင်ငံအသီးသီးမှ ဧည့်သည်တော်များအား ကြိုဆိုရှင်းလင်းပြောကြားနိုင်ရန်အတွက် အောက်ပါအချက်နှင့်ကိုက်ညီသူများအား ခန့်အပ်တာဝန်ပေးလိုပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဗုဒ္ဓဘာသာဝင်ဖြစ်ရမည်။
(ခ) အသက်(၅၀)အောက်ဖြစ်ရမည်။
(ဂ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(ဃ) အင်္ဂလိပ်ဘာသာ၊ထိုင်းဘာသာ၊ တရုတ်ဘာသာကျွမ်းကျင်မှုဆိုင်ရာ ဒီပလိုမာ သို့မဟုတ် အသိအမှတ်ပြုလက်မှတ်ရရှိထားသူဖြစ်ရမည်။
(င) ကျန်းမာရေးကောင်းမွန်သူ၊ လူမှုဆက်ဆံရေးကောင်းမွန်သူ၊ ဥပဓိရုပ်ကောင်းမွန်သူဖြစ်ရမည်။
(စ) သန့်ရှင်းသပ်ရပ်စွာ ဝတ်စားဆင်ယင်နိုင်သူဖြစ်ရမည်။

၂။ လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဘွဲ့လက်မှတ်မိတ္တူ၊ သက်ဆိုင်ရာရဲစခန်းနှင့်ရပ်ကွက်ထောက်ခံစာ၊ ဒေသန္တရကျန်းမာရေးထောက်ခံချက်၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အထောက်အထားစာရွက်စာတမ်းများ၊ မျှော်မှန်းလစာတို့နှင့်အတူ ၂၃-၁၁-၂၀၁၈ရက် နောက်ဆုံးထား၍ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ရုံး ရုံးအဖွဲ့မှူးခန်းသို့ ရုံးချိန်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

**ဖုန်း-၀၁-၃၇၁၀၈၉၊ ၀၁-၃၇၅၇၆၇ တို့သို့ ရုံးချိန်အတွင်းစုံစမ်းနိုင်ပါသည်။**

**ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့**

**မွန်ပြည်နယ်ဥပဒေချုပ်ရုံး၊ မော်လမြိုင်မြို့**

## တည်ဆောက်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွန်ပြည်နယ်ဥပဒေချုပ်ရုံး၏ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်၌ ပြည်နယ်ရန်ပုံငွေဖြင့် အောက်ပါတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များမှ သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) မွန်ပြည်နယ်ဥပဒေချုပ်ရုံး၊ (၂)ထပ်ရုံးသစ်၊ RCC တစ်လုံး
(ခ) မွန်ပြည်နယ်ဥပဒေချုပ်ရုံး၊ ဝန်ထမ်းအိမ်ရာ လေးခန်းတွဲ၊ လေးထပ်၊ RCC တစ်လုံး

၂။ **တင်ဒါလျှောက်လွှာရောင်းချရမည့်ရက်** - ၂-၁၁-၂၀၁၈ရက်
**တင်ဒါလျှောက်လွှာနောက်ဆုံးတင်သွင်းရမည့်ရက်** - ၁၇-၁၁-၂၀၁၈ရက်
(နံနက် ၁၀း၀၀နာရီမှ ညနေ ၄း၀၀နာရီအထိ ရုံးချိန်အတွင်း)
**တင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာ** - မွန်ပြည်နယ်ဥပဒေချုပ်ရုံး၊ ပြည်နယ်ဆေးရုံကြီးအနီး၊ ပန်းဘဲတန်းရပ်၊ မော်လမြိုင်မြို့။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်-

**ရုံးအဖွဲ့မှူး** ဖုန်း-၀၉-၄၅၀၉၉၂၆၀၈
**ရုံးခန်း** ဖုန်း-၀၅၇-၂၆၆၆၈
**ရုံးအုပ်** ဖုန်း-၀၉-၄၂၅၂၆၆၁၈၉

**တင်ဒါကော်မတီ**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 4H/9085 ယာဉ်လက်ဝယ်ရှိသူ ဦးတင်ဦး ၇/ပခန(နိုင်)၁၀၆၆၇၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းရုံး (ပဲခူး)**

## အများသိစေရန်ကြော်ငြာခြင်း

ဘူးသီးတောင်မြို့၊ အမှတ် (၇) မီးရထားဆိပ်ရပ်ကွက်နေ ကျွန်ုပ်အမှုသည် ဦးအာမိရ်ဆုလ်တန် (ဘ)အဒူဆလင်သည် ဦးပိုင်အမှတ် (၁၂၆)မြို့မြေအရ မြေချိန် ၀ဒသမ၀၄၅ဧကကို အမည်ပေါက်ပိုင်ဆိုင်ပါသည်။

လွန်ခဲ့သည့် (၁၀)နှစ်ခန့်က အဆိုပါမြေပေါ်တွင် အလုပ်သမားများနေထိုင်ရန်အတွက် ယာယီအဆောက်အအုံတစ်လုံးကိုဆောက်လုပ်၍ နေထိုင်ခွင့်ပေးခဲ့ပါသည်။ ယခုအခါ အဆိုပါအဆောက်အအုံမှာ ပျက်စီးလျက်ရှိပြီး အလုပ်သမားများမှာလည်း နေထိုင်ခြင်းမရှိတော့ဘဲ ရှိနေပါသည်။ ကျွန်ုပ်အမှုသည်တို့အနေဖြင့် အဆိုပါ အဆောက်အအုံပျက်ကို ဖြိုဖျက်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပိုင်ရေးပိုင်ခွင့်ရှိသူများအနေဖြင့် လုံလောက်သည့်အထောက်အထားများကို ကျွန်ုပ်ထံပြသ၍ ကန့်ကွက်နိုင်ပါသည်။ ၁၅ရက်ကျော်လွန်ပါက ဖြိုဖျက်ခြင်းလုပ်ငန်းကို ကျွန်ုပ်အမှုသည်တို့မှ လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသိန်းနိုင် (LL.B) တရားလွှတ်တော်ရှေ့နေ(၅၉၁၅/၃၀-၄-၉၂)**
**အမှတ်(၅)ရပ်ကွက်၊ ဘူးသီးတောင်မြို့၊ ဖုန်း-၀၉-၂၅၂၄၉၂၇၈**

# အုပ်စုဖွဲ့ပြစ်မှုကျူးလွန်မှုများကြောင့် နိုင်ငံဖြတ်ကျော်မှုခင်းကွန်ရက်များ ပိုမိုဖြစ်ပေါ်လာ

# အစိုးရများသည် နစ်နာသူများကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်မှုပေးနိုင်ရန် အရေးတကြီးလိုအပ်





ဒုတိယသမ္မတ ဦးမြင့်ဆွေ (၁၂)ကြိမ်မြောက် အာဆီယံဝန်ကြီးအဆင့် နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ အစည်းအဝေးဖွင့်ပွဲတွင် မိန့်ခွန်းပြောကြားစဉ်။

**နေပြည်တော် အောက်တိုဘာ ၃၁**

(၁၂)ကြိမ်မြောက် အာဆီယံဝန်ကြီးအဆင့် နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ အစည်းအဝေး (12th Asean Ministerial Meeting on Transnational Crime and Its Related Meetings - 12th AMMTC) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန - ၂ ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်မိန့်ခွန်းပြောကြားသည်။ ***စာမျက်နှာ ၅ ကော်လံ ၁*** ❖

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ပြင်ဦးလွင်မြို့နယ်အတွင်း ပြန်လည်စွန့်လွှတ်သည့်မြေများအား မူလတောင်သူများထံ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၃)ပေးအပ်သည့် အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

**ပြင်ဦးလွင် အောက်တိုဘာ ၃၁**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်အတွင်း ပြည်ထဲရေးဝန်ကြီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့က ပြန်လည်စွန့်လွှတ်သည့် စိုက်ပျိုးမြေများအား မူလပိုင်ရှင်တောင်သူများထံ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၃) ပေးအပ်သည့် အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ပြင်ဦးလွင်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကား ပြောကြားသည်။ ***စာမျက်နှာ ၇ ကော်လံ ၁*** ❍

